# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 15 August 2017 (၉၀၁၇)


# မတူကွဲပြားတဲ့ ယဉ်ကျေးမှုနဲ့ နိုင်ငံရေးစနစ်တွေရှိတဲ့ အာဆီယံဟာ မတည်ငြိမ်မှု၊ မသေချာမရေရာမှုတွေကိုလည်း စုစည်းညီညွတ်စွာ ရပ်တည်မှုနဲ့ အပြုသဘောဆောင်မှုတို့ကိုအခြေခံပြီး အောင်မြင်စွာကျော်လွှားနိုင်မယ်လို့ ယုံကြည်

နေပြည်တော် ဩဂုတ် ၁၄

**အာဆီယံ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။**




**အာဆီယံတည်ထောင်ခြင်း နှစ် (၅၀)ပြည့်အထိမ်းအမှတ် ဓာတ်ပုံပြခန်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှည့်လည်ကြည့်ရှုစဉ်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာမြင့်ထွေးနှင့် ဦးကျော်ဝင်း၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံနှစ် (၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို အာဆီယံသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀


**အာဆီယံ အောင်မြင်မှုရဲ့ သော့ချက်**

**အားလုံးသဘောတူညီမှု ရရှိလာအောင်၊ ပူးပေါင်းဆောင်ရွက်မှုတွေ ဖြစ်ပေါ်လာအောင် အထပ်ထပ် အခါခါ တိုင်ပင်ဆွေးနွေးညှိနှိုင်းခြင်းပဲဖြစ်။**

---

**တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများ ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးပါရန် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး**


စာမျက်နှာ - ၅


**ချင်းပြည်နယ်တွင် သစ်တောပြုန်းတီးစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေးအတွက် လုပ်ငန်းအစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိ**


စာမျက်နှာ - ၅


**ကောင်းမွန်ပြည့်စုံသည့် ဥပဒေပြုရေးဖြစ်စဉ်မှသည် ခေတ်မီတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေး လမ်းကြောင်းဆီသို့**


စာမျက်နှာ - ၆



KBZ BANK
STRENGTH OF MYANMAR
သန္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်

မြန်မာနိုင်ငံအား အခြားနိုင်ငံများ အထူးသဖြင့် အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်အသိပေးသည်မှာ တည်ငြိမ်အေးချမ်းသဖြင့် ဖွံ့ဖြိုးတိုးတက်နေခြင်းကို ဆိုလိုရင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေမြေသဘာဝအနေအထားများနှင့် သဘောသဘာဝဆင်တူသော အဆိုပါနိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များအား လက်တွေ့ခံစားနေရသည်ကို မြင်တွေ့နိုင်မည်ဖြစ်သည်။ အဓိကအားဖြင့် တည်ငြိမ်အေးချမ်းခြင်း၏ အကျိုးရလဒ်အဖြစ် ခရီးသွားလုပ်ငန်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများတွင် မြန်မာနိုင်ငံထက် သာလွန်ကောင်းမွန်နေသည်ကို မြင်တွေ့နိုင်သည်။

ဒေသဖွံ့ဖြိုးတိုးတက်မှုတွင် တည်ငြိမ်အေးချမ်းမှုသည် ဦးစွာလိုအပ်ပြီး တည်ငြိမ်အေးချမ်းမှုရှိသောအခါ ရင်းနှီးမြှုပ်နှံမှုများလည်း ကျွဲကူးရေပါဆိုသလို အတူတကွလိုက်ပါစီးလာသည်။ ယခင်ကာလများက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကန့်သတ်မှုများအရ ဒေသများ မည်သည့်အခြေအနေတွင်ရှိသည်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အလွယ်တကူပြုလုပ်နိုင်သည့် အခြေအနေမရှိခဲ့ချေ။ မျက်မှောက်ကာလတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဖြေလျှော့ပေးမှုများ များစွာပြုလုပ်ပေးလျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုလွယ်ကူအောင် စီစဉ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို လုပ်ကိုင်ဆောင်ရွက်နေသဖြင့် မြန်မာနိုင်ငံ၏ အခြေအနေကို အမေရိကန်လုပ်ငန်းရှင်များ စောင့်ကြည့်လျက်ရှိသည်ဟု သိရသည်။ အလားတူ အခြားရင်းနှီးမြှုပ်နှံလိုသော ဖွံ့ဖြိုးပြီးနိုင်ငံများမှ လုပ်ငန်းရှင်များကလည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးကို လေ့လာစောင့်ကြည့်နေသည်မှာ အထူးပြောဖွယ်ရာမရှိချေ။ ထိုထိုသော ရင်းနှီးမြှုပ်နှံမှုများအား ရရှိနိုင်ရန်အတွက် အဓိကကျသည့် တည်ငြိမ်အေးချမ်းမှု ကောင်းမွန်ရေးမှာ လက်ရှိတွင် လိုအပ်နေသည်မဟုတ်ပါလော။

တည်ငြိမ်အေးချမ်းမှုဆိုရာ၌ မငြိမ်းချမ်းသဖြင့် တိုက်ပွဲများ ဖြစ်ပွားနေသည်တို့သာ ဆိုလိုခြင်းမဟုတ်ဘဲ ဒေသတွင်း၌ ဥပဒေမဲ့ ကျူးလွန်မှု၊ အကြမ်းဖက်မှု၊ ဒုစရိုက်ထူပြောမှု၊ ဒေသခံပြည်သူများ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ စည်းကမ်းဥပဒေတို့ကိုလိုက်နာမှုစသည့် လူမှုပတ်ဝန်းကျင်ကို အကျည်းတန်အရုပ်ဆိုးစေနိုင်သော ထိခိုက်နစ်နာမှုများ အားလုံးပါဝင်သည်။ ယခုအခါ ဒေသတည်ငြိမ်အေးချမ်းလုံခြုံမှုရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက အလေးထားဆောင်ရွက်နေပြီဖြစ်ရာ ဒေသခံပြည်သူများက သက်ဆိုင်ရာနှင့် လက်တွဲအသိပေး ပူးပေါင်းကူညီဆောင်ရွက်ခြင်းဖြင့် မိမိတို့ဒေသ တည်ငြိမ်အေးချမ်းသာယာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ရေမြေသဘာဝကောင်းမွန်ပြီး ဗီယက်နမ်နိုင်ငံနှင့်ဆင်တူသော အခြေခံကောင်းများတည်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် နိုင်ငံတည်ငြိမ်အေးချမ်းသောကြောင့် ခရီးသွားလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ အထူးတိုးတက်ကောင်းမွန်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြာပုံကျခဲ့ရသော ပြည်တွင်းစစ်အတွင်းမှ နိုးထလာသည့် ဗီယက်နမ်နိုင်ငံသည် နိုင်ငံကိုတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်အောင် အစိုးရနှင့် ပြည်သူအားလုံးက လက်တွဲဆောင်ရွက်နိုင်သဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဆင့်ပင်ရောက်ရှိနေပြီ။ ရခိုင်ပြည်နယ်သည်လည်း သဘာဝအခြေခံကောင်းများစွာရှိသည့်ဒေသဖြစ်၍ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိပါက ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများ တစ်စတစ်စ ဖြစ်ထွန်းလာကာ ဗီယက်နမ်နိုင်ငံကဲ့သို့ တိုးတက်လာနိုင်ပေသည်။

လက်ရှိတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို အခက်အခဲများစွာဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ သမိုင်းကြောင်းနောက်ခံအကြောင်းတရားများကြောင့် သိမ်မွေ့ညင်သာစွာဖြေရှင်းနေရသလို မဖြစ်မနေရှင်းလင်းဆောင်ရွက်ပေးရမည်တို့လည်းရှိသည်။ မည်သို့ပင်ဖြစ်စေ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးက လိုလားဖြည့်ဆည်း ဖြစ်ထွန်းလာလိုသည်မှာ အမှန်ဖြစ်သည်။ သို့ဖြစ်ရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားလုံးစိတ်ရှည်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

# တိုင်းရင်းဆေးတက္ကသိုလ်မှ အရည်အချင်းပြည့်ဝသောဘွဲ့ရများ မွေးထုတ်ပေးပြီး ပြည်သူများ၏ကျန်းမာရေးကို ဝန်ဆောင်မှုပေးရန်လိုအပ်

**နေပြည်တော် ဩဂုတ် ၁၄**

တိုင်းရင်းဆေးတက္ကသိုလ်မှ အရည်အချင်းပြည့်ဝသော ဘွဲ့ရများကို မွေးထုတ်ပေးပြီး ပြည်သူများ၏ ကျန်းမာရေးကို ဝန်ဆောင်မှုပေးရန် လိုအပ်ကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ဆေးသုတေသနဦးစီးဌာန၊ ပရဆေးဥယျာဉ်၊ တိုင်းရင်းဆေးရုံများနှင့် ကွန်ရက်များချိတ်ဆက်ပြီး တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာများအသင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအသင်းနှင့်သာမက ပြည်သူလူထု၏ အမြင်နှင့် အကြံဉာဏ်များကို ပါရယူပြီး အားလုံးပူးပေါင်းဆောင်ရွက်မှသာ တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သလို သုတေသနလုပ်မှသာ တိုင်းရင်းဆေးကဏ္ဍ တိုးတက်လာမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၌ ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက ကျင်းပသော တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားခဲ့သည်။

ဖွဲ့စည်းထားရှိသော သုတေသနကော်မတီများကို ပြန်လည်သုံးသပ်ပြီး အသစ်ပြင်ဆင်ဖွဲ့စည်းရန်နှင့် စွမ်းရည်မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ သုတေသနကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြန်လည်သုံးသပ်၍ ပြင်ဆင်သင့်သည်တို့ကို ပြင်ဆင်စေလိုကြောင်း၊ တိုင်းရင်းဆေးသုတေသနစာတမ်းများကို နှစ်စဉ်ကျင်းပသော ဆေးသုတေသနဦးစီးဌာန၏ မြန်မာ့ဆေးသုတေသနညီလာခံတွင် တင်သွင်းဖတ်ကြားစေလိုကြောင်း၊ နေ့လယ်စာစားချိန်ဆွေးနွေးပွဲ (lunch time talk) များကို အနည်းဆုံးခြောက်လစာ အချိန်ဇယားဆွဲ၍ ဆောင်ရွက်စေလိုကြောင်း၊ ဆေးလက်တွေ့ကုသမှု စမ်းသပ်ခြင်းဆိုင်ရာသင်ခန်းစာများကို ထည့်သွင်းသင်ကြားစေလိုကြောင်း၊ စာရင်းအင်းပညာအခြေခံများကို ပထမနှစ်မှ စတင်၍ နှစ်စဉ်ထည့်သွင်း သင်ကြားစေလိုကြောင်း၊ တက္ကသိုလ်၏ သတင်းလွှာကို ပုံမှန်ထုတ်ဝေစေလိုကြောင်း၊ အုပ်စုလိုက် ကွင်းဆင်းလေ့လာ တွေ့ရှိချက်များကို အစီရင်ခံတင်ပြဆွေးနွေးပွဲများပြုလုပ်စေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆက်လက်ပြောကြားခဲ့သည်။



ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်က တိုင်းရင်းဆေးတက္ကသိုလ် သင်ကြားရေးကိစ္စရပ်များ၏ လက်ရှိအခြေအနေနှင့် တိုးတက်အောင် ဆောင်ရွက်မည့် ကိစ္စရပ်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ဆေးဝါး၊ ဥယျာဉ်)က တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်း၊ စက်ရုံလုပ်ငန်းများနှင့် ပရဆေးဥယျာဉ်များကို တိုးတက်အောင် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(ကုသရေး)က ကုသရေးဆိုင်ရာကိစ္စရပ်များ၏ လက်ရှိအခြေအနေနှင့် တိုးတက်အောင် ဆောင်ရွက်မည့် ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် သုံးသပ်၍ ဆွေးနွေးမှာကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)သို့ သွားရောက်၍ မြတ်ပညာအဆောင်သစ်ရှိ အကြောအဆစ်ကုထုံးဆိုင်ရာ လေ့ကျင့်ခန်းပစ္စည်းများနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုခဲ့ပြီး အစည်းအဝေးခန်းမ၌ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ်ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)သို့ ရောက်ရှိပြီး မြခန်းမ၌ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ ဆရာဆရာမများနှင့် တွေ့ဆုံဆွေးနွေးသည်။

ညနေပိုင်းတွင် အမရပူရမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိပြီး အသစ်ဆောက်လုပ် ပြီးစီးသွားသော အမျိုးသမီးသုံးထပ်ဆောင်သစ် ဆောင်းသဇင်အဆောင်နှင့် ဆေးဝါးတက္ကသိုလ် ပရဆေးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်က ဆေးပညာသင်ကြားရေးနှင့် လေ့ကျင့်ရေး အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက တက္ကသိုလ်တွင် လိုအပ်လျက်ရှိသော ဘုံသုတေသနဓာတ်ခွဲခန်း (common research laboratory)အတွက် အထောက်အကူပြု စက်ပစ္စည်းကိရိယာများ၊ တက္ကသိုလ် ကြို/ပို့ယာဉ်လိုအပ်ချက်နှင့် e-library အကောင်အထည်ဖော်ရေးတို့နှင့်ပတ်သက်၍ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၄**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၁၄၀၀၀ | - | ၉၁၄၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၁၄၀၀၀ | - | ၉၁၄၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၀/၇၁၅ ကျပ်၊ | ၇၇၀/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၅/၆၇၅ ကျပ်၊ | ၇၀၀/၇၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၁၅/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၀၅/၆၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၀. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၄. ၁၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၉၈၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၄၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၃၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၅. ၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၈၄ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၇. ၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## အားမာန်သစ်စာကြည့်တိုက်တွင် ပညာရည်ချွန်ဂုဏ်ပြုချီးမြှင့်

**တပ်ကုန်း ဩဂုတ် ၁၄**

နေပြည်တော် တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်(ရွာသစ်) အားမာန်သစ်စာကြည့်တိုက်ကော်မတီအဖွဲ့က ဦးစီးကျင်းပသည့် ပညာရည်ချွန်ဂုဏ်ပြုချီးမြှင့်ပွဲကို ဩဂုတ် ၁၃ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၆ -၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်အောင်မြင်ခဲ့သည့် အနော်ရထာရပ်ကွက်(ရွာသစ်)အတွင်း နေထိုင်လျက်ရှိသော ကျောင်းသား ကျောင်းသူ ၂၈ ဦးနှင့် စာကြည့်တိုက်မှူး ဦးအောင်စိုးမြင့်တို့ကို မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ အောင်သရဖူကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာ ဦးအောင်ဆန်းဦးနှင့် အားမာန်သစ်စာကြည့်တိုက်ကော်မတီဝင်တို့က ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြရာ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ စာကြည့်တိုက်သည် သိဏ်းကုမ္ပဏီမှ မတည်လှူဒါန်းငွေနှင့် အနော်ရထာရပ်ကွက်(ရွာသစ်) ပြည်သူလူထုများ၏ ပံ့ပိုးကူညီမှုဖြင့် စာကြည့်တိုက်အဆောက်အအုံဖြစ်ပေါ်လာခဲ့ပြီး သုတ၊ ရသ၊ ဝတ္ထု၊ မဂ္ဂဇင်း စာအုပ်ပေါင်း ၇၈၀၀ ကျော်နှင့် ယနေ့အထိ ရှင်သန်ဖွံ့ဖြိုးနေဆဲဖြစ်သည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ခြောက်ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ၁၁ ဦး၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၁၂ ဦးနှင့် ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူ ၂၈ ဦးအထိ ဂုဏ်ပြုချီးမြှင့်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**(တင်စိုးလွင်)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာ-နီပေါ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါ သံအမတ်ကြီး H.E. Mr. Bhim K. Udas အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်များ ဖွဲ့စည်းမှု၊ မြန်မာနိုင်ငံ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ မြန်မာ-နီပေါ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Bhim K. Udas အား လက်ခံတွေ့ဆုံစဉ်။**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၄/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၉ ပါပြဋ္ဌာန်းချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးကျော်မင်းထွန်း — အဖွဲ့ဝင်
(၂) ဦးမြင့်သိန်းထွန်း — အဖွဲ့ဝင်
(၃) ဦးစိုးပိုင် — အဖွဲ့ဝင်
(၄) ဒေါ်ရီရီဝင်း — အဖွဲ့ဝင်
(၅) ဒေါ်ခင်မေလှ — အဖွဲ့ဝင်

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်သံအမတ်ကြီးနှင့် အိန္ဒိယသံအမတ်ကြီးတို့အား သီးခြားစီလက်ခံ တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr.Tateshi Higuchi ကို ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr.Vikram Misri **(ဝဲပုံ)** ကို မွန်းလွဲ ၂ နာရီတွင်လည်းကောင်း လွှတ်တော်ရေးရာဆောင်အမှတ် ( I - 1 နှင့် 11)တို့ ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ဂျပန်သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အိန္ဒိယသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားမအထူးအယူခံမှု ငါးမှု စီရင်ချက်ချမှတ်

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမြင့် ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၁၅**

ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝင်းမြင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် အစ္စလာမာဘတ်မြို့၌ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မမ်နွန် ဟူစိန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ဖော်ဆောင်ပေးလျက်ရှိ

**ကျောက်ဆည် ဩဂုတ် ၁၄**

ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူ့ဗဟိုပြုလုပ်ငန်းများအနက် ယခုဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်မည့် ကျေးရွာခြောက်ရွာအား တစ်ရွာလျှင် ရင်းနှီးမတည်ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့သည့်အပြင် ယခင်ဘဏ္ဍာနှစ်များက ထုတ်ချေးပေးခဲ့သော ကျေးရွာ ၂၂ ရွာရှိသည့်အနက်မှ အရင်းပြန်လည်ပေးဆပ်ခဲ့သည့် ကြောင်ပန်းကုန်းကျေးရွာ၊ လယ်ကြီးကျေးရွာ၊ လက်ပန်ကျေးရွာနှင့် အနောက်ရေပြားတောကျေးရွာများကိုလည်း ဒုတိယအကြိမ်အဖြစ် အတိုးအရင်း စုစုပေါင်း ငွေကျပ် ၁၂၇၈၁၀၀၀၀ တိတိကိုလည်း ဩဂုတ် ၁၂ ရက်က ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်းဖော်ဆောင်ရာတွင် စီမံကိန်းကျေးရွာများအနေဖြင့် မိမိတို့ဒေသနှင့်ကိုက်ညီမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ရင်းနှီးရန်အတွက် ကျေးရွာကော်မတီနှင့် ပြည်သူများညှိနှိုင်းမှုဖြင့် ထုတ်ချေးပေးလျက်ရှိပြီး အရင်းမပျောက် မတည်သည့်ထုတ်ချေးငွေများဖြစ်ကြောင်းလည်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



# နယ်လှည့်ဆေးကုသရေးအဖွဲ့ ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာနှင့် ချွတ်ပြင်ကျေးရွာတို့မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**အမ်း ဩဂုတ် ၁၄**

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ လတ်တလော အကြမ်းဖက်မှုများကြောင့် နီးစပ်ရာကျေးရွာများ၌ ပြောင်းရွှေ့နေထိုင်ရာမှ နေရပ်ပြန်လည်ရောက်ရှိလာသော ဒေသခံတိုင်းရင်းသား ပြည်သူများအား ဩဂုတ် ၁၂ ရက်တွင် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာ၌ လည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင် ချွတ်ပြင်ကျေးရွာ၌ လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သွားရောဂါ ၂၀ ဦး၊ ဝမ်းပျက် ဝမ်းလျှောရောဂါ ခြောက်ဦး၊ အထွေထွေအားနည်းရောဂါ ၁၂၂ ဦး၊ နှလုံးအားနည်းရောဂါ ငါးဦး၊ ဗိုက်အောင့်ဗိုက်နာရောဂါ ၉၆ ဦး၊ သွေးတိုးရောဂါ ၆၁ ဦး၊ ဆီးချိုရောဂါ ခုနစ်ဦး စုစုပေါင်း ၃၄၂ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အမေရိကန်၏ ဖိအားပေးမှုများကို တုံ့ပြန်မည့် ဥပဒေကြမ်းကို အီရန်ပါလီမန်အတည်ပြု

**တီဟီရန် ဩဂုတ် ၁၄**

အမေရိကန်၏ အသစ်ထပ်မံပြဋ္ဌာန်းလိုက်သည့် အရေးယူပိတ်ဆို့မှုကို တုံ့ပြန်သည့် အနေဖြင့် အီရန်နိုင်ငံက ဒုံးကျည်သုတေသန အစီအစဉ် အကောင်အထည်ဖော်ရန်နှင့် အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့၏ ပြည်ပစစ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘတ်ဂျက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ခွင့်ပြုမည့် ဥပဒေမူကြမ်းကို တစ်ခဲနက် အတည်ပြုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ယင်းဥပဒေမူကြမ်းအရ အီရန် အစိုးရသည် ဒုံးကျည်သုတေသန အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၆၀ ထပ်ဆောင်းထောက်ပံ့မည်ဖြစ်ပြီး ပြည်ပစစ်ဆင်ရေး လုပ်ငန်းများအတွက် အမေရိကန် ဒေါ်လာ သန်း ၂၆၀ ကို ထပ်ဆောင်းထောက်ပံ့ပေးမည် ဖြစ်သည်။

အီရန်ပါလီမန်ရှိ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေး မူဝါဒကော်မရှင်က ဥပဒေမူကြမ်းကို ရေးဆွဲပေးခဲ့ပြီး တစ်ခဲနက်အတည်ပြုခဲ့သည့် ဥပဒေမူကြမ်းတွင် အမေရိကန် စစ်ဘက်နှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ အပါအဝင် အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများကို အမည်ပျက် စာရင်းသို့ ထည့်သွင်းသွားမည်ဖြစ်ပြီး အီရန်နိုင်ငံသို့ ဝင်ရောက်ခြင်းကို ပိတ်ပင်တားမြစ်မည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ အကြမ်းဖက်အဖွဲ့အစည်းများနှင့် အစွန်းရောက်အုပ်စုများကို ဘဏ္ဍာရေး၊ ထောက်လှမ်းရေး၊ စစ်ရေးတို့အရ ကူညီဆောင်ရွက်ပေးခြင်းတို့ကြောင့် ပိတ်ပင်ရခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံက အီရန်၊ ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့ကို အရေးယူပိတ်ဆို့မှု ပြုလုပ်ရန် သမ္မတဒေါ်နယ်ထရန့်က ဩဂုတ် ၂ ရက်တွင် ခွင့်ပြုပေးလိုက်ပြီးနောက် အီရန်က လက်တုံ့ပြန်ခြင်းဖြစ်သည်။

ဒေါ်နယ်ထရန့်သည် သမ္မတ ရာထူးစတင် တာဝန်ယူချိန်မှစ၍ အီရန်နိုင်ငံအပေါ် ဖိအားပေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး အရေးယူပိတ်ဆို့မှုများနှင့် အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်မှုတို့ကို ကန့်သတ်ခဲ့သည်။

**ဆင်ဟွာ။**






# နီပေါတွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုများဖြစ်ပွား

## လူ ၄၀ သေဆုံး၊ ၃၆ ဦးပျောက်ဆုံး

**ခတ္တမန္ဒူ ဩဂုတ် ၁၄**

နီပေါနိုင်ငံ၌ ဩဂုတ် ၁၁ ရက်မှစ၍ အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့်အတူ မြေပြိုမှုများဖြစ်ပွားခဲ့ရာ ဩဂုတ် ၁၃ ရက် မွန်းတည့်ချိန်အထိ လူ ၄၀ သေဆုံးပြီး ၃၆ ဦးပျောက်ဆုံးနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

နီပေါနိုင်ငံ၏ မြေနိမ့်ပိုင်းဒေသများတွင် သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် လူ ၃၆ ဦးထက်မနည်း ပျောက်ဆုံးနေပြီး ၂၀ ကျော်မှာ ထိခိုက်ဒဏ်ရာရရှိကာ အိမ်ထောင်စုထောင်ပေါင်းများစွာတို့ကို နေရာရွှေ့ပြောင်းပေးခဲ့ရသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကိုယ်ဝန်ဆောင် အမျိုးသမီးရှာမီလာယာဒေ့ဗ်သည် ကမ္ဘဇ လေလှုပ်ရှားပြီး သားဖွားရန်အတွက် ၎င်း၏ မိသားစုဝင် ငါးဦးနှင့်အတူ ဆေးရုံသို့ သွားရောက်စဉ် ၎င်းတို့စီးနင်းလိုက်ပါလာသည့် ဂျစ်ကားသည် နိုင်ငံအရှေ့ပိုင်း ရပ်ဟူတာဟတ် ခရိုင်၌ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် ရေကြီးရေလျှံနေသည့်ရေပြင်အတွင်းထိုးကျခဲ့ရာ ဂျစ်ကားပေါ်တွင် လိုက်ပါလာသူအားလုံး သေဆုံးခဲ့ကြရသည်။

သေဆုံးသွားသူအားလုံး၏ ရုပ်အလောင်းများကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်းတို့ထဲတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး၏ ခင်ပွန်း ချန်ဒန်ကစ်ပိုးရာဒေ့ဗ်၊ ၎င်းတို့၏ သုံးနှစ်အရွယ်သမီးငယ် ချိုတီကူမာရာဒေ့ဗ်၊ ယောက္ခမ၊ အဒေါ်နှင့် ယောက်ဖတော်စပ်သူတို့ပါဝင်ပြီး ၎င်းတို့၏ ရုပ်အလောင်းများကို ရေလွှမ်းနေသည့် အဝေးပြေးလမ်းမတွင် ရှာဖွေတွေ့ရှိရခြင်းဖြစ်သည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးက သားဖွားရန်တောင်းဆိုသဖြင့် မိသားစုနှင့်အတူ အိန္ဒိယနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေသည့် ခရိုင်အတွင်းရှိ နာ့ချ်ပူဆေးရုံသို့ အဆောတလျင်သွားရောက်စဉ် ကြေကွဲဖွယ်ဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**-- ရေဘေးအန္တရာယ် --**

မြေပြန့်ဒေသရှိ ခရိုင်များဖြစ်သည့် ဂျာပါ၊ မိုရမ်၊ ဆန်ဆာရီ၊ ဆပ်တာရီ၊ ဂူတာဟတ်၊ ဆာလာဟီ၊ ဒန်နှင့် မြစ်ကမ်းခြေဒေသရှိ ခရိုင်များသည် ရေဘေးအန္တရာယ် ကျရောက်နိုင်ခြေ အလွန်ကြီးမားကြောင်း နီပေါပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ယင်းဒေသများအတွင်းရှိ မြစ်များစွာတို့၏ ရေမျက်နှာပြင် စိုးရိမ်ရေမှတ်များအထက် မြင့်တက်နေပြီး လူနေအိမ်ခြေများစွာနှင့် အသက်မွေးမှုများအား ခြိမ်းခြောက်နေသည်။

နီပေါတပ်မတော်၊ ရဲတပ်ဖွဲ့နှင့် စစ်ရဲတပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

မုတ်သုံရာသီသည် နီပေါနိုင်ငံတစ်ဝန်းလုံးတွင် လာမည့်ရက်အနည်းငယ်အတွင်း ဆက်လက်အားကောင်းနေမည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။

**ဆင်ဟွာ။**

# အာရှ-ပစိဖိတ် မြို့ပြလေကြောင်းဈေးကွက်၌ လေယာဉ်မှူးသစ် ၂၅၃၀၀၀ လိုအပ်မည် ခန့်မှန်း

**ပေကျင်း ဩဂုတ် ၁၄**

အာရှ-ပစိဖိတ်ဒေသတွင် မြို့ပြလေကြောင်းဈေးကွက် လျင်မြန်စွာ ကျယ်ပြန့်လာလျက်ရှိရာ လာမည့်အနှစ် ၂၀ အတွင်း လေယာဉ်မှူးသစ် ၂၅၃၀၀၀ ကျော်လိုအပ်လာမည်ဟု ခန့်မှန်းရကြောင်း တရုတ်နိုင်ငံအခြေစိုက် ဘိုးရင်းကုမ္ပဏီရုံးခွဲက ဩဂုတ် ၁၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

၂၀၁၇ မှ ၂၀၃၆ ခုနှစ်အထိဖြစ်သောကာလအတွင်း ကမ္ဘာ့ကုန်သွယ်လေကြောင်းလုပ်ငန်းကဏ္ဍအတွက် လေယာဉ်မှူးအသစ် ၆၃၇၀၀၀ ခန့် လိုအပ်မည်ဟု ခန့်မှန်းကြောင်း၊ ၂၀၁၇ ခုနှစ် လေယာဉ်မှူးများနှင့် စက်မှုပညာရှင်များ အလားအလာဟု အမည်ပေးထားသော လေ့လာချက်တွင် ဖော်ပြသည်။

ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်လေကြောင်းလုပ်ငန်းကဏ္ဍအတွက် ပြုပြင်ထိန်းသိမ်းရေးအင်ဂျင်နီယာ ၆၄၈၀၀၀ နှင့် လေယာဉ်ဝန်ထမ်း (လေယာဉ်မောင်၊ လေယာဉ်မယ်) ၈၃၉၀၀၀ တို့ လိုအပ်လာမည်ဟု ဘိုးရင်းကုမ္ပဏီက ခန့်မှန်းသည်။

လေယာဉ်မှူးသစ်နှင့် ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာများ၊ လေယာဉ်ဝန်ထမ်းများ လိုအပ်မည့် အဓိကဒေသများမှာ အာရှ-ပစိဖိတ်ဒေသ၊ ဥရောပနှင့် မြောက်အမေရိကဒေသတို့ဖြစ်ကြသည်။

**ဆင်ဟွာ။**

# ဒိန်းမတ်ရေငုပ်သင်္ဘောပိုင်ရှင်ကို သတင်းထောက်ပျောက်ဆုံးမှုဖြင့် ဖမ်းဆီး




**ကိုပင်ဟေဂင် ဩဂုတ် ၁၄**

လူသေမှုစွဲချက်ဖြင့် အဖမ်းခံထားရသော တီထွင်သူတစ်ဦး၏ ရေငုပ်သင်္ဘောပျက်ကို မိမိတို့ ရှာဖွေတွေ့ရှိခဲ့ရကြောင်း၊ သို့ရာတွင် ရေငုပ်သင်္ဘောပျက်အတွင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း ဒိန်းမတ်ရဲတပ်ဖွဲ့က ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

တီထွင်သူ ပီတာမက်ဆင်ကိုယ်တိုင် တည်ဆောက်ခဲ့သော ရေငုပ်သင်္ဘောမှာ ၁၇ မီတာ အရှည်ရှိပြီး ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက နစ်မြုပ်ခဲ့ရာတွင် ဒိန်းမတ်ရေတပ်က မက်ဆင်ကို ကယ်တင်ပေးခဲ့ရသည်။

**-- လိုက်ပါစီးနင်း --**

အသက်(၄၆)နှစ်ရှိ မက်ဆင်ကို ၂၄ ရက်ကြာမျှ ထိန်းသိမ်းထားရန် ဝရမ်းထုတ်ခဲ့ကြောင်း၊ ဆွီဒင်လူမျိုး အသက်(၃၀)အရွယ်ရှိ အမျိုးသမီး သတင်းထောက် ကင်ဝေါလ်သည် မက်ဆင် တည်ဆောက်ထားသော ရေငုပ်သင်္ဘောကို လိုက်ပါစီးနင်းခဲ့ပြီးနောက် ပျောက်ဆုံးလျက်ရှိကြောင်း၊ မက်ဆင်သည် ရေငုပ်သင်္ဘောကို တမင်တကာ နစ်မြုပ်အောင်ပြုလုပ်ခဲ့သည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**-- တွေ့ရှိ --**

အဆိုပါရေငုပ်သင်္ဘောကို ကိုပင်ဟေဂင်မြို့ တောင်ဘက် ကိုဂဲပင်လယ်အော်၌ ရှာဖွေတွေ့ရှိခဲ့သည်။ ပင်လယ်ရေအောက် အနက် ခုနစ်မီတာတွင် ရေငုပ်သင်္ဘောပျက်ကို ရှာဖွေ တွေ့ရှိခဲ့ပြီး ပင်လယ်ဆိပ်ကမ်းရှိရာသို့ သယ်ဆောင်လာခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၂ ရက်နှင့် ဩဂုတ် ၁၃ ရက် အစောပိုင်းတို့တွင် ရေငုပ်သင်္ဘောပျက်ကို ရှာဖွေစစ်ဆေးခဲ့သည်။ **(ဝဲပုံ)**

ရေငုပ်သင်္ဘောပျက်အတွင်း သေဆုံးသူသို့မဟုတ် အသက်ရှင်သူ တစ်ဦး တစ်ယောက်ကိုမျှ ရှာဖွေတွေ့ရှိရခြင်း မရှိကြောင်း ရဲတပ်ဖွဲ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**ရိုက်တာ။**

လွှတ်တော်ရေးရာ

# တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများ ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးပါရန် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်း(၆)ခုမေးမြန်းဖြေကြားခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာတင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၏ **ချောက်မြို့တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း တစ်ကျောင်းဖွင့်လှစ်သင်ကြားပေးနိုင်မှု ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မကွေးတိုင်းဒေသကြီးအတွင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံ ငါးကျောင်းနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း နှစ်ကျောင်းသည် ချောက်မြို့နယ်နှင့် နီးစပ်ရာမြို့နယ်များတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်သည့်အတွက် ချောက်မြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်းတစ်ကျောင်းဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်၏ **မူလတန်းအရွယ်ကလေးများ၏ အခမဲ့ မသင်မနေရ ပညာရေးစနစ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမျိုးသားပညာရေးဥပဒေ (၂၀၁၄)၏ ပုဒ်မ-၄(ည)တွင် "အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေး"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အခြေခံပညာဦးစီးဌာနအနေဖြင့် အခမဲ့ မသင်မနေရပညာရေးစနစ် အကောင်အထည်ဖော်မှုအဖြစ် ကျောင်းနေအရွယ်ကလေးများ စာရင်းကောက်ယူခြင်း၊ ကျောင်းအပ်နှံရေးရက်သတ္တပတ် သတ်မှတ်ဆောင်ရွက်ခြင်း၊ ကျောင်းဖွင့်ချိန်တွင် ကျောင်းအပ်နှံခြင်း မရှိသေးသည့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကျောင်းသားမိဘများကို စည်းရုံးခြင်း၊ အစိုးရပိုင်သတင်းစာများ၊ ရုပ်မြင်သံကြား အစီအစဉ်များကတစ်ဆင့် စည်းရုံးအသိပေးခြင်းနှင့် အခမဲ့ ထောက်ပံ့မှုပေးခြင်းများကို နိုင်ငံတစ်ဝန်းသိရှိနိုင်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံပြီဆိုသည်နှင့် မူလတန်းအဆင့်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့်ကျောင်းဝတ်စုံများကို အခမဲ့ ထောက်ပံ့ပေးပြီး မိဘ ဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ ကောက်ခံခြင်းမပြုရန်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ အခမဲ့ဖြန့်ဝေပေးပြီး မည်သည့် အခကြေးငွေကိုမျှ ကောက်ခံခြင်းမပြုရန်ညွှန်ကြားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅ ခုနှစ်)၏ ပုဒ်မ-၃၁ တွင် "နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရရှိရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၏ **ကော့သောင်းခရိုင်တွင် ပညာရေးမှူးရုံးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက တနင်္သာရီတိုင်းဒေသကြီးတွင် လက်ရှိဖွဲ့စည်းပုံအရ ခရိုင်ရုံး(၂)ရုံးဖြင့် ပညာရေးလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ခြင်းနှင့် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ခရိုင်ပညာရေးမှူးရုံးအတွက် ဘတ်ဂျက်လျာထားခြင်းမရှိခြင်းတို့ကြောင့် လက်ရှိအခြေအနေတွင် ကော့သောင်းခရိုင်ပညာရေးမှူးရုံးအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်၊ ခနောဖြူမဲဆန္ဒနယ်မှ ဦးတင်လှနှင့် မတူပီ မဲဆန္ဒနယ်မှ ဦးပါထန်းတို့၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကိုလည်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ဖြေကြားခဲ့သည်။



မင်းကင်း မဲဆန္ဒနယ်မှ
ဦးမောင်မြင့်



မိုးကောင်း မဲဆန္ဒနယ်မှ
ဦးဝင်းနိုင်



တနိုင်းမဲဆန္ဒနယ်မှ
ဦးလင်းလင်းဦး

ထို့နောက် တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး တင်သွင်းထားသည့် **"ကချင်ပြည်နယ် တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလိုနောင်အခါ မဖြစ်ရအောင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲထွန်း၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်နှင့် တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေတို့က ဆွေးနွေးကြသည်။

ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောက ပယင်းနှင့်ရွှေမှော်လုပ်ငန်းကို ဒေသခံများက ၂၀၀၀ ခုနှစ်ကတည်းက လုပ်ကိုင်ခဲ့သည်ဟု သိရပါကြောင်း၊ ယခုကဲ့သို့ ၁၆ နှစ်ကျော်၊ ၁၇ နှစ်အတွင်းတွင် လူပေါင်းများစွာ၊ လုပ်ငန်းပေါင်းများစွာ အခြေကျနေပြီဖြစ်ပါကြောင်း၊ အခြေတကျဖြစ်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုပမာဏသည်လည်း များသည့်လုပ်ငန်းများဖြစ်ခြင်းကြောင့် အလျင်အမြန်ဖယ်ရှားပေးရန်ညွှန်ကြားမှုကို သုံးသပ်သင့်ပါကြောင်း၊ တနိုင်းဒေသ၏ အခြေအနေကို လေ့လာကြည့်သည့်အခါတွင် ပယင်းနှင့်ရွှေတူးဖော်ခြင်းလုပ်ငန်းများကို ပြဋ္ဌာန်းဥပဒေက လွှမ်းခြုံနိုင်မှုမရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ဥပဒေသည် လက်ရှိအခြေအနေကို လွှမ်းခြုံနိုင်မှု အားနည်းနေပါက ပြုပြင်ရန်ကြိုးစားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းများ၊ ပယင်းတူးဖော်ခွင့်၊ ရွှေသတ္တုအသေးစားနှင့် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခွင့်များကို ကချင်ပြည်နယ်အစိုးရက တရားဝင်လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် တရားမဝင် ရွှေနှင့် ပယင်းတူးဖော်မှုများ နောင်တွင်ဖြစ်ပွားခြင်းမရှိစေရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့နှင့် လိုအပ်သည့်ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော "ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကပေးပို့သော "မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ"နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အဆိုပြုပြင်ဆင်ချက်အပေါ် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ချင်းပြည်နယ်တွင် သစ်တောပြုန်းတီးစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေးအတွက် လုပ်ငန်းအစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး(၄၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားရာတွင် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေနှင့် မညီသောကိစ္စများ ဆောင်ရွက်နေသည့် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို မည်ကဲ့သို့ ထိန်းကျောင်းကြပ်မတ်အရေးယူမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကဏ္ဍအသီးသီး၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ ပြည်သူလူထု၏ အကျိုးစီးပွားတိုးတက်ရေး၊ အများပြည်သူ၏ နေ့စဉ်ဘဝ လုပ်ငန်းဆောင်တာများ မထိခိုက်ရေးတို့အား ရှေးရှုဆောင်ရွက်လျက်ရှိရာ မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာအုပ်စု မန်းချောင်းတံတား ချဉ်းကပ်လမ်းဘေးမှ စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်မည့်ကိစ္စရပ်အပေါ်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ် မတ်လ ၈ ရက်က ကျင်းပသည့် အစည်းအဝေး၌ စိစစ်သုံးသပ်ပြီး စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရပ်ဆိုင်းရန်နှင့် ခွင့်ပြုချက်မရမီ ဆောင်ရွက်ချက်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် လယ်ယာမြေနည်းဥပဒေ ၈၆၊ အပိုဒ်ခွဲ (ခ)၊ (ဂ)နှင့် (ဃ)ပါ စိစစ်ရန် ပြဋ္ဌာန်းချက်များဖြစ်သည့် ပတ်ဝန်းကျင်တွင် လက်ရှိလုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်နိုင်ခြင်း ရှိ၊ မရှိ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုလျက်ရှိသည့် ရေသွင်း၊ ရေထုတ်စနစ်အား ထိခိုက်နိုင်ခြင်း ရှိ၊ မရှိ၊ အများပြည်သူအသုံးပြုနေသည့် လမ်းများ၊ လယ်ယာကုန်ထုတ်လမ်းများကို ထိခိုက်နိုင်ခြင်း ရှိ၊ မရှိ ဆိုသည့် စိစစ်ရန်အချက်များအပေါ် အခြေခံ၍ ဆောင်ရွက်မှုများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ လယ်မြေမှ တစ်ပါးဖြစ်သော လယ်ယာမြေအား အခြားနည်းသုံးစွဲရန်ကိစ္စ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့က စိစစ်သုံးသပ် ဆုံးဖြတ်နိုင်ခွင့်ရှိသည့်အလျောက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယင်းအပေါ်အခြေခံပြီး ဆုံးဖြတ်ချက်ပြုဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ စိစစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြပေးရန်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး
ဦးလှကျော်



ချင်းပြည်နယ်မဲဆန္ဒနယ်
အမှတ်(၈)မှ ဦးမာန်လောမောင်း

တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆောင်ရွက်ချက်များသည် အများပြည်သူ အကျိုးစီးပွားထိခိုက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်ခြင်း မရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က အုပ်ချုပ်ရေးယန္တရား၏ စီမံခန့်ခွဲမှုနည်းလမ်းအရ တည့်မတ်ထိန်းကျောင်းရသကဲ့သို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်း တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ တည့်မတ်ထိန်းကျောင်းရမည်ဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် ဦးဟိန်းထိုက်အောင်၏ စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ရန် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ အများပြည်သူ၏ အကျိုးစီးပွားအတွက်ရှေးရှု၍ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ်သည် တောင်ယာခုတ်ခြင်းကြောင့် အဓိက သစ်တောပြုန်းတီးမှုဖြစ်၍ ၎င်းအစားစီးပွားဖြစ်သော စိုက်ပျိုးရေးစနစ်အစားထိုးရန် နိုင်ငံတော်၏ ကူညီပံ့ပိုးမှုဖြင့် စီမံကိန်းချ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ချင်းပြည်နယ်အနေဖြင့် ရွှေ့ပြောင်းတောင်ယာစနစ် လျော့ပါးပပျောက်နိုင်အောင် ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးစီမံကိန်းဖြင့် လှေကားထစ်လယ်ဖော်ထုတ်ခြင်းကို နှစ်စဉ်ဖော်ထုတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးကို ဆောင်ရွက်ရာတွင် အမြဲတမ်းစိုက်ခင်းများ ထူထောင်ဆောင်ရွက်သွားနိုင်ရန် ရေရရှိရေး နည်းလမ်းများအပြင် ရေစုဆောင်းသိုလှောင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ နှစ်ရှည်အခြားဝင်ငွေရ သီးနှံ ဝဥ၊ စပျစ်၊ လိမ္မော်၊ ကော်ဖီနှင့် မျောက်ငိုစသည့် ဥယျာဉ်ခြံသီးနှံများ တိုးချဲ့စိုက်ပျိုးရန်၊ ကျေးရွာပိုင်နှင့် ပုဂ္ဂလိကပိုင်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် ထင်းစိုက်ခင်းများ ထူထောင်ဆောင်ရွက်ရန် အစီအမံများဖြင့် လုပ်ကိုင်သွားနိုင်ရန်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း ဆင်ခြေလျှော ရွှေ့ပြောင်းတောင်ယာစိုက်စနစ်၏ တောင်ယာခုတ် မီးရှို့ခြင်း၊ ရေတိုက်စားခြင်းကြောင့် မြေဆီလွှာပြုန်းတီးမှုကို ကာကွယ်နိုင်ရန်အတွက် ကွန်တိုကန်သင်းကန့် စိုက်ပျိုးခြင်းနှင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း နည်းပညာစံပြကွက်များ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တရားမဝင် သစ်ပင်ခုတ်လှဲခြင်းနှင့် သစ်ဆွဲအသုံးပြုခြင်းများ မရှိရန် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်နေမှုများ ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ်ရှိ ဟားခါး၊ ဖလမ်းနှင့် မင်းတပ်ခရိုင် ၃ ခုတွင် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း ၁၃၅ ဧက၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း ဧက ၇၅၀၊ သရုပ်ပြစိုက်ပျိုး ပညာပေးခြင်းတွင် ကွန်တိုပေါင် ပေ ၅၀၀ ပြုလုပ်ခြင်း၊ သဘာဝမြေဩဇာပြုလုပ်ခြင်း၊ သင်တန်းပို့ချခြင်းနှင့် ပျိုးပင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊

**စာမျက်နှာ ၇ သို့ »»**

*ပြည်သူ့သဘောထားစင်မြင့်*

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အသုံးအနှုန်း၊ အရေးအသားကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည် မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# ကောင်းမွန်ပြည့်စုံသည့်ဥပဒေပြုရေးဖြစ်စဉ်မှသည် ခေတ်မီတိုးတက်သည့်နိုင်ငံတော်သစ် တည်ဆောက်ရေးလမ်းကြောင်းဆီသို့

## သန်းဖြိုးနိုင်(ကညင်ကျိုး)

နိုင်ငံတစ်နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများနှင့် ခေတ်မီဆက်သွယ်ရေးစနစ်များကောင်းမွန်မြန်ဆန်ပြီး ဖွံ့ဖြိုးတိုးတက်စေနိုင်ရန်အတွက် အဓိကအကျဆုံးသောအချက်မှာ ဥပဒေများကို နောက်ဆုံးအခြေအနေများနှင့် ရေးဆွဲပြီး အကောင်အထည်ဖော်ကြရေးပင်ဖြစ်သည်။ အဆိုပါဥပဒေများဆိုသည်မှာလည်း တစ်သမတ်တည်း မပြောင်းမလဲကျင့်သုံးနေကြရမည်မဟုတ်ဘဲ အသစ်အသစ်တက်လာသည့် အစိုးရ၏မူဝါဒ၊ ကျင့်သုံးသည့်နိုင်ငံရေးစနစ်များအပေါ် မူတည်ပြီး လိုက်ပါပြုပြင်ပြောင်းလဲခြင်း၊ အခြားကမ္ဘာ့နိုင်ငံများ၏တိုးတက်မှုဖြစ်စဉ်များနှင့်အညီ လိုက်ပါပြောင်းလဲရေးဆွဲပြဋ္ဌာန်းခြင်းနှင့် ခေတ်ကာလအခြေအနေနှင့်ကိုက်ညီအောင် ပြုပြင်ခြင်းများလည်း အစဉ်ပူးတွဲလိုက်ပါကြရမည်သာဖြစ်သည်။

### တိုးတက်ခေတ်မီငြိမ်းချမ်းသည့်နိုင်ငံများထံမှ နမူနာယူကာရေးဆွဲခဲ့ကြ

ဥပမာအနေဖြင့် တစ်ခုတင်ပြရလျှင်ယနေ့အချိန်အာရှတွင်ခေတ်မီတိုးတက်နေသည့် တောင်ကိုရီးယားနိုင်ငံသည်ဂျပန်၊ အင်္ဂလန်နှင့်အမေရိကန်နိုင်ငံတို့မှ ကောင်းမွန်သည့် မူဝါဒများအပေါ်အခြေခံကာ ရေးဆွဲထားသည့် ၎င်းတို့ကိုင်တွယ်ကျင့်သုံးသည့်ဥပဒေများကိုမူ ပြန်လည်အတုယူကာရေးဆွဲပြီး ၎င်းတို့နိုင်ငံအတွင်းတွင် ပြန်လည်ကျင့်သုံးနေကြခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါနိုင်ငံသည်လည်း ခေတ်နှင့်ရင်ပေါင်တန်းလျက် ဖွံ့ဖြိုးတိုးတက်ကာ တရားဥပဒေစိုးမိုးမှုအပြည့်အဝရှိနေလေသည့်အပြင် ပြည်သူများသည်လည်း ဥပဒေ၏အကာအကွယ်ကိုရရှိကာ တိုင်းပြည်သည်လည်း အေးချမ်းသာယာလျက်ရှိနေကြသည်ကို လေ့လာမိကြမည်ဖြစ်သည်။

ထို့ကြောင့်ပင် ကျွန်ုပ်တို့နိုင်ငံအနေဖြင့်လည်း ယနေ့လက်ရှိအချိန်အခါတွင် ပြောင်းလဲလာသည့်နိုင်ငံရေးအခြေအနေများ၊ အစိုးရသစ်၏မူဝါဒများနှင့်အညီ နိုင်ငံတော်တစ်ဝန်းခေတ်မီတိုးတက်အောင်၊ ငြိမ်းချမ်းသာယာအောင် ဆောင်ရွက်ကြရမည်ဆိုလျှင် အထက်တွင်ဆိုခဲ့သည့်အတိုင်း ဥပဒေများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးလာပြီး တရားဥပဒေစိုးမိုးရေး(Rule of Law)သည်လည်း အဓိကအခရာကျလာနေပြီဖြစ်သည်။

### မဏ္ဍိုင်ကြီးသုံးရပ်က ပါဝင်ပူးပေါင်း

သို့အတွက်ပင် ထိုအတိုင်းဖြစ်အောင်ဆောင်ရွက်ကြရမည်ဆိုလျှင် ဥပဒေများပြဋ္ဌာန်းပေးသည့်ဥပဒေပြုရေးမဏ္ဍိုင်မှ လွှတ်တော်တစ်ခုတည်းမှာပင် တာဝန်ရှိမည်မဟုတ်ဘဲ ပြဋ္ဌာန်းဥပဒေများအပေါ် အကောင်အထည်ဖော်ကြမည့် အုပ်ချုပ်ရေးမဏ္ဍိုင်ရှိ ဌာနများနှင့် ထိုအပေါ် လိုက်နာမှုရှိ၊ မရှိစောင့်ကြည့်ထိန်းညှိမည့် တရားရေးမဏ္ဍိုင်များကပါ ပါဝင်ပူးပေါင်းကြရမည်သာဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သွားချင်နေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီ အရောက်လှမ်းချီတက်နိုင်မည်လည်းဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့နိုင်ငံအတွင်း လက်ရှိကျင့်သုံးနေသောဥပဒေများ၏သမိုင်းကြောင်းများ၊ လက်ရှိအာဏာသက်ရောက်ပြီး ဌာနဆိုင်ရာများအလိုက် ကိုင်တွယ်ကျင့်သုံးနေသော ဥပဒေများ၊ ထို့အပြင် ခေတ်စနစ်နှင့်ကိုက်ညီစေရန် ပြင်ဆင်ရမည့်ဥပဒေများ၊ ဖျက်သိမ်းရမည့်ဥပဒေများနှင့် ထပ်မံရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သည့် ဥပဒေများအကြောင်းကို စုံစုံစေ့စေ့သိရှိထားကြရန် လိုအပ်လာပါသည်။

### ဥပဒေများ၏ကောက်ကြောင်းကိုလေ့လာ

ကျွန်ုပ်တို့နိုင်ငံတွင် ဗြိတိသျှကိုလိုနီခေတ်မှစတင်ကာ ယနေ့အချိန်အထိ ခေတ်အဆက်ဆက်ပြဋ္ဌာန်းကျင့်သုံးခဲ့သည့်ဥပဒေပေါင်းမှာ ၁၅၉၅ ခုရှိခဲ့ကြောင်း ဥပဒေပညာရှင်များပြုစုထားသည့်စာရင်းများအရ သိရသည်။ အင်္ဂလိပ်မင်းတို့ အောက်မြန်မာပြည်ကို စတင်သိမ်းပိုက်ပြီး အိန္ဒိယနိုင်ငံ၏ပြည်နယ်တစ်ခုအဖြစ်သတ်မှတ်ခဲ့စဉ် ၁၈၃၉ ခုနှစ်ကတည်းက ၎င်းတို့အနေဖြင့် (India Act)အဖြစ် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများမှအချို့ကို ယနေ့အချိန်အထိ ဆက်လက်ကျင့်သုံးနေဆဲဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံအတွင်း ယနေ့ အချိန်အထိ အာဏာသက်ရောက်လျက်ရှိပြီး ဝန်ကြီးဌာနများအလိုက် ကိုင်တွယ်ကျင့်သုံးနေသည့် ဥပဒေ ၃၉၇ ခုတွင် အဆိုပါအင်္ဂလိပ်မင်းလက်ထက်မှ ပြဋ္ဌာန်းခဲ့သည့်ဥပဒေပေါင်းမှာ ၁၂၂ ခုအထိပါဝင်နေဆဲဖြစ်သည်ကို တွေ့ရသည်။ ဥပမာတစ်ခုမျှတင်ပြရလျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် ယနေ့လက်ရှိကိုင်တွယ်ကျင့်သုံးနေသည့်ဥပဒေပေါင်း ၅၂ ခုရှိသည့်အနက် လွတ်လပ်ရေးမရမီ အင်္ဂလိပ်မင်းလက်ထက် ၁၈၃၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိပြဋ္ဌာန်းကျင့်သုံးခဲ့သည့်ဥပဒေပေါင်း ၄၃ ခုအထိပင် ပါဝင်နေပြီး ယနေ့ထက်တိုင် တရားစီရင်ရေးကဏ္ဍများတွင်ကိုင်တွယ်ကျင့်သုံးနေဆဲဖြစ်သည်ကို လေ့လာကြည့်လျှင်မြင်နိုင်မည်ဖြစ်သည်။

### မည်သည့်အတွက် ဆက်လက်ကျင့်သုံးနေကြသနည်း

ဤသို့ဆိုလျှင် ထိုဥပဒေများကို ယနေ့အချိန်အထိ ကျွန်ုပ်တို့နိုင်ငံအတွင်း အစိုးရအဆက်ဆက်မှ မည်သည့်အတွက် ဆက်လက်ကိုင်စွဲကျင့်သုံးနေကြသလဲဆိုသည့် အမေးတစ်ရပ်လည်း ရှိလာနိုင်ပါသည်။ အမှန်မှာမူ ထိုဥပဒေများမှာ အင်္ဂလိပ်မင်းလက်ထက် အိန္ဒိယပြည်နယ်အဖြစ်ရှိစဉ်ကပင်ဖြစ်နေသော်လည်း အချို့သောတရားစီရင်ရေးကိစ္စများ၊ အုပ်ချုပ်ရေးကိစ္စများအတွက်မူ ထိုဥပဒေများမှ အထူးပင်စည်းနှောင်အား (Binding Force) ကောင်းမွန်ပြီး ထောင့်စုံအောင်ပါဝင်သဖြင့် ယနေ့အချိန်အထိကျင့်သုံးနေကြခြင်းပင်ဖြစ်သည်။ ထိုဥပဒေများမှာ ယနေ့ထက်ထိအင်္ဂလိပ်ဘာသာဖြင့်ပင်ရှိနေသေးပြီး မြန်မာမှုမပြုကြသေးပေ။ အကြောင်းမှာ မူရင်းဆိုလိုချက်ကိုလွဲမှားသွားနိုင်မည်ဖြစ်သောကြောင့်ဟု ဥပဒေပညာရှင်တစ်ယောက်က ဆိုခဲ့ဖူးသည်။ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးကဏ္ဍမှ ဥပဒေအများစုမှာ အိန္ဒိယနိုင်ငံ၏ပြည်နယ်တစ်ခုအဖြစ်ရှိစဉ်က ၎င်းတို့စနစ်အတိုင်းပင်ရေးဆွဲပြဋ္ဌာန်းထားသည်မှာ မှန်သော်လည်း မြန်မာ့ရိုးရာအိမ်ထောင်ပြုခြင်း၊ အမွေဆက်ခံခြင်း၊ ကွာရှင်းပြတ်စဲခြင်းစသည့်ဓလေ့ထုံးတမ်းများအတွက်မူ ၎င်းတို့အနေဖြင့် ရှေးမြန်မာမင်းများလက်ထက်ကတည်းက စီရင်ခဲ့ဖူးသည့် စီရင်ထုံး၊ ဖြတ်ထုံးများကိုပါ ထည့်သွင်းစဉ်းစားခဲ့ကြပြီး Customary Law အဖြစ် ကင်ပွန်းတပ်ကာ မြန်မာ့ဓလေ့ထုံးတမ်းများနှင့်လူ့အခွင့်အရေးများ၊ လူသားများဖြစ်သည်နှင့်အညီ ဖြစ်လေ့ဖြစ်ထရှိတတ်သည့်သဘောသဘာဝများကို ထည့်သွင်းစဉ်းစားပြီး ရေးဆွဲခဲ့ကြကြောင်းကိုလည်း လေ့လာမိခဲ့ရသည်။ ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ဥပဒေတစ်ရပ်ကို လွတ်လပ်ရေးမရမီ ၁၉၃၅ ခုနှစ်ရောက်မှသာ ကိုယ့်နိုင်ငံကိုယ့်အစိုးရအနေဖြင့် အုပ်ချုပ်ရေးဥပဒေသစ်တစ်ခုကို ကိုယ်ပိုင်ဟန်ဖြင့် စတင်ပြုစုပြဋ္ဌာန်းနိုင်ခဲ့ကြောင်းကိုလည်း လေ့လာမိခဲ့ရပါသည်။

### ဌာနဆိုင်ရာများအလိုက် အာဏာသက်ရောက်နေသည့်ဥပဒေများ

လွန်ခဲ့သည့်နှစ်ဆန်းပိုင်းတွင် စာရင်းပြုစုချက်များအရ ဌာနဆိုင်ရာများအလိုက် ကျင့်သုံးနေသောဥပဒေစုစုပေါင်း ၃၉၇ ခုရှိနေကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ တစ်ဌာနချင်းအလိုက် လေ့လာကြည့်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ ၁၂ ခု၊ ပြည်ထောင်စုလွှတ်တော်ခုနစ်ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၅၂ ခု၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတစ်ခု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ခြောက်ခု၊ နိုင်ငံခြားရေးဝန်ကြီးဌာနသုံးခု၊ သမ္မတရုံးဝန်ကြီးဌာန ၁၇ ခု၊ ပြည်ထဲရေးဝန်ကြီးဌာန ၅၀၊ ကာကွယ်ရေးဝန်ကြီးဌာန ၁၃ ခု၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှစ်ခု၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတစ်ခု၊ ပြန်ကြားရေးဝန်ကြီးဌာနခြောက်ခု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၁၈ ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၂၄ ခု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၂၇ ခု၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ရှစ်ခု၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနခြောက်ခု၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၅ ခု၊ စက်မှုဝန်ကြီးဌာနလေးခု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၁၀ ခု၊ ပညာရေးဝန်ကြီးဌာန ၁၆ ခု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ၃၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကိုးခု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလေးခု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန တစ်ခု၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် တစ်ခု၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင်လေးခု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင်သုံးခု၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင်နှစ်ခု၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီတွင်တစ်ခု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင်လေးခု၊ နေပြည်တော်ကောင်စီတစ်ခု၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင်ငါးခုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့တွင်တစ်ခုတို့ဖြစ်ကြောင်း တွေ့ရှိရသည်။

### ဥပဒေထက် နည်းဥပဒေက အရေးကြီး

ဤနေရာတွင် အကြောင်းသက်ဆိုင်လာသဖြင့် နည်းဥပဒေများထုတ်ပြန်ခြင်းကိစ္စကိုလည်း ဖြည့်စွက်တင်ပြလိုပါသေးသည်။ အမှန်ဆိုရလျှင် ဥပဒေတစ်ရပ်ထုတ်ပြန်ပြီးပါက မြေပြင်တွင်အကောင်အထည်ဖော်ရန် လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များစသည့်အဆိုပါဥပဒေနှင့် သက်ဆိုင်သည့်အသေးစိတ်အချက်အလက်များလိုအပ်လာပါသည်။ သို့သော်ဥပဒေထဲတွင် ပြည့်ပြည့်စုံစုံပါရှိလာပါက နည်းဥပဒေမလိုအပ်ပေ။ မပါရှိပါက အကောင်အထည်ဖော်ရန်ကြန့်ကြာမှုမရှိရေးနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ အမြန်ရေးဆွဲထုတ်ပြန်ရန်လိုအပ်လာမည်ဖြစ်သည်။ သို့မှသာ လက်တွေ့အကောင်အထည်ဖော်ရန် မြန်ဆန်လာမည်ဖြစ်သည်။ သည့်အတွက်လည်း ဌာနဆိုင်ရာများအလိုက် ဥပဒေများအပေါ် နည်းဥပဒေထုတ်ပြန်ပြီး၊ မပြီး၊ အမိန့်ညွှန်ကြားချက်များရှိ၊ မရှိ၊ ထုတ်ပြန်ပြီးပါကလည်း မူလဥပဒေနှင့်ကိုက်ညီ၊ မညီစသည့်အချက်များကို စဉ်ဆက်မပြတ်အကဲဖြတ်လျက် စောင့်ကြည့်ပြုပြင်နေကြရမည်သာဖြစ်ပါသည်။

အချုပ်အားဖြင့် တင်ပြလိုသည်မှာဥပဒေဆိုသည်မှာ နိုင်ငံတစ်ခု၏အသက်သွေးကြောဖြစ်သလို နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်း၊ ကာကွယ်စောင့်ရှောက်နိုင်ခြင်းများကို ပေးစွမ်းနိုင်သဖြင့် အဆိုပါဥပဒေများသည်လည်း တရားမျှတပြီး အများပြည်သူလိုက်နာနိုင်သည့်ဥပဒေများ၊ ခေတ်စနစ်၊ ကာလနှင့်လိုက်လျောညီထွေဖြစ်သည့် ဥပဒေများဖြစ်ရန်အထူးလိုအပ်လာပါသည်။ သည့်အတွက်ပင် ဥပဒေပြုရေးအတွက် ပင်မမဏ္ဍိုင်ဖြစ်သည့်လွှတ်တော်များအပိုင်းမှသော်လည်းကောင်း၊ မြေပြင်တွင်လက်တွေ့ဖော်ဆောင်ကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများကသော်လည်းကောင်း၊ စောင့်ကြည့်ထိန်းညှိပေးသည့်တရားစီရင်ရေးအပိုင်းမှသော်လည်းကောင်း အားလုံးက တာဝန်ရှိသည်ဟုခံယူလျက် ယခုကာလ၊ ခေတ်၊ စနစ်နဲ့လိုက်လျောညီထွေရှိ၊ မရှိ၊ အစိုးရတစ်ရပ်လျှောက်လှမ်းနေသည့်စနစ်ကို အကောင်အထည်ဖော်နိုင်သည့်ဥပဒေများ ဟုတ်၊ မဟုတ် လေ့လာဆန်းစစ်ကြပြီးမဏ္ဍိုင်ကြီး(၃)ရပ်အချင်းချင်းနှင့် နီးနွှယ်ပတ်သက်သည့် ဌာနဆိုင်ရာများအချင်းချင်း အခါမလပ်တွေ့ဆုံညှိနှိုင်းလျက် တိုင်ပင်နှီးနှောပြီး ရုတ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ဟူသည် အမိန့်ဖြင့်အုပ်ချုပ်ခြင်းမျိုးမဟုတ်ဘဲ ဥပဒေနှင့်အညီအုပ်ချုပ်ကြရခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ကြရခြင်းစသည့်သဘောရှိရာ အဆိုပါဥပဒေများအပေါ် သမိုင်းကြောင်းမှအစချီကာ ထဲထဲဝင်ဝင် လေ့လာသိရှိထားကြရန်နှင့်မိမိတို့ဌာနများအလိုက် ကိုင်တွယ်ကျင့်သုံးကြရသည့်ဥပဒေများအပေါ်တွင်လည်း နှံ့စပ်စေ့ငုစွာ သိရှိထားကြပြီး ပြည်သူများသို့လည်း ပညာပေးခြင်းများ၊ လိုက်နာစေခြင်းများဆောင်ရွက်ကြရန် အထူးလိုအပ်လာနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံတွင် အိုးအိမ်လိုအပ်ချက်ကို ဖြည့်ဆည်းရန် အိမ်ပေါင်း ၃ ဒသမ ၈ သန်း အရေးတကြီးလိုအပ်လျက်ရှိနေ

**ရန်ကုန် ဩဂုတ် ၁၄**

အသစ်ထွက်ရှိလာသည့် သန်းခေါင်စာရင်းအစီရင်ခံစာအရ မြန်မာ့လူဦးရေ၏ လေးပုံတစ်ပုံဖြစ်သည့် ၁၃ ဒသမ ၅ သန်းမျှသော နိုင်ငံသူနိုင်ငံသားများသည် ဆက်လက်နေထိုင်ခြင်းငှာ မသင့်လျော်သော ဟောင်းနွမ်းယိုယွင်းနေသည့် အိုးအိမ်များတွင် နေထိုင်နေကြရကြောင်းတွေ့ရှိရပြီး လုံခြုံစိတ်ချရခြင်းမရှိသည့် အိုးအိမ်များတွင် နေထိုင်နေကြရသောနိုင်ငံသူ နိုင်ငံသားများအတွက် အသစ်ဆောက်လုပ်ထားသော သို့မဟုတ် ပြန်လည်ပြင်ဆင်ထားသော အိုးအိမ်ပေါင်း ၃ ဒသမ ၈ သန်းမျှ အရေးတကြီးလိုအပ်နေကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။

“မြန်မာနိုင်ငံရဲ့အိုးအိမ်လိုအပ်ချက်ကို အခြေခံကစပြီး ထိထိရောက်ရောက်ဆောင်ရွက်ဖို့လိုပါတယ်။ ကျန်းမာရေး၊ သန့်ရှင်းမှု၊ လျှပ်စစ်မီးရရှိမှု၊ ဆက်သွယ်ရေး၊ လုံခြုံစိတ်ချရမှုစတဲ့ နိုင်ငံသူနိုင်ငံသားတွေရဲ့နေမှုထိုင်မှုအခြေအနေတွေ အားလုံးကို လေ့လာဆန်းစစ်ဖို့ လိုအပ်ပါတယ်။ နေထိုင်ချင်စဖွယ်အိုးအိမ်လို့ သတ်မှတ်တဲ့အခါ နေရာအကျယ်အဝန်းကလည်း အရေးပါတဲ့အချက် တစ်ခုပါ။ အိမ်လို့ဆိုလိုက်ပြီဆိုတာနဲ့ မိသားစုတွေအတွက် ကိုယ်ပိုင်သီးသန့်နေရာဆိုတာအပြင် ဇနီးမောင်နှံတွေအတွက် နွေးနွေးထွေးထွေး ချစ်ချစ်ခင်ခင်နေနိုင်မယ့် နေရာဖြစ်ရမှာပါ”ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စဂျဲနက်ဂျက်ဆင်က ပြောကြားသည်။

ယခုတွေ့ရှိချက်များကို ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အိုးအိမ်အခြေအနေနှင့် အသုံးအဆောင်ပစ္စည်းများကဏ္ဍဆိုင်ရာအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ယခုထုတ်ပြန်လိုက်သည့်အစီရင်ခံစာကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏အကူအညီဖြင့် မြန်မာနိုင်ငံအစိုးရက ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်သည်။ အစီရင်ခံစာအရ အိမ်ထောင်စုအများစုသည် သားသမီးများရရှိပြီး သီးသန့်အိမ်ထောင်ခွဲနေထိုင်ကြသည့်မိသားစုမှာ ၄၁ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြပြီး ဆွေမျိုးများနှင့်ပူးတွဲနေထိုင်ကြသောမိသားစုမှာ ၁၇ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း အိုးအိမ်ပိုင်ဆိုင်သူဦးရေသည် ၈၅ ဒသမ ၅ ရာခိုင်နှုန်းအထိမြင့်မားနေသော်လည်း မြို့ပြတွင် အိုးအိမ်ပိုင်ဆိုင်သူနှုန်းသည် ၆၆ ရာခိုင်နှုန်းသာရှိပါသည်။ အိုးအိမ်ပိုင်ဆိုင်မှုနှုန်းသည် လူငယ်များအကြားတွင် နည်းပါးသည်ကိုတွေ့ရှိရသည်။ (၂၅)နှစ်မှ (၃၄)နှစ်အကြား လူငယ်စုစုပေါင်း၏ ၁၄ ဒသမ ၆ ရာခိုင်နှုန်းသည်သာ အိုးအိမ်ပိုင်ဆိုင်သူများဖြစ်ကြသည်။

“မိသားစုကိုထောက်ပံ့နေရတဲ့လူငယ်တွေဟာ တခြားသူတွေလိုပဲ စိတ်ချရတဲ့ အိုးအိမ်ပိုင်ဆိုင်မှုရှိဖို့ ပြီးတော့ နေထိုင်ရာအိမ်တွေဟာလုံခြုံစိတ်ချရဖို့လည်း လိုအပ်ပါတယ်။ သန်းခေါင်စာရင်းကနေရတဲ့ အိုးအိမ်ကဏ္ဍဆိုင်ရာကိန်းဂဏန်းတွေအရ အိုးအိမ်ပိုင်ဆိုင်မှုဆိုင်ရာစာချုပ်စာတမ်းစနစ်တွေစနစ်တကျရှိလာဖို့ အဲဒါတွေကိုလူထု ပိုမိုလက်လှမ်းမီစေဖို့ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်”ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စဂျဲနက်ဂျက်ဆင်က ပြောကြားခဲ့သည်။

ယခုထွက်ရှိသည့် အစီရင်ခံစာတွင် မြို့ပြနှင့်ကျေးလက်ဒေသများအကြား နေအိမ်အခြေအနေများ ကွာခြားပုံအပြင် ပြည်နယ်များ၊ ဒေသများ၊ ခရိုင်များအကြား နေအိမ်အခြေအနေများကွာခြားပုံကိုပါ ဖော်ပြထားသည်။ ထိုသို့ဖော်ပြရာတွင် အိမ်ဆောက်လုပ်ရာတွင်သုံးသည့်ပစ္စည်းများ၏တာရှည်ခိုင်ခံ့မှုများကို နှိုင်းယှဉ်ဖော်ပြထားသလို ဆက်သွယ်ရေးပစ္စည်းများ အသုံးပြုနိုင်မှုအခြေအနေများကို နှိုင်းယှဉ်ဖော်ပြထားသည်။ ၂၀၁၄ သန်းခေါင်စာရင်းကဖော်ပြနေသည့် အိုးအိမ်အခြေအနေနှင့်အသုံးအဆောင်ပစ္စည်းများကဏ္ဍဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များသည် အမျိုးသားအဆင့်နှင့် ဒေသအလိုက် မူဝါဒများနှင့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်အချက်အလက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ ထို့အပြင် ယခုထုတ်ပြန်လိုက်သည့် ကိန်းဂဏန်းအချက်အလက်များသည် မြန်မာနိုင်ငံအတွက် အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာရည်မှန်းချက်ပန်းတိုင်များနှင့် နိုင်ငံတကာအဆင့်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီအောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် အခြေခံစံနှုန်းများအဖြစ် တည်ရှိနေမည်လည်းဖြစ်သည်။

**(နိုင်လင်းကြည်)**

## ပြည်တွင်းရေးရာ

»» စာမျက်နှာ ၅ မှ

ချင်းပြည်နယ်တွင် သစ်တောပြုန်းတီးစေသည့် ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ အသီးသီးအနေဖြင့် လုပ်ငန်းအစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအောင်သိန်း၏ **ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း(Amusement Center)ဟု သဏ္ဌာန်ဆောင်အမည်ပြု၍ ပြည်ပမှတင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ် လောင်းကစားနည်းမျိုးစုံပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များဖြစ်ပေါ်နေကြရသဖြင့် ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ်ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)နှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်တို့က အကြံပြုဆွေးနွေးကြသည်။


အဆိုနှင့်စပ်လျဉ်း၍ **ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး**က နိုင်ငံအတွင်းရှိ မြို့ကြီးများတွင် ကလေးကစားကွင်းအဖြစ် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်လျက်ရှိသည့် နေရာများတွင် အသုံးပြုသည့် အကြွေစေ့သုံး လောင်းကစားဆန်သော ဂိမ်းစက်များအား တရားဝင်တင်သွင်းခွင့်မပြုခြင်း၊ ယင်းလောင်းကစားဆန်သော ဂိမ်းစက်များ ထားရှိမှုများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ ပြုလုပ်လျက်ရှိသည့်အပြင် လက်ရှိမြေပြင်တွင် လုပ်ကိုင်နေမှုများအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ အဆင့်ဆင့် စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိသဖြင့် အဆိုအား မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လောင်းကစားအဆင့် လောင်းကစားဆန်သော ဂိမ်းစက်များ မဟုတ်ဘဲ ကလေးများ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ခြင်း၊ အတွေးအခေါ်အမြော်အမြင်ဖွံ့ဖြိုးခြင်း၊ စိတ်အပန်းဖြေပျော်ရွှင်ခြင်း စသည့် ကစားနည်းစက်များကိုသာ တရားဝင်တင်သွင်းခွင့်ပြုပြီး ၎င်းကစားနည်းစက်များဖြင့် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများမှ အပန်းဖြေအိမ်တွင်းကစားနည်းခန်းမ (ကလေးကစားကွင်း)များ ခွင့်ပြုလုပ်ဆောင်လျက်ရှိသော်လည်း လောင်းကစားဆန်သော ဂိမ်းစက်များအား တရားဝင်တင်သွင်းခွင့်နှင့် ကစားကွင်းများတွင် ထားရှိခွင့်များ ခွင့်ပြုထားခြင်းမရှိဘဲ စစ်ဆေးအရေးယူမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအောင်သိန်း၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄) ရက်မြောက်နေ့ကို ဩဂုတ် ၁၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**



**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် မာဃလမ်းရှိ မာဃဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ ဩဂုတ် ၁၃ ရက် ည ၇ နာရီခွဲက အင်းစိန်မြို့မရဲစခန်းမှ နယ်ထိန်းတာဝန်ခံ ဒုရဲအုပ် ဝင်းလှိုင်က သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းအသိပညာပေး ဆွေးနွေးဟောပြောပွဲ ကျင်းပစဉ်။**

(ဉာဏ်ဟိန်း)

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ရေဆင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်ပေး

**နေပြည်တော် ဩဂုတ် ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Jukar Boon - Long အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း-အစ္စရေး ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ မြန်မာ-ထိုင်း-နော်ဝေ ပင်လယ်ရေကြောင်း ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် မြန်မာ့တပ်မတော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ထိုင်းဘုရင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးစီမံကိန်းများသို့ လေ့လာသူများ၊ သင်တန်းသားများ စေလွှတ်မှုကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများသည် ရေဆင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်ပေးသည်။ **(အပေါ်ပုံ)**




အခမ်းအနားတွင် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ငါးမြစ်ချင်းမျိုး ငါးကောင်ရေ ၆၂၈၀၀ ကို စိုက်ထည့်ပေးကြသည်။

ရေဆင်းဆည်တွင် ငါးမျိုးစိုက်ထည့်ခြင်းကို နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်မှစ၍ ယနေ့အထိ ထိုင်းငါးခုံးမ၊ ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်းနှင့် မြက်စားငါးကြင်း အပါအဝင် ငါးမျိုးစုံကောင်ရေ ၄၆၅၈၀၀ အား စိုက်ထည့်ပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုန်းတွင်းပိုက်လိုင်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချမည့်စီမံကိန်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းက လျာထား

**ရန်ကုန် ဩဂုတ် ၁၄**

ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ပြည်ပဈေးနှုန်း တက်ပါက လိုက်တက်သွားသော်လည်း ဈေးကျခဲ့ပါက ပြန်မကျခြင်းမျိုးဖြစ်ရအောင် အသင်းအနေဖြင့် ဂရုစိုက်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ပြောသည်။

"အခုလက်ရှိသွားနေတာက ဈေးကွက်စီးပွားရေးစနစ်ဖြစ်တာကြောင့် လုပ်ငန်းရှင်တစ်ယောက်လုပ်နေတဲ့ ကုန်ပစ္စည်းကို ဘယ်ဈေးတော့ရောင်းပါ၊ မရောင်းပါနဲ့ဆိုပြီး အမိန့်အာဏာနဲ့ ထိန်းချုပ်တဲ့ပုံစံမျိုးလုပ်လို့တော့ မရပါဘူး။ ကျွန်တော်တို့အသင်းက လုပ်ငန်းရှင်တွေနဲ့ ဖွဲ့စည်းထားတာကြောင့် အကျိုးအမြတ် ရာခိုင်နှုန်းတစ်ခုထက်မပိုသင့်ဘူးဆိုတဲ့ သဘောတူညီချက်လုပ်ထားတယ်။ နည်းချင်ရင် နည်းလို့ရတယ်။ ပြည်ပကတင်သွင်းတာဆိုရင် အမြတ် နှစ်ရာခိုင်နှုန်းထက် မပိုသင့်ဘူး။ နှစ်ရာခိုင်နှုန်းယူရမယ်လို့ဆိုလိုတာ မဟုတ်ပါဘူး။ မပိုရဆိုတဲ့ သဘောတူညီချက်လုပ်ထားတာပါ။ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်လာတဲ့ ဈေးနှုန်းတွေကို စောစောကသတ်မှတ်ထားတဲ့ နှုန်းအတွင်းဝင်အောင် ဆောင်ရွက်ပေးပါတယ်။ လက်လီဆိုင်တွေမှာဆိုရင် အမြတ်လေးရာခိုင်နှုန်းထက်မပိုအောင် သက်ဆိုင်ရာဌာနတွေကိုတင်ပြပြီး နှစ်ရာခိုင်နှုန်း၊ လေးရာခိုင်နှုန်းအောက် Upper Limit သတ်မှတ်ထားပါတယ်" ဟု ဒေါက်တာဝင်းမြင့်က ပြောသည်။

ထို့အပြင် အသင်းအနေဖြင့် စက်သုံးဆီရောင်းချသည့် အမြတ်နှုန်းကိုလည်း အိမ်နီးချင်းနိုင်ငံများက သတ်မှတ်ထားသည့် အမြတ်နှုန်းကို လေ့လာကာ နိုင်ငံတွင်းလုပ်ငန်းရှင်များ၏ အမြတ်နှုန်းမနည်းစေရန်၊ သုံးစွဲသူများ ဈေးနှုန်းများပြားခြင်းမဖြစ်စေရန်နှင့် ညှိနှိုင်းဆောင်ရွက်ပေးနေသည့်အပြင် အရည်အသွေးပိုင်းဆိုင်ရာ ထိန်းချုပ်မှုရအောင် ဓာတ်ခွဲခန်းတည်ဆောက်လျက်ရှိကြောင်းလည်း သိရသည်။

ယခုလတ်တလောတွင် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းဝင် နိုင်ငံသား



ဒေါက်တာဝင်းမြင့်

လုပ်ငန်းရှင်များက ရန်ကုန်မြို့နှင့် မနီးမဝေး၌ ရေနက်ဆိပ်ကမ်းတစ်ခုကို တည်ဆောက်ပြီး ပိုက်လိုင်းများသွယ်တန်း၍ ကုန်းတွင်းပိုက်လိုင်းဖြင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချမည့် စီမံကိန်းကို အသင်းအနေဖြင့် လုပ်ဆောင်သွားရန် လျာထားကြောင်း သိရသည်။

"စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးမှုက နိုင်ငံတော်အတွက်အရေးပါတဲ့ လုပ်ငန်းစဉ်တစ်ခုပါ။ ပိုက်လိုင်းစနစ်နဲ့ ဖြန့်ဖြူးတဲ့စနစ်က ကမ္ဘာ့အင်အားကြီးနိုင်ငံတွေဖြစ်တဲ့ အမေရိကန်၊ ဥရောပနိုင်ငံတွေက ကျင့်သုံးနေတဲ့စနစ်ဖြစ်ပါတယ်။ ကုန်ကျမှုစရိတ် အသက်သာဆုံးနဲ့ အန္တရာယ်အကင်းရှင်းဆုံးစနစ်ဖြစ်တယ်။ စက်သုံးဆီတွေကို ပိုက်လိုင်းစနစ်နဲ့ ဖြန့်ဖြူးမှု ကျွန်တော်တို့နိုင်ငံမှာ ပေါ်ပေါက်လာပြီဆိုရင် နိုင်ငံနဲ့ပြည်သူတွေအတွက် အကျိုးကျေးဇူးရရှိစေမှာဖြစ်ပါတယ်"ဟု အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ၎င်း၏ ထင်မြင်ယူဆချက်ကို ပြောသည်။

အဆိုပါစီမံကိန်းကာလမှာ သုံးနှစ်ခန့်ကြာမြင့်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်အားဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၀ ကျော် ခန့်မှန်းထားကာ လတ်တလောတွင် စီမံကိန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီသို့ တင်ပြထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ သုံးစွဲလျက်ရှိသည့် စက်သုံးဆီများကို အရှေ့အာရှ၊ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ထွက်ရှိသည့် စက်သုံးဆီများကို စင်ကာပူနိုင်ငံမှတစ်ဆင့် တင်သွင်းနေရသောကြောင့် ဈေးနှုန်းမှာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀ ခန့် ပိုမိုကုန်ကျနေကြောင်း ၎င်းက ဆိုသည်။ ထို့ကြောင့် ရေနက်ဆိပ်ကမ်းရှိလာခဲ့ပါက အဆိုပါနိုင်ငံများမှ စက်သုံးဆီများကို မြန်မာနိုင်ငံသို့ တိုက်ရိုက်တင်ပို့ ဝယ်ယူနိုင်သည့်အခါ ဈေးနှုန်းကျဆင်းသွားနိုင်မည်ဖြစ်ကြောင်း ၎င်းက ယူဆထားသည်။

"ဒီလုပ်ငန်းက အင်မတန်ကြီးကျယ်တဲ့အတွက် တချို့ကတော့ မဖြစ်နိုင်ဘူးလို့ ပြောတာတွေရှိတယ်။ နိုင်ငံတော်အနေနဲ့ ထိုက်သင့်တဲ့ အကျိုးအမြတ်ကို ခံစားခွင့်ရှိမယ်။ အဓိကကတော့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့လည်း အကျိုးခံစားခွင့်ရရှိမယ်။ ဒါတွေတင်မက သယ်ယူပို့ဆောင်မှုစရိတ်တွေ လျော့ကျသွားသလို ကုန်စည်ဈေးနှုန်းတွေလည်း ကျဆင်းသွားမှာဖြစ်တယ်။ နိုင်ငံနဲ့ပြည်သူတွေအတွက် အကျိုးကျေးဇူးရရှိစေမှာဖြစ်ပါတယ်"ဟု ဒေါက်တာဝင်းမြင့်က ပြောသည်။

မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းကို စက်သုံးဆီလုပ်ငန်းလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် ကြုံတွေ့ရမည့် အခက်အခဲများကို တစ်ဦးချင်းတစ်ယောက်ချင်းတင်ပြပါက အခက်အခဲရှိနိုင်ခြင်းကြောင့် လုပ်ငန်းရှင်အားလုံးကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနများသို့တင်ပြပြီး မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်ရန်နှင့် ပုဂ္ဂလိကပိုင်းမှ ဆောင်ရွက်သည့်အခါ စက်သုံးဆီလုပ်ငန်းများအနေဖြင့် ကောင်းမွန်သည့် အရည်အသွေးရှိရေး၊ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် အချိန်အတွယ်မှန်ကန်ရေးစသည့် ရည်ရွယ်ချက်များနှင့် ၂၀၁၀ ခုနှစ်က ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အသင်းဝင်ဦးရေ ၄၀၀ ကျော်ရှိကြောင်း သိရသည်။ **(ဝင်းစန္ဒီ)**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်
အာဆီယံနှစ်(၅၀)ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)




**❁ မတူကွဲပြားတဲ့ ယဉ်ကျေးမှုမှ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ငြိမ်းချမ်း၊ တည်ငြိမ်၊ စီးပွားရေးသာယာဝပြောတဲ့ အရှေ့တောင်အာရှဒေသကြီးတည်ထောင်ဖို့ မျှော်မှန်းခဲ့ကြတဲ့ အာဆီယံရဲ့မူလတည်ထောင်သူ ဖခင်များရဲ့ မျှော်မှန်းချက်တွေကို လက်တွေ့ဖြစ်ပေါ်လာအောင် ပြီးခဲ့တဲ့ နှစ်ပေါင်းငါးဆယ်အတွင်းမှာ အကောင်အထည် ဖော်နိုင်ခဲ့ပါပြီ။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဒီအောင်မြင်မှုကို ဂုဏ်ယူဝင့်ကြွားနိုင်ကြပါပြီ။

"အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ မတူကွဲပြားမှုတွေကို အပြည့်အဝအသိအမှတ်ပြုပြီး အကျိုးစီးပွားတွေ၊ ရည်မှန်းချက်တွေကို မျှဝေလျက် ဘုံအကျိုးစီးပွားကို ဖော်ဆောင်နိုင်စေမယ့် နားလည်မှု၊ ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို နက်နက်ရှိုင်းရှိုင်းဖြစ်ပေါ်လာအောင် ကြိုးပမ်းနိုင်ခဲ့ကြပါတယ်။ ရာစုနှစ်ဝက်ကျော်လွန်လာတဲ့ ဒီကနေ့အချိန်မှာ တိုးတက်မှုတွေ ရယူပိုင်ဆိုင်ပြီးတော့ များပြားလှတဲ့ အခွင့်အလမ်းတွေ၊ တုန်လှုပ်ဖွယ်ရာစိန်ခေါ်မှုတွေ ပြည့်လျှမ်းနေတဲ့အနာဂတ်ဆီကို ခိုင်ခိုင်မာမာနဲ့ ဆက်လက်ပြီး ချီတက်နေကြပါပြီ။

"အာဆီယံအဖွဲ့ကြီးဟာ ပဋိညာဉ်စာတမ်းနဲ့အညီ အာဆီယံပြည်သူတွေရဲ့ အမျိုးမျိုးအဖုံဖုံ လိုအပ်ချက်တွေကို အသိအမှတ်ပြုပြီး နိုင်ငံရေးနဲ့ လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနဲ့ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း စတဲ့ မဏ္ဍိုင်ကြီး (၃)ရပ်ကိုအခြေပြုကာ စည်းမျဉ်းဥပဒေသကိုအခြေခံတဲ့ ပြည်သူတွေရဲ့ အာဆီယံအသိုက်အဝန်းကြီးထူထောင်ဖို့အတွက် ရှင်းလင်းပြတ်သားတဲ့ အစီအစဉ်တွေ ချမှတ်ထားပြီးဖြစ်ပါတယ်။

"အာဆီယံအဖွဲ့ကြီးဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ အာဆီယံတန်ဖိုးတွေနဲ့ အာဆီယံလမ်းစဉ်ကို ဖြည်းဖြည်းမှန်မှန် လိုက်နာဆောင်ရွက်ခဲ့တဲ့အတွက် အောင်မြင်မှုတွေ၊ သာယာဝပြောမှုတွေကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပါတယ်။ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်း၊ အားလုံးရဲ့သဘောတူညီမှုကို အခြေခံခြင်း၊ အတူတကွပူးပေါင်းဆောင်ရွက်ခြင်းနဲ့ တစ်နိုင်ငံပြည်တွင်းရေးကို တစ်နိုင်ငံကဝင်ရောက်စွက်ဖက်မှု မရှိခြင်းစတဲ့ အခြေခံမှုတွေဟာ စိန်ခေါ်မှုပေါင်းများစွာကို ကျော်လွှားအောင်မြင်နိုင်စေခဲ့ပြီး ရာစုနှစ်တစ်ဝက်ကြာ ကာလပတ်လုံး ခိုင်ခိုင်မာမာရပ်တည်နိုင်စေခဲ့ပါတယ်။

"အဲဒီအခြေခံမှုကြီးတွေဟာ အာဆီယံဒေသတွင်းမှာသာမက အာဆီယံပြင်ပမှာရှိတဲ့နိုင်ငံတွေနဲ့ အပြန်အလှန် ယုံကြည်မှု၊ ခင်မင်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရာမှာလည်း အခြေခံအုတ်မြစ်တစ်ခုအဖြစ်စွမ်းဆောင်နိုင်ခဲ့ပါတယ်။

"ဒ့ါအပြင်အာဆီယံကဦးဆောင်တဲ့ ဒေသဆိုင်ရာ အစီအမံတွေဖြစ်တဲ့ ဆွေးနွေးဖက်နိုင်ငံတွေနဲ့ အာဆီယံ+၁၊ အာဆီယံ+၃၊ အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေးနဲ့ အာဆီယံနဲ့ ဆွေးနွေးဖက် ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးများ အစရှိတဲ့ အာဆီယံဦးဆောင်တဲ့ အစီအစဉ်တွေမှာ အာဆီယံရဲ့ အချက်အချာကျမှုကို ပိုမိုအားဖြည့်ပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင်၊ ပိုမိုများပြားလာနေတဲ့ ဆွေးနွေးဖက်နိုင်ငံတွေ၊ ကဏ္ဍအလိုက် ဆွေးနွေးဖက်နိုင်ငံတွေနဲ့ အာဆီယံရဲ့ ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ပေးနိုင်ခဲ့ပြီး ဆွေးနွေးဖက်နိုင်ငံအများစုနဲ့လည်း မဟာဗျူဟာမြောက်ဆက်ဆံရေးကို တည်ဆောက်နိုင်စေခဲ့ပါတယ်။

"အာဆီယံ ၂၀၂၅ ခုနှစ် မျှော်မှန်းချက်နဲ့အညီ အနာဂတ်ကိုမျှော်မှန်းကြည့်မယ်ဆိုရင် ကျွန်မတို့အနေနဲ့ လက်ရှိအာဆီယံရဲ့ အောင်မြင်မှုတွေကို ပိုမိုခိုင်ခံ့စေတဲ့ စိန်ခေါ်မှုတွေကိုကျော်ဖြတ်ပြီး ဥပဒေစည်းမျဉ်းစည်းကမ်းတွေကိုအခြေခံတဲ့၊ ပြည်သူလူထုကိုအလေးထားတဲ့၊ ပြည်သူလူထုကိုဗဟိုပြုတဲ့၊ ငြိမ်းချမ်းတည်ငြိမ်တဲ့၊ စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံနိုင်တဲ့ အာဆီယံအသိုက်အဝန်းကြီးက တစ်ဆင့် ဒေသဆိုင်ရာပေါင်းစည်းမှုရဲ့ ခေတ်သစ်တစ်ရပ်ကို ကျွန်မတို့အားလုံး ဝင်ရောက်နေကြပါပြီ။

**"အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာ အတွေ့အကြုံတွေ မျှဝေလို့၊ မိသားစု တစ်စုတည်းစိတ်ဓာတ်နဲ့ အချင်းချင်းရိုင်းပင်းကူညီလို့ ခရီးရှည်ကြီးကို အတူတကွ လျှောက်လှမ်းခဲ့ကြပြီးတော့ တစ်ခါတလေမှာ လမ်းကြမ်းကြမ်းကို ကျော်ဖြတ်လာခဲ့ကြတာပါ။ အကျပ်အတည်းတွေနဲ့ တွေ့ကြုံရင်ဆိုင်ရရင်လည်း အာဆီယံအဖွဲ့ကြီးရဲ့ စည်းလုံးညီညွတ်မှုကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ခဲ့ကြပါတယ်။"**

အဖွဲ့ဝင် ၁၀ နိုင်ငံရဲ့ စီးပွားရေးအင်အားဟာလည်း ကမ္ဘာမှာ သတ္တမမြောက်အကြီးဆုံး စီးပွားရေးအစုအဖွဲ့ ဖြစ်လာပြီး အာရှဒေသမှာ တရုတ်နဲ့ အိန္ဒိယပြီးရင် တတိယ အမြန်ဆုံးတိုးတက်နေတဲ့ အဓိကစီးပွားရေးအင်အားစု ဖြစ်လာနေပါပြီ။ အာဆီယံရဲ့ လက်ရှိပြည်တွင်းအသားတင် ထုတ်ကုန်စုစုပေါင်းတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံ ရှိနေပြီဖြစ်ပါတယ်။

"အာဆီယံစီးပွားရေးအသိုက်အဝန်းရဲ့ ၂၀၂၅ ခုနှစ် အခြေပြုမြေပုံကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်တဲ့ အချိန်မှာ အာဆီယံအနေနဲ့ ၂၀၅၀ ပြည့်နှစ်ကာလမှာ ကမ္ဘာ့စတုတ္ထအကြီးဆုံးစီးပွားရေးအုပ်စုကြီး ဖြစ်လာတော့မှာပါ။ အဲဒီအချိန်မှာ ဒေသတွင်း အလုံးစုံစီးပွားရေးမိတ်ဖက် အစီအမံဟာလည်း အပြီးသတ်နေလောက်ပါပြီ။ အဲဒီ အစီအမံဟာ ဒေသတွင်းစီးပွားရေးအဆင့် ကွာဟမှုကို ဖြေလျှော့ပေါင်းစပ်ပေးသွားမှာဖြစ်ပါတယ်။ မိတ်ဖက် အစီအမံစတင်နိုင်ပြီဆိုရင် ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်နဲ့ ကမ္ဘာ့ဂျီဒီပီရဲ့ ၃၀ ရာခိုင်နှုန်းကို ကိုယ်စားပြုတော့မှာဖြစ်ပါတယ်။

"အာဆီယံအနေနဲ့ လူမှုရေးနဲ့ ယဉ်ကျေးမှုအပိုင်းမှာလည်း အနာဂတ်မျှော်မှန်းချက်လမ်းကြောင်းကို ချမှတ်ထားပြီးဖြစ်ပါတယ်။ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းလမ်းပြမြေပုံ ၂၀၂၅ ဟာ လူသားများရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးတရားမျှတမှု၊ အခြေခံအခွင့်အရေး၊ လူမှုဖူလုံရေးနဲ့ အကာအကွယ်ပေးမှု၊ ပတ်ဝန်းကျင်ရေရှည်တည်တံ့မှု၊ အာဆီယံနဲ့ပတ်သက်လို့ ပိုမိုသိရှိနားလည်စေမှုနဲ့ ဖွံ့ဖြိုးမှုအဆင့်ကွာဟမှု လျှော့ချရေးတို့ကို အလေးထားဆောင်ရွက်သွားရမှာပါ။

"အာဆီယံရဲ့ ကြိုးပမ်းအားထုတ်မှု ရလဒ်တစ်ခုအနေနဲ့ ၂၀၁၆ ခုနှစ်မှာ မွေးဖွားလာတဲ့ ကလေးတွေအနေနဲ့ ၁၉၆၇ ခုနှစ်ကမွေးဖွားခဲ့သူတွေထက် ပျမ်းမျှ ၁၅ နှစ်ခန့် ပိုမိုပြီး အသက်ရှည်လာခဲ့ပါပြီ။ သန့်ရှင်းတဲ့ သောက်သုံးရေရရှိမှုဟာလည်း ၁၉၉၉ ခုနှစ်က ၆၈ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ရာကနေ ဒီကနေ့ ၉၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ အသက်ကြီးသူတွေရဲ့ ၉၄ ဒသမ ၉ ရာခိုင်နှုန်းဟာ စာရေး၊ စာဖတ်နိုင်သူ၊ စာတတ်မြောက်သူတွေ ဖြစ်လာခဲ့ပါတယ်။

"အာဆီယံမိသားစုဝင် မြန်မာနိုင်ငံအနေနဲ့ အာဆီယံအသိုက်အဝန်းတည်ဆောက်မှုအောင်မြင်ရေးအတွက် ကျေပွန်ရမယ့် တာဝန်နဲ့ ဝတ္တရားတွေရှိပါတယ်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေး၊ သာယာဝပြောရေးနဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်း သာယာဝပြောရေးအတွက် အဖွဲ့ဝင်အားလုံးက ကြိုးပမ်းဆောင်ရွက်ရာမှာ မြန်မာနိုင်ငံအနေနဲ့ ဝေမျှထမ်းဆောင်သွားရမှာ ဖြစ်ပါတယ်။

"အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာအတွေ့အကြုံတွေ မျှဝေလို့၊ မိသားစုတစ်စုတည်းစိတ်ဓာတ်နဲ့ အချင်းချင်း ရိုင်းပင်းကူညီလို့ ခရီးရှည်ကြီးကို အတူတကွ လျှောက်လှမ်းခဲ့ကြပြီးတော့ တစ်ခါတလေမှာ လမ်းကြမ်းကြမ်းကို ကျော်ဖြတ်လာခဲ့ကြတာပါ။ အကျပ်အတည်းတွေနဲ့ တွေ့ကြုံရင်ဆိုင်ရရင်လည်း အာဆီယံအဖွဲ့ကြီးရဲ့ စည်းလုံးညီညွတ်မှုကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ခဲ့ကြပါတယ်။

"ကမ္ဘာကြီးမှာ မတူကွဲပြားတဲ့ယဉ်ကျေးမှုနဲ့ နိုင်ငံရေးစနစ်တွေတည်ရှိနေတဲ့ ဒေသတစ်ခုဖြစ်ပေမယ့်လည်း အာဆီယံဟာ အချိန်ကာလရဲ့စမ်းသပ်မှုကို အောင်အောင်မြင်မြင်ကျော်လွှားနိုင်ခဲ့ပြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့ပါတယ်။ အနာဂတ်ကာလ နိုင်ငံရေးမတည်ငြိမ်မှုတွေ၊ မသေချာမရေရာမှုတွေကိုလည်း အာဆီယံအနေနဲ့ အာဆီယံရဲ့အချက်အချာကျမှု၊ စုစည်းညီညွတ်စွာ ရပ်တည်မှုနဲ့ အပြုသဘောဆောင်မှုတို့ကို **စာမျက်နှာ ၉ သို့** ○

○ စာမျက်နှာ ၈ မှ

အခြေခံပြီးအောင်မြင်စွာ ကျော်လွှားသွားနိုင်မယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်။

"ဒီကနေ့မှာတော့ အာဆီယံအဖွဲ့ကြီးဟာ ဒေသတွင်းပေါင်းစည်းမှု ခေတ်သစ်တစ်ရပ်ကို ချင်းနင်းဝင်ရောက်လာနေပြီး ရေရှည်တည်တံ့မှုနဲ့ပတ်သက်တဲ့ စိန်ခေါ်မှုတွေဖြစ်တဲ့ အဖွဲ့ဝင်နိုင်ငံများအတွင်း ဆင်းရဲနွမ်းပါးမှု၊ မညီမျှမှုအပြင် ဘာသာရေးကိုအခြေခံတဲ့ အကြမ်းဖက်မှုနဲ့ သဘာဝသယံဇာတပျက်သုဉ်းမှုတွေကို ရင်ဆိုင်လာနေရပါပြီ။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ဖို့ ကျွန်မတို့ရဲ့ စွမ်းရည်တွေကို ထပ်မံမြှင့်တင်ပြီး ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းရမှာပါ။

"ပြီးခဲ့တဲ့ နှစ် ၅၀ အတွင်းရရှိခဲ့တဲ့ အောင်မြင်မှုတွေကို အခြေခံပြီး အာဆီယံအနေနဲ့ လက်ရှိအနေအထားမှာတင် ကျေနပ်ရောင့်ရဲနေလို့ မရပါဘူး။ အာဆီယံပြည်သူတွေအနေနဲ့ လက်ရှိရရှိထားတဲ့ အရှိန်အဟုန်ကို တစ်ဆင့်မြှင့်ပြီး အာဆီယံပြည်သူအားလုံးရဲ့ သာယာဝပြောမှုကိုဖော်ဆောင်ပေးမယ့် အများပါဝင်နိုင်တဲ့၊ လူမှုရေးအရတာဝန်ခံတဲ့ အသိုက်အဝန်းကြီးဖော်ဆောင်ရာမှာ တစ်ခဲနက်ပါဝင်ကြဖို့ လိုအပ်ပါတယ်။

"မိမိတို့အနေနဲ့ အာဆီယံအသိုက်အဝန်းဖော်ဆောင်နေတဲ့နေရာမှာ အရှိန်အဟုန် နှစ်ဆမြှင့်တင်ကြဖို့နဲ့ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ ထဲထဲဝင်ဝင် ပါဝင်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ပြည်သူလူထုတွေ မပါဝင်ဘဲနဲ့ အာဆီယံအသိုက်အဝန်းဆိုတာ ဖြစ်ပေါ်လာမှာ မဟုတ်ပါဘူး။

"အာဆီယံအဖွဲ့ကြီးဟာ ငြိမ်းချမ်းတဲ့ နယ်နိမိတ်တွေ၊ ကျယ်ပြန့်တဲ့ သဟဇာတဖြစ်ရာဒေသတစ်ခုအဖြစ် စံပြုအတုယူစရာ စံနမူနာတစ်ရပ်ကို ပြသဖော်ညွှန်းပေးနေပါတယ်။ အာဆီယံအောင်မြင်မှုရဲ့ သော့ချက်ကတော့ အားလုံးသဘောတူညီမှုရရှိလာအောင်၊ ပူးပေါင်းဆောင်ရွက်မှုတွေ ဖြစ်ပေါ်လာအောင် အထပ်ထပ်အကာကာ တိုင်ပင်ဆွေးနွေးညှိနှိုင်းခြင်းပဲ ဖြစ်ပါတယ်။

"အာဆီယံရဲ့ အောင်မြင်မှုဟာ မိမိတို့ရဲ့အောင်မြင်မှုလည်း ဖြစ်ပါတယ်။ အာဆီယံအဖွဲ့အောင်မြင်မှုရဲ့ အခြေခံဟာလည်း ဆွေးနွေးမှု၊ အပြန်အလှန်ညှိနှိုင်းမှုများက တစ်ဆင့် တူညီဆန္ဒနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်း(၅၀)အတွင်း အချိန်နဲ့အမျှ ပြောင်းလဲနေတဲ့ ကမ္ဘာ့ရေစီးကြောင်းမှာ အာဆီယံအဖွဲ့ကြီး မယိမ်းမယိုင်နဲ့ ရှေ့ကိုခရီးဆက်နိုင်အောင် အာဆီယံလမ်းစဉ်က ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ အနာဂတ်မှာတွေ့ကြုံလာရမယ့် စိန်ခေါ်မှုတွေကို ရင်ဆိုင်ရာမှာလည်း ဒီလမ်းစဉ်ကိုဆက်လက်ထိန်းသိမ်းကျင့်သုံးသွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ အာဆီယံရဲ့ တစ်ခုတည်းသော မျှော်မှန်းချက်၊ တစ်ခုတည်းသော သွင်ပြင်လက္ခဏာမှသည် တစ်ခုတည်းသောအသိုက်အဝန်းကြီးဆီသို့ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်အောင် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

"နိဂုံးချုပ်အနေနဲ့ ကျွန်မအနေနဲ့ အာဆီယံရဲ့ နှစ်(၅၀) အထိမ်းအမှတ်အခမ်းအနားကို ပျော်ရွှင်စွာဆင်နွှဲနေတဲ့ အချိန်အခါသမယမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူလူထုအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးကျော်ဝင်း၊ သူရဦးအောင်ကိုနှင့် ဒုတိယဝန်ကြီး ဦးကျော်တင်တို့က အာဆီယံနှစ်(၅၀)ပြည့် အထိမ်းအမှတ် တက္ကသိုလ်အဆင့် မြန်မာစာနှင့်အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ နည်းပညာသက်မွေးအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှအာဆီယံရိုးရာအကပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အာဆီယံ နှစ်(၅၀)ပြည့်အထိမ်းအမှတ် အကပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အာဆီယံတည်ထောင်ခြင်း နှစ်(၅၀)ပြည့်အထိမ်းအမှတ် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုသည်။

**(သတင်းစဉ်)**

❑

# ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စစ်တွေမြို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများအား တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ လျှောက်ထား၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များမှ ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

**မောင်တော ဩဂုတ် ၁၄**

ရခိုင်ပြည်နယ်၌ ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရဖွဲ့မှ တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီခွဲတွင် စစ်တွေမြို့ မဏိရတနာကျောင်းတိုက်သို့ သွားရောက်ကာ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ရခိုင်ပြည်နယ် တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြလျှောက်ထားကြသည်။

တင်ပြလျှောက်ထားချက်များနှင့် ပတ်သက်ပြီး ဆရာတော် သံဃာတော်များက ရခိုင်ပြည်နယ် အေးချမ်းတည်ငြိမ်ရေး၊ လုံခြုံရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ရေရှည်အကျိုးကိုကြည့်ပြီး ဖော်ဆောင်သွားကြရန် မိန့်ကြားကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ကိုင်းကြီးကျေးရွာသို့ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများကို နှစ်သိမ့်အားပေးကာ နှစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ စားနပ်ရိက္ခာများနှင့် အက်ဖ်အမ်ရေဒီယိုများ ထောက်ပံ့ပေးအပ်ပြီး ဇူလိုင် ၃ ရက်က အကြမ်းဖက်သတ်ဖြတ်ခံရသည့် မြို့တိုင်းရင်းသားရှစ်ဦး၏ ကျန်ရစ်သူမိသားစု ရှစ်စုအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက မိသားစုတစ်စုလျှင် ငွေကျပ် သုံးသိန်းစီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ်သုံးသိန်းစီ ထောက်ပံ့ပေးအပ်ပြီး ကိုင်းကြီး(မြို)ရွာလမ်းသစ်ဖောက်လုပ်ရန်၊ စာသင်ကျောင်း ဆောက်လုပ်ပေးရန်နှင့် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ပေးရန်အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ရွှေဇဟိုလ်(နတလ)ကျေးရွာ တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မောင်တောမြို့နယ် သီရိမင်္ဂလာခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးများက ပြည်ထောင်စုအစိုးရသည် ရခိုင်ပြည်နယ်နှင့် ဘူးသီးတောင်၊ မောင်တောဒေသကို အထူးဒေသအဖြစ် သတ်မှတ်ကာ ခွင့်ပြုရန်ပုံငွေများ တိုးမြှင့်ချထားပေးပြီး တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူများ၏ နယ်မြေဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ပေးရန် တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မောင်တောခရိုင်အတွင်းရှိ





ကျေးရွာများအတွက် အက်ဖ်အမ်ရေဒီယို အလုံး ၁၀၀၀ ပေးအပ်ရာ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက လက်ခံရယူသည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာကော်မတီမှ ထောက်ပံ့သော စုစုပေါင်းတန်ဖိုး ၃၈၄၈ ဒသမ ၂ သိန်း တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ကုန်ပစ္စည်း နှစ်လစာ ထောက်ပံ့ပေးအပ်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လက်ခံရယူသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွက် ထောက်ပံ့သည့် လက်တွန်းစပါးရိတ်စက် တစ်စီးလျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ၁၁ စီးစာအတွက် ငွေကျပ် ၂၇၅ သိန်း၊ စပါးခြွေလှေ့စက် တစ်စီးလျှင် ငွေကျပ် သိန်း ၄၀ နှုန်းဖြင့် သုံးစီးအတွက် ငွေကျပ် သိန်း ၁၂၀၊ 3KVA မီးစက်တစ်လုံးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် မီးစက်အလုံး ၂၀ အတွက် ငွေကျပ် သိန်း ၆၀ စုစုပေါင်း ငွေကျပ် ၄၅၅ သိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်ကပေးအပ်ရာ ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က လက်ခံရယူသည်။ ယနေ့တွေ့ဆုံပွဲတွင် ပြည်ထောင်စုအစိုးရမှ ထောက်ပံ့သည့်ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၃၀၃ ဒသမ ၂ သိန်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမ၌ မောင်တောမြို့ပေါ်ရှိ အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများတွင် လိုအပ်ချက်များ ဆောင်ရွက်ပေးရန်အတွက် ပထမအရစ် ငွေကျပ် ၂၉၈ ဒသမ ၆၄၅ သန်းကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ထောက်ပံ့ပေးအပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ဘူးသီးတောင်မြို့နယ်မှ ဒေသခံပြည်သူများက နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ပေးရန် တင်ပြမှုများအပေါ် ပြန်လည်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**(အေဝမ်းစိုး၊ မျိုးသူဟိန်း)**

# (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

CB Bank ၏ (၂၅)နှစ်မြောက် ငွေရတု သဘင်အထိမ်းအမှတ် အခမ်းအနားနှင့် ဝန်ထမ်းများပျော်ရွှင်စေရန် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Gandamar Wholesale ၌ ကျင်းပသည်။

အခမ်းအနားတွင် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီး လုပ်သက်(၂၅)နှစ်ပြည့်မြောက်သော ဘဏ်ဝန်ထမ်း ၁၀ဦးအား ငွေကျပ် ၂၅ သိန်းစီချီးမြှင့်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာသော ဝန်ထမ်းများအတွက် ကံစမ်းမဲများဖောက်ပြီး အမြင့်ဆုံးဆု ငွေကျပ် ၂၅ သိန်းနှင့် အခြားဆုငွေများကို ချီးမြှင့်ခြင်း၊ ကဗျာပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲများ ပြုလုပ်ပြီး ဆုရရှိသောဝန်ထမ်းများအား ဆုများချီးမြှင့်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

(၂၅)နှစ်မြောက်အထိမ်းအမှတ်အတွက် လှူဒါန်းမှုများအဖြစ် ဝန်ထမ်းများစုပေါင်းကာ ဩဂုတ် ၅ ရက်က ရန်ကုန်နှင့်မန္တလေး အမျိုးသားသွေးလှူဌာနတွင် ဝန်ထမ်း ၄၈၂ ဦးက စုပေါင်းသွေးလှူဒါန်းခြင်း၊ ဩဂုတ် ၆ ရက်တွင်လည်း လှော်ကားစိုက်ခင်း၌ ကျွန်းပင်ပေါင်း ၂၅၀ ကို စုပေါင်းစိုက်ပျိုးခြင်း၊ အင်းစိန် ဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသူ၊ အကျဉ်းသားများနှင့် တာဝန်ကျဝန်ထမ်းများအားလုံးကို အာဟာရဒါနကျွေးမွေးခြင်းများနှင့် ဩဂုတ် ၁၂ ရက်တွင် အလိုတော်ပြည့်ဆရာတော်ကြီးအပါအဝင် သံဃာ ၂၅ ပါးအား ဆွမ်းကပ်လှူဒါန်းခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

စိတ်ချယုံကြည်စွာ အားပေးခဲ့ကြသော Customer များအတွက်လည်း လေယာဉ်ခ၊ မော်တော်ယာဉ်ခ၊ ဟိုတယ်အခန်းခများကို CB Bank မှ ကျခံပေးကာ ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်မြို့ Melia Hotel တွင်လည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် မန္တလေးမြို့ Western Park Restaurant နှင့် နေပြည်တော် Royal Naypyitaw Hotel တွင်လည်းကောင်း ဂုဏ်ပြုညှိခံပွဲများပြုလုပ်ပြီး ကံစမ်းမဲများဖောက်ခြင်း၊ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်းနှင့် အခြားပရိုမိုရှင်းအစီအစဉ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

CB Bank ကို ၁၉၉၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ဝန်ထမ်း ၃၃ ဦးသာရှိခဲ့ရာ ယခု (၂၅)နှစ် ပြည့်မြောက်ချိန်တွင် ဝန်ထမ်းပေါင်း ၇၄၀၀ ရှိလာခဲ့ပြီး မြန်မာနိုင်ငံ၏ Digital Banking တွင် အကြီးမားဆုံးဘဏ်ကြီးအဖြစ် အောင်မြင်စွာရပ်တည်လျက် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တတ်အားသရွေ့ ပါဝင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၄**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်-ပုသိမ်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၂၁/၆)၌ ၂၀၁၆ ခုနှစ်က ရေကျော်သည့်နေရာအား ကွန်ကရစ်လမ်းအဖြစ် ပြန်လည်ပြုပြင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပုသိမ်ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ၂၃၀ ကေဗွီ ပုသိမ်ပင်မဓာတ်အားခွဲရုံ Control Room နှင့် Switch Yard တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် အထူးအဖွဲ့များမှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ညနေပိုင်းတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၆)က တာဝန်ယူတည်ဆောက်နေသော ငဝန်တံတား (လေးမျက်နှာ)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး လေးမျက်နှာဘက်ကမ်း ချဉ်းကပ်တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပင်မတံတားရေလယ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ငဝန်တံတား(လေးမျက်နှာ)သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာ-ခတ္တူ-ပန်းတောကြီးလမ်းပေါ်တွင်တည်ရှိပြီး တံတားအမျိုးအစားမှာ ပင်မတံတား Steel Box Girder နှင့် ချဉ်းကပ်တံတား RC Girder, Plate Girder တို့ဖြင့် တည်ဆောက်ထားပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီပါရှိသည်။ ရေလမ်းကင်းလွတ်အကျယ် ၁၇၃ ပေ၊ အမြင့် ပေ ၂၀ ရှိကာ စုစုပေါင်းတံတားအရှည် မီတာ ၆၀၀ (၁၉၆၈ ဒသမ ၆ ပေ) ရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၇၅ တန် ဖြစ်သည်။

ယင်းနောက် ဟင်္သာတ-ဆုံကုန်း-မြန်အောင်-ကြံခင်းလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မြန်အောင်မြို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း မြန်အောင်သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံအတွင်းရှိ Control Room နှင့် ဓာတ်အားပေးစက်ရုံ အမှတ်(၁) ဓာတ်ငွေ့တာဘိုင် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုတရားသူကြီးချုပ်၏လမ်းညွှန်ချက် ထပ်ဆင့်ရှင်းလင်း

**ဘားအံ ဩဂုတ် ၁၄**
ကရင်ပြည်နယ်တရားလွှတ်တော်၏ နေပြည်တော်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် တရားစီရင်ရေး ကျင့်ဝတ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ဩဂုတ် ၁၂ ရက်က ဘားအံမြို့ ကရင်ပြည်နယ် တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးများက တရားစီရင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ်တရားရေးဦးစီးမှူးကိုယ်စား ဒုတိယညွှန်ကြားရေးမှူးက တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင်ပြုလုပ်သော တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများအား (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးလမ်းညွှန်ချက်များအား ထပ်ဆင့်ပြန်လည်ရှင်းလင်းခြင်း ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တက်ရောက်လာကြသော ခရိုင်၊ မြို့နယ်တရားသူကြီးများက တွေ့ကြုံရသည့် တရားစီရင်ရေးများနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို တင်ပြဆွေးနွေးကြပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးသိန်းကိုကိုက မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်စာစောင် အခန်း(၁) လွတ်လပ်မှုခေါင်းစဉ်ဖြင့် ရှင်းလင်းချက်များ စာတမ်းကို ဖတ်ကြားရာ တရားရေးအရာရှိများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

❖

# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မြေဂရန်ထုတ်ပေးမှုဖြေလျှော့ မြေကွက်ငယ်များ ခွဲစိတ်ဝယ်ယူနေထိုင်ခြင်းအဆင်ပြေစေရေး ဂရန်ထုတ်ပေးမည်

**မန္တလေး ဩဂုတ် ၁၄**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေဂရန်ထုတ်ပေးမှုဖြေလျှော့သည့်အနေဖြင့် မြေကွက်ငယ်များ ခွဲစိတ်ဝယ်ယူနေထိုင်ခြင်း အဆင်ပြေစေရန် မြေဂရန်များ ထုတ်ပေးသွားမည်ဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ဦးပိုင်ရှိ မြေကွက်များကို ဧရိယာစတုရန်းပေ ၁၂၀၀၊ မျက်နှာပွင့်ပေ ၂၀ ရှိမှ ခွဲစိတ်ခွင့် ဂရန်လျှောက်ထားခြင်းကို ဩဂုတ်လ ဒုတိယပတ်မှစတင်ပြီး ပယ်ဖျက်လိုက်သည်။ မြေပေါ်တွင် အခိုင်အမာအဆောက်အအုံဖြင့် နေထိုင်လျက်ရှိခြင်း၊ အနားလေးဖက်ခိုင်မာမှုရှိခြင်း၊ ဝင်လမ်း၊ ထွက်လမ်းကောင်းမွန်ခြင်း၊ ကျန်းမာရေးနှင့် မီးဘေးအန္တရာယ်များ ထိခိုက်မှုမရှိခြင်း စသည့်အချက်များနှင့်ကိုက်ညီပါက ဧရိယာစတုရန်းပေ ၁၂၀၀ အောက်မြေကွက်များကို ဦးပိုင်ခွဲစိတ်ခွင့်ကို မြေတည်နေရာမြို့နယ်၊ မြေအမျိုးအစားအလိုက် တစ်စတုရန်းပေလျှင် ကျပ် ၂၀၀ မှ ၆၀၀ သတ်မှတ်နှုန်းထားဖြင့် ပေးသွင်းစေပြီး မြေဂရန်ထုတ်ပေးမည်ဖြစ်သည်။

မြေဂရန်လျှောက်ထားသူများသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှုဌာနသို့ တိုက်ရိုက်ဆက်သွယ်လျှောက်ထားရမည်ဖြစ်ပြီး အထောက်အထားအချက်အလက်များ ပြည့်စုံမှန်ကန်ပါက လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့က ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ၁၅ ပေ × ပေ ၄၀၊ ပေ ၄၀ × ပေ ၂၀၊ ပေ ၂၀ × ပေ ၃၀၊ ပေ ၄၀ × ပေ ၆၀ မြေကွက်များ ချထားပေးခဲ့သည်။ ဝယ်ယူနေထိုင်သူများက မိမိတတ်နိုင်သည့်ငွေကြေးဖြင့် မြေကွက်ငယ်များ ခွဲစိတ်ဝယ်ယူနေထိုင်ကြရာ ခိုင်မာမှုရှိစေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# ဈေးကွက်ကောင်းသဖြင့် သနပ်ခါးစိုက်ပျိုးသူများပြားလာ

**မုံရွာ ဩဂုတ် ၁၄**
ပြည်တွင်းဈေးကွက်သာမက တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြည်ပသို့ ထုတ်လုပ်ရောင်းချလျက်ရှိသော သနပ်ခါးပင်ဈေးကွက်များကောင်းသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် သနပ်ခါးစိုက်ပျိုးသူများပြားလာကြောင်း သနပ်ခါးစိုက်ပျိုးသည့် တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။



သနပ်ခါးပင်သည် အရွက်မှအမြစ်အထိ ဆေးဖက်ဝင်အပင်ဖြစ်ပြီး အပင်ပေါက်စိုက်ပျိုးစဉ်မှ သက်တမ်း ခုနစ်နှစ်ခန့်တွင် စတင်ရောင်းချရကာ ဒုတိယသက်တမ်းဖြစ်သော အတက်ပေါက်အပင်များကို ငါးနှစ်အတွင်း ခုတ်ထွင်ရောင်းချနိုင်သည်။ အပင်တန်းများအကြားတွင် ကာလတိုအခြားသီးနှံများ စိုက်ပျိုးနိုင်ခြင်းကြောင့် ဈေးကွက်မရှားသဖြင့် သနပ်ခါးပင်များကို စိုက်ပျိုးသူများပြားလာခြင်းဖြစ်ကြောင်း သိရသည်။

"အရင်တုန်းကတော့ စိုက်တဲ့သူတွေနည်းတယ်။ အခုနောက်ပိုင်းမှာ ဈေးကွက်က ကျယ်ပြန့်လာတယ်။ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်ပြီး နိုင်ငံခြားကိုတင်ပို့နိုင်တဲ့အထိ အောင်မြင်လာတယ်။ နောက်ပြီး စိုက်ပျိုးသလောက် ရောင်းတဲ့ဈေးကွက်ကလည်း မရှားတဲ့အတွက် စိုက်ပျိုးတဲ့သူတွေများလာတာပါ။ အရင်ကတော့ မြေကွက်လပ်တွေ၊ ယာမြေတွေမှာ စိုက်ကြတယ်။ အခုနောက်ပိုင်းမှာ မြေလွတ်မြေရိုင်းတွေမှာ အကုန်လုံးစိုက်ကြတယ်။ ဟိုတုန်းက ပစ်ထားတဲ့မြေကွက်တွေတောင် အခုသနပ်ခါးကို စိုက်ကုန်ကြပြီ။ သနပ်ခါးက အပင်ပေါက်စိုက်ချိန်ကနေ ခုနစ်နှစ်သက်တမ်းရှိ ခုတ်လို့ရတဲ့အရွယ်ဆိုရင် တစ်ပင်ကို ငွေကျပ် ၁၀၀၀၀ လောက်ရတယ်။ အဲဒီအတွက် ငွေစုသလိုပဲဖြစ်တဲ့အတွက် အသက်ကြီးတဲ့သူတွေကအစ အိုစာမင်းစာအတွက် စိုက်တဲ့သူ များလာတာပါ"ဟု ယင်းမာပင်မြို့နယ် ဘမ္ဘွေးကျေးရွာမှ သနပ်ခါးစိုက်တောင်သူ ဦးဝင်းကိုက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ အရာတော်၊ မုံရွာ၊ ဘုတလင်၊ ချောင်းဦးမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ထွက်ရှိသည့် သနပ်ခါးပင်များကို မုံရွာ၊ မန္တလေး၊ ရန်ကုန်၊ ပခုက္ကူမြို့နယ်များသို့ တင်ပို့ရောင်းချကြသည့်အပြင် မြို့နယ်များရှိ အထင်ကရနေရာများဖြစ်သော ဘုရား၊ ဈေး၊ သင်္ဘောဆိပ်နှင့် ကားဂိတ်များတွင်လည်း တစ်ပိုင်တစ်နိုင် ရောင်းချကြရသဖြင့် စိုက်ပျိုးထုတ်လုပ်သူများ များပြားလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

❑

# ၂၀၂၅ မှာ အာဆီယံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကမ္ဘာ့အဆင့်(၄)အထိ မျှော်မှန်းထား

***အာဆီယံနှစ်(၅၀)ပြည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားတွင် "ပြောင်းလဲဖို့ရာ ပေါင်းစည်းပါ၊ ကမ္ဘာနီးဝေး ထိတွေ့ပေး" ဆိုသည့်ခေါင်းစဉ်ကို အခြေခံကာ ကျင်းပခဲ့သည့် နည်းပညာနှင့်သက်မွေးပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်တို့မှ အာဆီယံနှင့်စပ်လျဉ်းသည့် ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲတို့မှ ဆုရရှိသူများ၏ ပြခန်းများလည်းပါဝင်ခဲ့သည်။ ထို့ကြောင့် ယနေ့ကျင်းပခဲ့သည့် အခမ်းအနားနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ပါဝင်ပတ်သက်သူများအား မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ပါသည်-***


ဒေါ်အိအိတင်


ဒေါ်သစ်သစ်ခိုင်


မသိဂီရွှေ


မအေးငြိမ်းသူ


မစုမြတ်ရွှေရည်


မဆုရည်မြတ်စံ


မအိအိထွေး

**ဒေါ်အိအိတင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အာဆီယံရေးရာဦးစီးဌာန)**

အာဆီယံနှစ်(၅၀)ကတော့ ကျွန်မတို့အတွက် အင်မတန်မှအရေးကြီးပါတယ်။ ဂုဏ်ယူဖွယ်ကောင်းတဲ့ နှစ်လည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက်ကတော့ အာဆီယံဝင်ရောက်တာ နှစ် ၂၀ ဖြစ်ပါတယ်။ အာဆီယံမှာ တက်တက်ကြွကြွ ပါဝင်နေတာကို ပြည်သူအများ သိရှိနိုင်ဖို့အတွက် ကျင်းပတာဖြစ်ပါတယ်။ မကြာမီက အာဆီယံနှစ်(၅၀) နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးကျင်းပပြီးစီးပါတယ်။ အာဆီယံမှာ တာဝန်သိနိုင်ငံပီသစွာနဲ့ တာဝန်ဝတ္တရားတွေအားလုံးကို လိုက်နာဆောင်ရွက်ပါတယ်။ အာဆီယံဟာ အာရှမှာဆို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အဆင့်(၃)ရှိပါတယ်။ ကမ္ဘာမှာဆို အဆင့်(၇)ရှိပါတယ်။ အာဆီယံကို ၂၀၂၅ မှာ အာဆီယံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကမ္ဘာ့အဆင့်(၄)အထိ ဖြစ်လာဖို့လည်း ခန့်မှန်းထားပါတယ်။ အာဆီယံဒေသဟာ စီးပွားရေးအားဖြင့် အလွန်အလားအလာ ကောင်းတဲ့ဒေသဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ အာဆီယံနှစ် (၅၀)ပြည့် အခမ်းအနားကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန အပါအဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အခြားသက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပေါင်းပြီး စည်းလုံးညီညွတ်မှုကို ပြသတဲ့အနေနဲ့ စည်စည်ကားကား ကျင်းပနိုင်ခဲ့ပါတယ်။

**ဒေါ်သစ်သစ်ခိုင်(ဒုတိယညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန)**

နှစ်(၅၀)ပြည့် အာဆီယံ အခမ်းအနားလိုမျိုးကို လုပ်ပေးနိုင်ခြင်းအားဖြင့် အခြေခံပညာကျောင်းတွေက ကျောင်းသား ကျောင်းသူတွေလည်း အာဆီယံအသိုင်းအဝိုင်းမှာရှိတဲ့ နိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ယဉ်ကျေးမှုတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို သိရှိနားလည်ခွင့်ရတယ်။ သူတို့ရဲ့စာစီစာကုံးတွေ၊ ပန်းချီတွေကို ကြည့်မယ်ဆိုရင်လည်း သူတို့ရဲ့ အတွေးအခေါ်လေးတွေက အာဆီယံအသိုက်အဝန်းက နိုင်ငံတွေ စုပေါင်းပြီးတော့ ဆောင်ရွက်မှသာ တိုးတက်မှုတွေ၊ ပြောင်းလဲမှုတွေ အများကြီးဖြစ်လာမယ်။ ငြိမ်းချမ်းမှုတွေရမယ်ဆိုတဲ့ သူတို့ရဲ့ အနှစ်သာရလေးတွေကို တွေ့ရှိရပါတယ်။ ပြိုင်ပွဲတွေလုပ်ပေးခြင်းအားဖြင့် အခြေခံပညာအဆင့်မှာရှိတဲ့ ကလေးတွေကစပြီး သူတို့ရဲ့ အတွေးအမြင်တွေ၊ သူတို့ရဲ့နှလုံးသားထဲမှာ ငြိမ်းချမ်းရေးတို့ စုပေါင်းဆောင်ရွက်ရမယ်ဆိုတဲ့ စိတ်ဓာတ်လေးတွေရှိသွားတယ်လို့ ကျွန်မယုံကြည်ပါတယ်။

"ပြောင်းလဲဖို့ရာ ပေါင်းစည်းပါ၊ ကမ္ဘာနီးဝေးထိတွေ့ပေး"ဆိုတဲ့ ခေါင်းစဉ်နဲ့ အခြေခံပညာဦးစီးဌာနရှိတဲ့ အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့်တွေက ကျောင်းသားကျောင်းသူတွေကို စာစီစာကုံးနဲ့ ပန်းချီပြိုင်ဖို့အတွက် ညှိနှိုင်းဆောင်ရွက်ပါတယ်။ ပန်းချီကိုတော့ အဆင့်သုံးဆင့်လုံးကို ပြိုင်ခိုင်းပါတယ်။ စာစီစာကုံးကိုတော့ မူလတန်းအဆင့်မပါဘဲ အလယ်တန်းနဲ့အထက်တန်းပဲ ပြိုင်ပွဲပြုလုပ်ပါတယ်။ ရွေးချယ်ပုံကတော့ ကျောင်းအဆင့်ကနေ မြို့နယ်အဆင့်၊ မြို့နယ်အဆင့်ကနေ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်၊ အဲဒီအဆင့်ကနေပြီး ပထမရတဲ့အဆင့်အလိုက် တစ်ယောက်စီကို ရွေးချယ်ပြီးတော့ အခြေခံပညာဦးစီးဌာနကို ပေးပို့ရပါတယ်။ ပန်းချီနဲ့ စာစီစာကုံးကို ပညာရှင်တွေနဲ့ စိစစ်ပြီး ရွေးချယ်ခဲ့တာပါ။

**မသိဂီရွှေ(စာစီစာကုံး ပထမဆု၊ တောင်ကြီးနည်းပညာတက္ကသိုလ်)**

အာဆီယံနှစ်(၅၀)ပြည့် စာစီစာကုံးပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်တဲ့အကြောင်းကတော့ ဆရာမက ဝင်ပြိုင်မလားဆိုလို့ ဝင်ပြိုင်ဖြစ်ခဲ့ပါတယ်။ စာစီစာကုံးပြိုင်ပွဲကို ငယ်ငယ်လေးကတည်းက ဝါသနာပါပါတယ်။ ကျွန်မက အဆင့်မြင့်ပညာအဆင့် အာဆီယံနှစ်(၅၀)ပြည့် စာစီစာကုံးပြိုင်ပွဲမှာ ပထမဆုရရှိခဲ့ပါတယ်။ စာစီစာကုံးပြိုင်ပွဲမှာ အာဆီယံဖြစ်ပေါ်လာတဲ့ သမိုင်းကြောင်း၊ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအသင်းမှာ ဘယ်နှခုနှစ်ကနေ ပါဝင်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့တယ်။ အဲဒီအပြင် မြန်မာနိုင်ငံအနေနဲ့ အာဆီယံအပြင် တခြားနိုင်ငံတွေနဲ့ပါ ဘယ်လို ပေါင်းစည်းပြီးလုပ်ကိုင်ခဲ့တယ်။ အခုဆိုရင် ဘယ်အခြေအနေတွေ ရောက်နေပြီ။ နောင်လာမယ့် အနာဂတ်မှာလည်း ဘယ်လောက်အထိ မျှော်မှန်းထားတယ်။ ဆက်လက်ပြီး ရှေ့ကလူကြီးတွေ လုပ်ပေးခဲ့တဲ့အတိုင်း လူငယ်တွေအနေနဲ့လည်း ဘယ်လောက်အထိ ပခုံးပြောင်းပြီး လုပ်ဆောင်သင့်သလဲဆိုတာတွေကို သီကုံးရေးဖွဲ့ခဲ့ခြင်းဖြစ်ပါတယ်။

**မအေးငြိမ်းသူ(စာစီစာကုံး ပထမဆု၊ ကျောက်ဆည် အစိုးရစက်မှုလက်မှုသိပ္ပံ)**

ကျောင်းတွင်း စာစီစာကုံးပြိုင်ပွဲမှာ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်က မေဂျာ လေးမေဂျာပေါင်းစုံ တစ်ကျောင်းလုံးပထမတွေစုပြီးတော့ မန္တလေးတိုင်း ဒေသကြီးအတွက် ရွေးချယ်ပါတယ်။ တိုင်းဒေသကြီးအဆင့် ဆန်ခါတင် ၁၀ ဦးထဲမှာ ကျွန်မက စတုတ္ထအဆင့်ရရှိခဲ့ပါတယ်။ ကျွန်မက နေပြည်တော်မှာတော့ "ပြောင်းလဲဖို့ရာ၊ ပေါင်းစည်းပါ၊ ကမ္ဘာနီးဝေး ထိတွေ့ပေး"ဆိုတဲ့ ခေါင်းစဉ်နဲ့ နည်းပညာနှင့် သက်မွေးပညာအဆင့် အာဆီယံ နှစ်(၅၀)ပြည့် စာစီစာကုံးပြိုင်ပွဲမှာ ပထမဆုရရှိခဲ့ပါတယ်။ ကျွန်မက စာစီစာကုံးပြိုင်ပွဲမှာ လူ့အဖွဲ့အစည်းမှာဆိုရင် လူတစ်ဦးချင်း၊ တစ်ယောက်ချင်း၊ နိုင်ငံဆိုရင်လည်း တစ်နိုင်ငံတည်းနေလို့ မရတဲ့အကြောင်း၊ အဲဒါကြောင့် နိုင်ငံတွေ ပေါင်းစည်းပြီးတော့ အားလုံးလက်တွဲညီညီ လုပ်ဆောင်သင့်တဲ့အကြောင်း၊ ပြီးတော့ ဒီအာဆီယံထဲကို မြန်မာနိုင်ငံ ဝင်လာတဲ့အတွက်ကြောင့် ဘယ်လို တိုးတက်လာတဲ့အကြောင်း၊ ဒီလိုမျိုး တိုးတက်မှုတွေ ဆက်ပြီးတော့ ရှိနေဖို့အတွက် ရှေ့ဆက်ပြီး အာဆီယံနဲ့ ပူးပေါင်းပြီး လုပ်ဆောင်သင့်တဲ့အကြောင်း စတာတွေကို သီကုံးရေးဖွဲ့ခဲ့ခြင်းဖြစ်ပါတယ်။

**မစုမြတ်ရွှေရည်[စာစီစာကုံး ပထမဆု၊ တောင်ဒဂုံ အထက(၂)]**

ကျွန်မက အာဆီယံနှစ်(၅၀)ပြည့် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာ အထက်တန်းအဆင့်မှာ ပထမရရှိခဲ့ပါတယ်။ စာစီစာကုံးရဲ့ ခေါင်းစဉ်ကိုက "ပြောင်းလဲဖို့ရာ ပေါင်းစည်းပါ၊ ကမ္ဘာနီးဝေး ထိတွေ့ပေး"ဖြစ်တဲ့အတွက် လူတွေအားလုံး စည်းလုံးညီညာအောင်ကြောင်းဖြာ ဆိုတဲ့အတိုင်း စုစုစည်းစည်း၊ ပေါင်းပေါင်းစည်းစည်းနဲ့သာ ဆောင်ရွက်သွားမယ်ဆိုရင် မဖြစ်နိုင်တာမရှိပါဘူး။ ကမ္ဘာကြီးကိုလည်း ငြိမ်းချမ်းသာယာဖို့ ပြောင်းလဲပစ်နိုင်ပါတယ်ဆိုတဲ့ အကြောင်း၊ အာဆီယံအသင်းနဲ့အတူတူ လက်တွဲပြီးတော့ အာဆီယံဒေသဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်သွားမယ်ဆိုတဲ့ အကြောင်းတွေကို သီကုံးရေးဖွဲ့ခဲ့ခြင်းဖြစ်ပါတယ်။

ထို့ပြင်-

**"မမှိတ်မသုန်၊ မျက်လွှာစုံကို အာရုံစိုက်ကြည့်၊ မြင်ရဘိသို့ အာဆီယံကမ္ဘာ၊ ဖွံ့ဖြိုးလာမှု ရသစုများ၊ ထင်ရှားသက်သေပြနိုင်ပြီ။ အရှေ့တောင်အာရှ နယ်မြေမှသည် နီးဝေးကမ္ဘာ ထိတွေ့လာပြီး ပေါင်းစည်းအားအင် ပြည့်နှက်လျှင်မူ ညီတူမျှတ ရွှေရတုမှသည် ရာဆီချီပြီး တိုးတက်စွာဖြင့် ပြောင်းလဲမည်မှာ၊ မလွဲသာတည့်"**

ဆိုတဲ့ ကဗျာကိုလည်း အာဆီယံ နှစ်(၅၀)ပြည့် ရွှေရတုအတွက် အာဆီယံအသင်းကြီးနဲ့အတူ လက်တွဲဆောင်ရွက်သွားဖို့တင်မကဘဲ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူတွေကို ထိတွေ့ပေးချင်တဲ့အနေနဲ့ ဂုဏ်ပြုရေးဖွဲ့ခဲ့ပါတယ်။

**မဆုရည်မြတ်စံ[ပန်းချီပထမဆု၊ စစ်တွေ အထက(၂)]**

ကျွန်မက အာဆီယံနှစ်(၅၀)ပြည့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲမှာ ပထမဆုရရှိခဲ့ပါတယ်။ ပန်းချီထဲမှာ အာဆီယံနိုင်ငံအချင်းချင်း ကမ္ဘာတည်သရွေ့ ငြိမ်းချမ်းစွာ အတူပေါင်းသွားမယ်ဆိုတဲ့ သဘောမျိုး၊ ကြယ်ပွင့်လေးတွေက အလွန်စည်းလုံးတယ်ဆိုတဲ့ပုံစံမျိုး၊ ချိုးဖြူလေးရယ် ပြီးတော့ သူရဲ့အတောင်ပံမှာ လက် ၁၀ ချောင်း ရေးဆွဲထားတာက အာဆီယံ ၁၀ နိုင်ငံဟာ အတူလက်တွဲပူးပေါင်းပြီး ငြိမ်းချမ်းရေးကို ဖော်ဆောင်မယ့်ပုံစံမျိုး၊ လက် ၁၀ ချောင်းနဲ့ ဂဏန်း ၅၀ ကို ထွန်းညှိထားတဲ့ မီးတုတ်လေးကတော့ အာဆီယံ ၁၀ နိုင်ငံ အတူလက်တွဲပူးပေါင်း ဆောင်ရွက်တာဟာ အခုဆိုရင် နှစ်(၅၀)တိုင်ခဲ့ပြီဆိုတဲ့ သဘောမျိုးလေးတွေကို ပေါင်းစပ်ပြီး စိတ်ကူးစိတ်သန်းလေးတွေနဲ့ ရေးဆွဲထားခြင်းပဲ ဖြစ်ပါတယ်။

**မအိအိထွေး[ပန်းချီပထမဆု၊ တောင်ကြီး အထက(၁၀)]**

ကျွန်မက အာဆီယံနှစ်(၅၀)ပြည့် အခြေခံပညာအလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲမှာ ပထမဆုရရှိခဲ့ပါတယ်။ ဆွဲထားတဲ့ ပန်းချီထဲမှာတော့ အာဆီယံ ၁၀ နိုင်ငံ တစ်နိုင်ငံချင်းစီရဲ့ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာအမွေအနှစ်၊ ဝတ်စားဆင်ယဉ်မှုပုံလေးတွေ၊ အာဆီယံနိုင်ငံတွေရဲ့ အလံလေးတွေ၊ အာဆီယံနိုင်ငံတွေရဲ့ ငြိမ်းချမ်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ အချင်းချင်း စည်းလုံးမှုအပေါ်မှာ မူတည်ပါတယ်ဆိုတာကို ပေါင်းစပ်ပြီး ရေးဆွဲထားခြင်းဖြစ်ပါတယ်။

နိုင်လင်းကြည်၊ ကိုမင်း

---

# လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**မော်လမြိုင် ဩဂုတ် ၁၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ပြည်ထောင်စု တရားသူကြီးချုပ်၏ မှာကြားချက်နှင့် လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီး မွန်ပြည်နယ်တရားလွှတ်တော် တရားရေးဦးစီးမှူး ဒေါ်ကြည်ကြည်စိန်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေး အခြေအနေနှင့် ရုံးလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြသည်။ ဆက်လက်၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးသိန်းမြင့်နှင့် ဦးညီညီစိုးတို့က တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ မှာကြားဆွေးနွေးခဲ့ပြီး ပြည်နယ်တရားလွှတ်တော် တရားစီရင်ရေးမှူးက ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ ဆွေးနွေးချက်များအပေါ် ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။

(၁၀၇)

---

# အခြေခံအပ်ချုပ်စက် သင်တန်းဖွင့်

**ရွှေကူ ဩဂုတ် ၁၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို နောင်လက်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၄ ရက်က ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းက ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ခြင်းဖြင့် အပ်ချုပ်စက်သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)



# ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းအနီး ပင်လယ်ပြင်၌ ငါးဖမ်းလှေတစ်စင်း မီးလောင်

**မြိတ် ဩဂုတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းအနောက်ဘက် ရေမိုင် ၁၂ မိုင်ခန့်အကွာ ပင်လယ်ပြင်၌ ဩဂုတ် ၁၃ ရက် ညနေ ၃ နာရီခွဲခန့်က ဝါးလတ်ငါးဖမ်း လှေတစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း အနောက်ဘက် ရေမိုင် ၁၂ မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် ဩဂုတ် ၁၃ ရက် ညနေ ၃ နာရီခွဲခန့်က သန်းထွန်းအောင်-၂၀ အမည်ရှိ ဝါးလတ်ငါးဖမ်းလှေသည် ငါးဖမ်းနေစဉ် စက်ချွတ်ယွင်းသွားသဖြင့် စက်ပြင်ရန် ကိုသန်းစိုးနှင့် ကိုသက်နိုင်(ခ)ဂျာမန်တို့နှစ်ဦးသည် စက်ခန်းအတွင်း စက်ပြင်နေစဉ် စက်အခန်းအတွင်းမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကိုသန်းစိုးတွင် ခန္ဓာကိုယ်မီးလောင်၍ ရေထဲသို့ ခုန်ချခဲ့ကြောင်းနှင့် ကိုသက်နိုင်(ခ)ဂျာမန်မှာ စက်ခန်းတွင် ကျန်ခဲ့ပြီး လှေပေါ်တွင်ပါလာသူ ၁၃ ဦးတို့မှာ ရေထဲသို့ ခုန်ချခဲ့ရာ အနီးဝန်းကျင်မှ ငါးဖမ်းစက်လှေသမားများ ကယ်ဆယ်ခဲ့ကြကြောင်း သိရသည်။

စက်ခန်းမီးလောင်ပြီး မိနစ် ၄၀ ခန့်အကြာ ပြင်စဘု ရေတပ်စခန်းမှ စစ်ရေယာဉ်ရောက်ရှိလာပြီး မီးလောင်နေသည့်လှေအား ဝိုင်းဝန်းမီးငြိမ်းသတ်ပေးခဲ့ပြီး မီးလောင်ဒဏ်ရာရရှိသူ ကိုသန်းစိုးအား ပြင်စဘုကျွန်း မှတစ်ဆင့် မြိတ်ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သန်းထွန်းအောင်-၂၀ အမည်ရှိ ဝါးလတ်ငါးဖမ်းလှေပေါ်တွင် ပဲ့နင်းအပါအဝင် ရေလုပ်သား ၁၅ ဦးပါရှိပြီး ဩဂုတ် ၇ ရက်က မြိတ်ဆိပ်ကမ်းမှ ငါးဖမ်းဆီးရန် ပင်လယ်ပြင်သို့ ထွက်ခွာသွားသည့် စက်လှေဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာ ၆၂၉ ဦးအနက် H1N1 ပိုးတွေ့လူနာ ၂၃၅ ဦးရှိခဲ့ပြီး ယနေ့အထိ ရာသီတုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၂၃ ဦးရှိသွားပြီဖြစ်

**နေပြည်တော် ဩဂုတ် ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm09 စောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၁၂ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ငါးဦးတွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၀ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက် ကုသသူစုစုပေါင်းလူနာ ၆၂၉ ဦးအနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၂၃၅ ဦးရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 ဖြင့် သေဆုံးသူစုစုပေါင်း ၂၃ ဦးရှိကြောင်း ယနေ့ထုတ်ပြန်ချက်အရ သိရှိရသည်။

ယင်းထုတ်ပြန်ချက်တွင် H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၈ ဦး ရှိကြောင်း။

ယနေ့မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် H1N1 ပိုးတွေ့ အတွင်းလူနာ ငါးဦး၊ အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၆၈ ဦး၊ စုစုပေါင်း ၇၃ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်နေသူများတွင် H1N1 ပိုးတွေ့လူနာများ သာမက ပိုးမတွေ့လူနာများအား လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ရောဂါကုသရေးလမ်းညွှန်များ အတိုင်း ထိရောက်သောကုသမှုများရရှိရန် အထူးအလေး ပေးဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

❒

# မောင်တောမြို့နယ်၌ မသင်္ကာသူသုံးဦး ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်း ဆောင်ရွက်စဉ် မသင်္ကာသူ သုံးဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ဇင်ပိုင်ညာ ကျေးရွာနှင့် ဖူကာလီကျေးရွာများ အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယနေ့ နံနက် ၄ နာရီခန့်က ဖူကာလီ ကျေးရွာမှ မာမတ်ကာဆဲရ်နှင့် အဒူရာမာန်တို့အား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ အဒူရာမာန်သည် ဖူကာလီ ကျေးရွာမီးရှို့မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် တရားခံပြေးဖြစ်ကြောင်း သိရသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ည ၁၁ နာရီခန့်က လိပ်ရအလယ်ရွာမှ အီစွပ်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ အနက်ရောင် မျက်နှာဖုံးစွပ်တစ်ခု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး ဆင်းကတ်ပါ လက်ကိုင်ဖုန်း နှစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘားအံမြို့နယ်တွင် ငွေကျပ်သိန်း ၃၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၄**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် နံနက် ၇ နာရီခွဲက တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက်နေ စိုင်းကျော်နေလင်း၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၂၀ ဂရမ်ကိုလည်းကောင်း၊ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၊ နေနေမျိုးအောင်ထံမှ ဝယ်ယူသုံးစွဲကြောင်း ကွင်းဆက်ဖော်ထုတ်ချက်အရ မျိုးအောင်၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၇၀၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆၀၀ တို့ကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၁၃ ရက် ည ၁၁ နာရီက တောင်ကြီးမြို့အဝင် (၄)မိုင်ပူးပေါင်း စစ်ဆေးရေးစခန်းတွင် ခွန်အောင်နိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀ ကိုလည်းကောင်း၊ အလားတူ လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက် ညနေ ၆ နာရီက လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ လုံးကြီး၏နေအိမ်ကိုရှာဖွေရာ လုံးကြီးနှင့်အတူ ဇနီးမနန်းညွန့်တို့အား တွေ့ရှိပြီး မနန်းညွန့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ နှင့် ဘိန်းဖြူ ၁ ဒသမ ၂ ဂရမ်၊ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ ဘိန်းဖြူ ၁၀ ဂရမ်နှင့် ငွေကျပ် ၃၁၀၅၀၀ တို့ကိုလည်းကောင်း၊ ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ည ၇ နာရီက ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု မွေးမြူရေးဇုန်နေ စောကျော်ခေါင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဆင်သတ်ဖြတ်သူတစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

သာပေါင်းမြို့နယ် အိမ်စိုးချောင်းလက်တက်၌ တောဆင်ရိုင်းတစ်ကောင်ကို သတ်ဖြတ်သူတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ယမန်နေ့က ဖမ်းဆီးရမိကြောင်း သိရသည်။

သာပေါင်းမြို့နယ် သစ်တောဦးစီးဌာန သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ နယ်မြေခံရဲတပ်ဖွဲ့နှင့် ကျေးရွာပြည်သူ့စစ်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ယမန်နေ့မွန်းလွဲ ၂ နာရီခန့်က သာပေါင်းမြို့နယ် အိမ်စိုးချောင်းလက်တက်တွင် ဆင်သားရေနှင့်အမြီးကိုလှီးဖြတ်၍ ဆင်စွယ်ကို ထွင်းယူထားပြီး သေဆုံးနေသော ဆင်တစ်ကောင်ကိုတွေ့ရှိခဲ့သဖြင့် ဆင်သတ်တရားခံများအား ဖမ်းဆီးနိုင်ရေး ဆက်လက်ဖော်ထုတ်ရာ ညနေ ၅ နာရီခန့်က ဆင်အရေခွံများအား ကြပ်တိုက်နေသော အဖွဲ့နှင့်တွေ့ရှိပြီး ဖမ်းဆီးရန်ဆောင်ရွက်စဉ် အဆိုပါအဖွဲ့က တူမီးဖြင့် ပြန်လည်ပစ်ခတ်သဖြင့် သစ်တောလုံခြုံရေးတပ်ဖွဲ့မှ သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးရာ ဆင်သတ်တရားခံချိုတင်၏ ယာပေါင်အားထိမှန်၍ ဖမ်းဆီးရမိခဲ့ပြီး ကျန်နှစ်ဦးမှာ တောထဲသို့ ထွက်ပြေးသွားကြောင်း သိရသည်။

ဆင်သတ်တရားခံနှင့်အတူ ဆင်စွယ်လေးချောင်း၊ ဆင်သားရေခုနစ်ခု၊ ကြပ်တင်ထားသည့် ဆင်အသားမြှောင်းငါးခု၊ ဆင်အမြီးတစ်ချောင်း၊ တူမီးသေနတ်နှစ်လက်အပါအဝင် သက်သေခံပစ္စည်း ၁၇ မျိုး သိမ်းဆည်းရမိခဲ့ပြီး ဆင်သတ်တရားခံများအား ဆက်လက်ရှာဖွေဖော်ထုတ် ဖမ်းဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပိတောက်သစ်လုံးများ တရားမဝင်သယ်ဆောင်လာမှု ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**မန္တလေး ဩဂုတ် ၁၄**

**မန္တလေးမှ မူဆယ်သို့** သွားရောက်မည့် ၂၂ ဘီးတွဲယာဉ်ပေါ်တွင် ပိတောက်သစ်လုံးများ သယ်ဆောင်လာသည်ကို ရေပူစစ်ဆေးရေး စခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဩဂုတ် ၁၃ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဩဂုတ် ၁၃ ရက်က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်(၁၉၁/၇) လုံပန်ဖက်ရွာအနီး၌ ၂၂ ဘီး တွဲယာဉ် တစ်စီး မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် စပါးခွံအိတ်များဖြင့်ဖုံးအုပ်ထားသည့် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်သစ်လုံး ၂၀ (၂ ဒသမ ၄၀၇၂ တန်)၊ ပိတောက်ခားရွေ ၇၁ လုံး (၇ ဒသမ ၃၀၃၀ တန်)နှင့် ပစ္စည်းသယ်ဆောင်လာသည့်ယာဉ် တစ်စီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇ ဒသမ ၉၂၇ သန်းကို သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



အဆိုပါ ဩဂုတ် ၁၃ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တရားမဝင်ကုန်သွယ်မှုများအား တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅ ဒသမ ၈၈၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၆၆၆ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉ ဒသမ ၅၅၁ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**

# ကွင်းလယ်ဒိုင်ကို တွန်းခဲ့သည့် စီရိုနယ်လ်ဒို ၁၂ ပွဲအထိ ပွဲပယ်ပြစ်ဒဏ် ကျခံရဖွယ်ရှိနေ

ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ စပိန်စူပါဖလားပထမအကျော့ ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ကွင်းလယ်ဒိုင်အား တွန်းခဲ့ခြင်းကြောင့် ပွဲစဉ် ၁၂ ပွဲအထိ ပွဲပယ်ပြစ်ဒဏ်ကျခံရဖွယ်ရှိနေကြောင်း သိရသည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲကစားချိန် မိနစ် ၈၀ အတွင်း ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲကစားချိန် ၈၂ မိနစ်တွင် ကွင်းလယ်ဒိုင်အား တွန်းခဲ့ခြင်းကြောင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။

ထိုသို့ တစ်ယောက်လျော့အနေအထားဖြင့် ကစားခဲ့ရသော်လည်း ပွဲကစားချိန် မိနစ် ၉၀ တွင် သွင်းယူခဲ့သည့် အဆန်စီယို၏ သွင်းဂိုးထပ်မံရရှိခဲ့ခြင်းကြောင့် ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ဘာစီလိုနာအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ဘာစီလိုနာနောက်ခံလူပီကေး၏ အမှားမှတစ်ဆင့်ရရှိခဲ့သည့်သွင်းဂိုး၊ တိုက်စစ်မှူး စီရိုနယ်လ်ဒို၏ သွင်းဂိုးနှင့် အဆန်စီယိုတို့က သွင်းဂိုး အသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ဘာစီလိုနာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို တိုက်စစ်မှူးမက်ဆီက ပင်နယ်တီသွင်းဂိုးမှတစ်ဆင့် ရယူပေးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် သတင်းများထွက်ပေါ်နေသည့်အတိုင်း ၁၂ ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဆိုပါက ဩဂုတ် ၁၆ ရက်တွင် ဘာစီလိုနာအသင်းနှင့် ကစားမည့် စပိန်စူပါဖလား ဒုတိယအကျော့ပွဲစဉ်အပါအဝင် ဩဂုတ် ၂၀ ရက်တွင် ဒီပို့တီဗို၊ ဩဂုတ် ၂၇ ရက်တွင် ဗလန်စီယာ၊ စက်တင်ဘာ ၉ ရက်တွင် လီဗန်တေး၊ စက်တင်ဘာ ၁၇ ရက်တွင် ဆိုစီဒက်၊ စက်တင်ဘာ ၂၀ ရက်တွင် ဘတ်တစ်၊ စက်တင်ဘာ ၂၄ ရက်တွင် အလာဗက်၊ အောက်တိုဘာ ၁ ရက်တွင် အက်စ်ပန်ညို၊ အောက်တိုဘာ ၁၅ ရက်တွင် ဂီတာဖေး၊ အောက်တိုဘာ ၂၂ ရက်တွင် အီဘား၊ အောက်တိုဘာ ၂၉ ရက်တွင် ဂျီနိုအာ၊ နိုဝင်ဘာ ၅ ရက်တွင် လက်စ်ပဲမက်စ်စသည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။




ငွေကြယ် - ရေးသားသည်




# ချယ်လ်ဆီးအသင်းတွင် ကစားခွင့်မရ၍ ထွက်ခွာခွင့်ပြုရန် တောင်းဆိုခဲ့ခြင်းကို ခွင့်မပြုခဲ့ခြင်းအပေါ် ကော်စတာ မေးခွန်းထုတ်

ချယ်လ်ဆီးအသင်း၏ ယခုနှစ်ရာသီ အသုံးပြုမည့်ကစားသမားစာရင်းတွင် မပါဝင်ခဲ့သော်လည်း အသင်းမှထွက်ခွာခွင့်တောင်းခြင်းကိုပင် ခွင့်မပြုခဲ့ခြင်းနှင့် ပတ်သက်၍ တိုက်စစ်မှူးကော်စတာက မေးခွန်းထုတ်ခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်း၏ အားထားရသည့် တိုက်စစ်မှူးတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည့် တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် အသင်းဟောင်း အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် မေလအတွင်းက ယှဉ်ပြိုင်ခဲ့သည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းနှင့်အတူ နောက်ဆုံးပါဝင်ကစားခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း၏ ပွဲထွက်ကစားသမားစာရင်းတွင် ကော်စတာအား ပါဝင်ကစားခွင့်ပြုတော့မည် မဟုတ်ကြောင်း အသင်းနည်းပြ ကွန်တီက ဇွန်လအတွင်းက ကော်စတာထံ စာရေးသားပေးပို့ခဲ့သည်။

ဘန်လေအသင်းကို ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အပြီးတွင် ချယ်လ်ဆီးအသင်းက အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာရန် တောင်းဆိုထားခဲ့ကြောင်း တိုက်စစ်မှူး ဒီယေဂိုကော်စတာက ပြောကြားခဲ့သည်။

သို့ရာတွင် တိုက်စစ်မှူးဒီယေဂိုကော်စတာကမူ ချယ်လ်ဆီးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာရန် ငြင်းဆိုထားခဲ့သည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ချယ်လ်ဆီးအသင်းနှင့် ဘန်လေအသင်းတို့၏ ပွဲစဉ်တွင် ပါဝင်ကစားခွင့်မရရှိခဲ့သည့်အပြင် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်များမှာပင် ပါဝင်လေ့ကျင့်ကစားခွင့် မရရှိခဲ့ပေ။

ထို့ကြောင့် တိုက်စစ်မှူး ဒီယေဂိုကော်စတာက မိမိအား အသင်းတွင် ဆက်မရှိလိုပါက အသင်းမှ ထွက်ခွာခွင့်ပြုသင့်ကြောင်းနှင့် အသင်းမှ မည်သည့်အကြောင်းပြချက်ကြောင့် ထွက်ခွာခွင့်မရကြောင်းတို့နှင့် စပ်လျဉ်း၍ မေးခွန်းထုတ်ခဲ့သည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ၂၀၁၄ ခုနှစ်အတွင်းက စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားနှစ်ကြိမ်နှင့် လိဂ်ဖလားတစ်ကြိမ်တို့ကို ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

# ရာသီအဖွင့်မှာ အနိုင်ရလဒ်ဆောင်ကြဉ်းနိုင်ခဲ့သည့် မန်ယူ အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်ခွင့်ရရှိ

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၁)အဖြစ် ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်း အိုးထရက်ဖို့ဒ်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်ခွင့်ရရှိခဲ့သည်။

မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့၏ ပွဲစဉ်တွင် မန်ယူအသင်းသည် ယခုနှစ်တွင် ခေါ်ယူထားခဲ့သည့် တိုက်စစ်မှူး လူကာကူနှင့် မာတစ်တို့ကို ပွဲထွက်ကစားသမားအခင်းအကျင်းတွင် ထည့်သွင်းအသုံးပြုခဲ့ပြီး ဧည့်သည်အဖြစ် လာရောက်ကစားခဲ့သည့် ဝက်စ်ဟမ်းအသင်းကို အချိန်ပြည့်ဖိအားပေးကစားနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် တိုက်စစ်မှူး လူကာကူ၏ ပွဲကစားချိန် ၃၃ မိနစ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၅၂ မိနစ်တွင် လူကာကူက နောက်ထပ်တစ်ဂိုး၊ ၈၇ မိနစ်တွင် လူစားဝင်ကစားသမား မာရှယ်က တစ်ဂိုးနှင့် မိနစ် ၉၀ တွင် ပေါ့ဘာက တစ်ဂိုး အသီးသီး ဂိုးသွင်းနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရာသီအဖွင့် ပွဲထွက်ကစားသမားစာရင်းနှင့် ကစားသမားများ၏ စွမ်းဆောင်ရည်ကောင်းမွန်မှုသည် ယခုနှစ်မန်ယူအသင်းအတွက် ရလဒ်ကောင်းတစ်ခုပိုင်ဆိုင်နိုင်မည့်အနေအထားတစ်ရပ်ကို စတင်ပြသခဲ့ခြင်းဖြစ်ပြီး နည်းပြမော်ရင်ဟိုကလည်း ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲလေးရပ်ဖြစ်သည့် ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်၊ အက်ဖ်အေ၊ လိဂ်ဖလား ပြိုင်ပွဲများကို ကစားရမည်ဖြစ်သောကြောင့် ကစားသမားအစုံအသုံးပြုရန်လည်း စီစဉ်ထားသည်ဟုလည်း ဆိုသည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အဲဗာတန်တိုက်စစ်မှူး လူကာကူ၊ ချယ်လ်ဆီးကွင်းလယ်ကစားသမား မာတစ်၊ ဘင်ဖီကာနောက်တန်းကစားသမား လင်ဒီလော့ဖ်တို့ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၁၅၀ နီးပါးအထိအသုံးပြုခဲ့ခြင်းသည် နည်းပြမော်ရင်ဟို၏ ဆုံးဖြတ်ချက်မှန်ကန်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ထို့ပြင် နည်းပြမော်ရင်ဟိုနှင့် မန်ယူအသင်းအပါအဝင် မန်ယူပရိသတ်များလိုလားတောင့်တနေသည့် ၂၀၁၃ ခုနှစ်ကတည်းက ဝေးကွာခဲ့သည့် ပရီမီယာလိဂ်ဆုဖလားကိုလည်း ယခုနှစ်ဘောလုံးရာသီတွင် ပြန်လည်ရယူနိုင်မည်ဆိုသည့် သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။

တိုက်စစ်မှူးလူကာကူသည် ရာသီအဖွင့်ပွဲစဉ်တွင် ဂိုးသွင်းနိုင်ခဲ့ခြင်းကြောင့် မတူညီသည့် အသင်းသုံးသင်းတွင် ဂိုးသွင်းယူနိုင်သည့် စံချိန်တစ်ရပ်ရရှိခဲ့ပြီး ယခင်က ဝက်စ်ဘရွန်းအသင်းနှင့် အဲဗာတန်အသင်းတို့တွင် ကစားခဲ့စဉ်က ရာသီအဖွင့်ဂိုးများသွင်းယူနိုင်ခဲ့ကာ ယခုမန်ယူအသင်းနှင့်လည်း ရာသီအဖွင့်ဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။



၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀) ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



တက္ကသိုလ် ဟန်စိုးဦး

# အာဆီယံ နှစ်(၅၀)ခရီး

ယခင်အပတ်မှအဆက်

**အာဆီယံ–တရုတ်**

၁၉၉၁ ခုနှစ်မှစတင်ပြီး တရုတ်နိုင်ငံဟာ ကွာလာလမ်ပူမြို့မှာ ပြုလုပ်ခဲ့တဲ့ (၂၄) ကြိမ်မြောက် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးမှာ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံအဖြစ် စတင်ပါဝင်လာခဲ့ပြီး ၁၉၉၆ ခုနှစ် ဇူလိုင်လမှာ အာဆီယံအဖွဲ့ကြီးရဲ့ ဆွေးနွေးဖက်နိုင်ငံ အပြည့်အဝဖြစ်လာခဲ့ပါတယ်။ ၂၀၀၃ ခုနှစ် အောက်တိုဘာလမှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှာ ကျင်းပပြုလုပ်တဲ့ (၇) ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးမှာ အာဆီယံအဖွဲ့ကြီးနဲ့ တရုတ်နိုင်ငံက ခေါင်းဆောင်များဟာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်နိုင်ဖို့ လုပ်ငန်းအစီအစဉ်တွေကိုလည်း ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၁၅ ခုနှစ်တို့မှာ အသီးသီးအတည်ပြုနိုင်ခဲ့ပါတယ်။ ၂၀၁၆-၂၀၂၀ ကာလအတွက် တတိယအကြိမ် လုပ်ငန်းအစီအစဉ်ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလမှာ ကျင်းပပြုလုပ်တဲ့ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ အတည်ပြုနိုင်ခဲ့ပါတယ်။

အာဆီယံနဲ့ တရုတ်နိုင်ငံတို့ဟာ လယ်ယာစိုက်ပျိုးရေး၊ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ မဲခေါင်မြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စတဲ့ ဦးစားပေးကဏ္ဍကြီး ၁၁-ရပ်မှာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါတယ်။ အာဆီယံ-တရုတ်မိတ်ဖက်ဆက်ဆံမှု (၂၅) နှစ်ပြည့်မြောက်တဲ့ အထိမ်းအမှတ်အဖြစ် ထိပ်သီးအစည်းအဝေးကို ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) ကို ၂၀၀၃ ခုနှစ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ TAC စာချုပ်ကို ပထမဆုံး ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့ အာဆီယံအသင်းကြီးရဲ့ မိတ်ဖက်နိုင်ငံလည်းဖြစ်ပါတယ်။

တောင်တရုတ်ပင်လယ်အတွင်းမှာ ငြိမ်းချမ်းမှု၊ ခင်မင်ရင်းနှီးမှုနဲ့ သဟဇာတမျှတမှုကို မြှင့်တင်နိုင်ဖို့အတွက် အာဆီယံအဖွဲ့ကြီးနဲ့ တရုတ်နိုင်ငံအကြား တောင်တရုတ်ပင်လယ်အတွင်း သက်ဆိုင်တဲ့နိုင်ငံများ လိုက်နာရမယ့်ကျင့်ဝတ်ဆိုင်ရာ ကြေညာချက် (Declaration on the Conducts of Parties in the South China Sea-DOC) ကိုလည်း ၂၀၀၂ ခုနှစ် နိုဝင်ဘာလအတွင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ DOC ကို အကောင်အထည်ဖော်နိုင်ဖို့ လမ်းညွှန်ချက်တွေ (Guidelines) ကိုလည်း အာဆီယံအဖွဲ့ကြီးနဲ့ တရုတ်နိုင်ငံအကြား ၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်း ဘာလီမြို့မှာ အတည်ပြုနိုင်ခဲ့ပါတယ်။ အာဆီယံ-တရုတ်မိတ်ဖက်ဆက်ဆံမှု (၂၅) နှစ်ပြည့်မြောက်တဲ့ အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးမှာ DOC ကို အပြည့်အဝနဲ့ ထိထိရောက်ရောက် အကောင်အထည်ဖော်သွားဖို့နဲ့ တောင်တရုတ်ပင်လယ်အတွင်း လိုက်နာရမယ့်ကျင့်ထုံး (Code of Conducts in the South China Sea-COC) တွေကို တူညီဆန္ဒနဲ့ ဆောလျင်စွာ အတည်ပြုသွားနိုင်ဖို့လည်း နှစ်ဖက်ခေါင်းဆောင်တွေအကြား လက်တွဲဆောင်ရွက်သွားကြဖို့ ဖော်ပြခဲ့ကြပါတယ်။ အခုဆိုရင် အာဆီယံနဲ့ တရုတ်နိုင်ငံအကြား COC ရဲ့ အခြေခံမူဘောင် (Framework of COC in the South China Sea) တွေကို ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပြီးဖြစ်တဲ့အတွက် တိုးတက်မှုတွေ ရရှိလာခဲ့ပြီဖြစ်ပါတယ်။

တရုတ်နိုင်ငံနဲ့ အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုဟာ ပုံမှန်ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ နှစ်ဘက်ကုန်သွယ်မှုတန်ဖိုးဟာ ၂၀၁၅ ခုနှစ်မှာ ၃၄၆ ဒသမ ၄ ဘီလီယံဒေါ်လာရှိတဲ့အတွက် တရုတ်နိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံဖြစ်ပါတယ်။ အလားတူ တရုတ်နိုင်ငံရဲ့ အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံ ရှိတာကြောင့် တရုတ်နိုင်ငံဟာ အာဆီယံအတွင်းမှာ စတုတ္ထမြောက် အကြီးဆုံးရင်းနှီးမြှုပ်နှံတဲ့နိုင်ငံ ဖြစ်ပါတယ်။ အာဆီယံနဲ့ တရုတ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်နိုင်ဖို့ နှစ်ဘက်က ထွက်ကုန်ပစ္စည်းတွေကို ခင်းကျင်းပြသတဲ့ အာဆီယံ-တရုတ်ကုန်စည်ပြပွဲ (ASEAN-China Expo) ကို တရုတ်နိုင်ငံ ကွမ်းရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့မှာ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပါတယ်။ အာဆီယံ-တရုတ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (ASEAN-China Business and Investment Summit-CABIS) ကိုလည်း ကုန်စည်ပြပွဲနဲ့အတူ နှစ်စဉ် ပူးတွဲကျင်းပလျက်ရှိပါတယ်။




19-ုudkifrmuftmqD,H-w½kwfxdyfodD;tpnf;ta0;tm;2016 ckESpfpufwifbmv twif;
vmtdEkdifihH,Dif;usefrdkUwGifusif;ypfyjvkyfcJhonf

**အာဆီယံ–ကုလသမဂ္ဂ**

ကုလသမဂ္ဂအဖွဲ့ကြီးဟာ အာဆီယံအဖွဲ့ကြီးနဲ့ ထိတွေ့ဆက်ဆံမှုတွေကို ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (United Nations Development Programme-UNDP) ကနေတစ်ဆင့် ၁၉၇၀ ပြည့်နှစ်ကာလတွေကတည်းက စတင်ခဲ့တာဖြစ်ပါတယ်။ အာဆီယံနဲ့ ကုလသမဂ္ဂအကြား ပထမဆုံး ထိပ်သီးအစည်းအဝေးကို ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ စတင်ပြုလုပ်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်း အာဆီယံနဲ့ ကုလသမဂ္ဂအဖွဲ့ကြီးအကြား နယူးယောက်မြို့မှာ လက်မှတ်ရေးထိုးခဲ့တဲ့ အာဆီယံ-ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အာဆီယံနဲ့ ကုလသမဂ္ဂအကြား မိတ်ဖက်ဆက်ဆံမှုကို စတင်ခဲ့ပါတယ်။

ဒေသတွင်းနဲ့ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးထိန်းသိမ်းမြှင့်တင်ရေးဟာ အာဆီယံနဲ့ ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်ရေးမှာ အဓိကကျတဲ့ ကဏ္ဍရပ်တစ်ခုဖြစ်ပါတယ်။ ငြိမ်းချမ်းမှုထိန်းသိမ်းရေးကိစ္စရပ်များ၊ ပဋိပက္ခအလွန်ကာလ ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများမှာလည်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်တွေမှာ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေက တပ်မတော်သားနဲ့ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၅၅၀၀ ဟာ ပါဝင်အထောက်အကူပြုခဲ့ကြပါတယ်။ အလားတူ လူ့အခွင့်အရေးမြှင့်တင်ရေးကိစ္စဟာလည်း အာဆီယံနဲ့ ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်နေတဲ့ ဦးစားပေးကဏ္ဍတစ်ခုဖြစ်ပါတယ်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (UN High Commissioner for Human Rights-OHCHR) နဲ့ အာဆီယံ လူ့အခွင့်အရေးဆိုင်ရာ အစိုးရအချင်းချင်း ကော်မရှင် (ASEAN Intergovernmental Commission on Human Rights-AICHR)၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေး ကာကွယ်ရေးနှင့် တိုးမြှင့်ရေးဆိုင်ရာ အာဆီယံကော်မရှင် (ASEAN Commission on the Promotion and Protection of the Rights of Women and Children-ACWC) နဲ့ အာဆီယံ အမျိုးသမီးရေးရာကော်မတီ (ASEAN Committee of Women-ACW) တို့အကြား စွမ်းရည်မြှင့်တင်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်လျက်ရှိပါတယ်။

> ဒေသတွင်းနဲ့ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးထိန်းသိမ်းမြှင့်တင်ရေးဟာ အာဆီယံနဲ့ ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်ရေးမှာ အဓိကကျတဲ့ ကဏ္ဍရပ်တစ်ခုဖြစ် . . .

အာဆီယံနဲ့ ကုလသမဂ္ဂအကြား စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စားနပ်ရိက္ခာနဲ့ စွမ်းအင်လုံခြုံရေးကဏ္ဍ၊ ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များရရှိရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ လူမှုဖူလုံရေးအပါအဝင် လူသားဘဝမြှင့်တင်ရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကဏ္ဍ၊ ယဉ်ကျေးမှုနဲ့ ပညာရေးကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်လျက်ရှိပါတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံကာလအတွင်း နယူးယောက်မြို့မှာ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများနဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့အကြား ပုံမှန်တွေ့ဆုံဆွေးနွေးမှုတွေကိုလည်း ၂၀၁၀ ပြည့်နှစ်ကစပြီး ကျင်းပလျက်ရှိပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**




(8)udkifrmuftmqD,H-ukvor*¾xdyfodD;tpnf;ta0;tm;2016 ckESpfpufwifbmv twif;
vmtdEkdifihH,Dif;usefrdkUwGifusif;ypfyjvkyfcJhonf

# မကွေးတိုင်းဒေသကြီးတရားလွှတ်တော် လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံရှင်းလင်း

**မကွေး ဩဂုတ် ၁၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီးပြည်နယ်တရားရေးဦးစီးမှူးများ၏ (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံများ ရှင်းလင်းသည့် အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အတွေ့အကြုံများရှင်းလင်းဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့်တရားရေးအရာရှိများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများ စုစုပေါင်း ၆၇ ဦး တက်ရောက်ပြီး မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ၏ မှာကြားချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမြင့်သိန်းနှင့်ဒေါ်နုယဉ်တို့က တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးအယ်လ်တိန်းဘောမ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များကိုလည်းကောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**





# နှစ်(၁၀၀)ပြည့်ပန်း၁၀မျိုးအနုပညာပြပွဲသို့မြို့နယ်ပန်းပညာရှင်များပူးပေါင်းပြသနိုင်ရန် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)ကမြို့နယ်များအရောက်စည်းရုံး

**မုံရွာ ဩဂုတ် ၁၄**

ပုဂံတွင်ပြုလုပ်မည့် နှစ် (၁၀၀) ပြည့် ပန်း ၁၀ မျိုးအနုပညာပြပွဲတွင် မြန်မာနိုင်ငံအတွင်းမှပန်း ၁၀ မျိုး အနုပညာရှင်အစုံအလင်ခင်းကျင်းပြသနိုင်ရန်အတွက် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)အဖွဲ့သည် ပြန်လည်ဖွဲ့စည်းထားသော မုံရွာမြို့နယ် ပန်းချီပန်းပုအစည်းအရုံးဝင်များနှင့် တွေ့ဆုံခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက မုံရွာမြို့ သလ္လာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင်နှစ် (၁၀၀) ပြည့် ပန်း ၁၀ မျိုး အနုပညာပြပွဲကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ငါးရက်တိုင် ပုဂံယဉ်ကျေးမှုပြတိုက်၌ မြန်မာနိုင်ငံအတွင်းမှ ပန်းချီပန်းပုအပါအဝင် ပန်း ၁၀ မျိုးအတတ်ပညာရှင်များသည် အာဆီယံ ၁၀ နိုင်ငံနှင့် ပြည်ပအနုပညာရှင်များဖြင့် ကျင်းပမည်ဖြစ်ရာ မုံရွာ၊ ကလေးနှင့်အထက်မြန်မာပြည် ပန်းပညာရှင်များ ပူးပေါင်းပါဝင်ကြရန်၊ တွန်းအားပေး စည်းရုံးရန် လာရောက်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)နိုင်ငံတကာဆက်ဆံရေးမှူး ပန်းချီမိုးကျော်သန့်ထံမှသိရသည်။

"၁၉၁၈ခုနှစ်က ဘားမားအက်ကလပ်က ပန်းချီပန်းပုဆရာကြီးများနဲ့ စတင်ခဲ့တဲ့ ပန်းချီ ပန်းပုလှုပ်ရှားမှုကြီးကနေ စတင်ခဲ့တာပါ။ ဒီဘက်ခေတ်မှာတော့ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)ဟာ ၂၀၁၈ ခုနှစ်ဆိုရင် နှစ် ၁၀၀ ပြည့်ပြီ။ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အနေနဲ့ မြန်မာ့ခေတ်ဆန်း ပန်းချီရာပြည့်အထိမ်းအမှတ် ပန်း ၁၀ မျိုး အနုပညာပွဲတော်ကို ပုဂံမှာ ငါးရက်လုပ်ပါမယ်။ နောက်တစ်ခုက အနုပညာအထူးထုတ်မဂ္ဂဇင်းကိုလည်း ဒီဇင်ဘာလထုတ်အဖြစ် ထုတ်ဝေဖို့စီစဉ်နေပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်လောက်မှာ ပုဂံယဉ်ကျေးမှုပြတိုက်မှာလုပ်မှာပါ။ နှစ် (၁၀၀) ပြည့် ဂုဏ်ပြုအကြို လှုပ်ရှားမှုအနေ နဲ့ဟောပြောပွဲတွေ ပြပွဲတွေ လုပ်နေပါတယ်"ဟု ပန်းချီ မိုးကျော်သန့်က ပြောကြားသည်။

မြန်မာ့ပန်းချီပန်းပုဖွံ့ဖြိုးရန် နိုင်ငံတော်ကချမှတ်ထားသည့်ယဉ်ကျေးမှု မူဝါဒများကိုနိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန်ဟူသောရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က မြို့နယ်ပန်းချီပန်းပုအဖွဲ့ဝင်များ စည်းရုံးရေးခရီးစဉ်ထွက်ခွာလျက်ရှိရာ မုံရွာမြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် ပန်းချီ ပန်းပုအစည်းအရုံးအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက မုံရွာမြို့ သလ္လာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးကိုအထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ (Two Step Loan)အစီအစဉ်အကြောင်းရှင်းလင်း

**မုံရွာ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၂)၌ JICA ချေးငွေအထောက်အပံ့ဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ(Two Step Loan) အစီအစဉ်အား ရှင်းလင်းခြင်းအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ (Two Step Loan)အစီအစဉ်ကို စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်သော ကျေးလက်ဒေသနေတောင်သူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊ တောင်သူများသို့ ကာလရှည်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချေးငွေများ အလွယ်တကူ ရရှိစေရန်၊ လယ်ယာကဏ္ဍနှင့်လယ်ယာကဏ္ဍကို အခြေခံသော စီးပွားရေးကဏ္ဍ၏ ကုန်ထုတ်လုပ်မှု စွမ်းအားများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသနှင့် မြို့ပြဒေသဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှုကို အထောက်အကူပြုစေရန် အတွက် တောင်သူများသို့ ထုတ်ချေးပေးရန်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးစိုးဦးက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက JICA ချေးငွေ အထောက်အပံ့ဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ (Two Step Loan)အစီအစဉ်အား ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်



လာသော ဌာနဆိုင်ရာများမှ မေးမြန်းချက်များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးပေးမည့် စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ (Two Step Loan)သည် စိုက်ဧက တစ်ဧကမှ ဧက ၅၀ အထိ လုပ်ကိုင်သောတောင်သူများ၊ တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ သုံးဦးမှ ၁၀ ဦးအထိ ပါဝင်သော အစုအဖွဲ့ပုံစံဖြင့်လည်းကောင်း ထုတ်ချေးပေးမည်ဖြစ်ပြီး တစ်ဦးချင်းအတွက် ငွေကျပ်သိန်း ၅၀၊ အစုအဖွဲ့အတွက် အများဆုံး ကျပ်သိန်း ၅၀၀ အထိ ထုတ်ချေးပေးမည့် အစီအစဉ်ဖြစ်ကြောင်းနှင့် စီမံကိန်းကာလကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ သတ်မှတ်ထားကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ပုလဲမြို့၌ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ လက်ဆေးခြင်းလက်တွေ့သရုပ်ပြ

**ပုလဲ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၁၁ နာရီက စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဒေါ်မွှေးမွှေးခင်က အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဒေါက်တာအေးငြိမ်းက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပုလဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်ကရာသီတုပ်ကွေးရောဂါ A(H1N1)ကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကိုဟောပြောခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများက လက်ဆေးခြင်းကို သရုပ်ပြသခဲ့သည်။

ထိုနောက် ပုလဲ-ဂန့်ဂေါ-ပခုက္ကူ ကားလမ်းဆုံ၌တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဗိုလ်မှူးကြီးကျော်သန့်နိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီးဒေါ်မွှေးမွှေးခင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်လူမှုရေးအသင်းအဖွဲ့များက ဖြတ်သန်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို Surgical Face Masksများနှင့် ရာသီတုပ်ကွေးရောဂါ A (H1N1 )အကြောင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မုံရွာဆေးရုံကြီးတွင် H1N1သံသယလူနာ တစ်ဦးနှင့်ပိုးတွေ့လူနာနှစ်ဦးတက်ရောက်ကုသလျက်ရှိရာ လက်ရှိတွင်အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိကြောင်းရှင်းလင်း

**မုံရွာ ဩဂုတ် ၁၄**

မုံရွာပြည်သူ့ဆေးရုံကြီးတွင် H1N1ကြောင့် လူနာများ ဆေးကုသလျက်ရှိသည်ဟူသောသတင်းကြောင့် မုံရွာ ဒေသခံများစိုးရိမ်မှု ရေချိန်မြင့်တက်လျက်ရှိရာ လက်ရှိ အခြေအနေကိုအများသိရှိစေရန်အတွက် ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အေးငြိမ်းက ၎င်း၏ရုံးခန်း၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ သည်။

လက်ရှိမုံရွာဆေးရုံကြီးတွင် H1N1 သံသယလူနာ တစ်ဦးနှင့် ပိုးတွေ့လူနာနှစ်ဦး တက်ရောက်ကုသလျက် ရှိရာအသက်အန္တရာယ်စိုးရိမ်ဖွယ်ရာမရှိကြောင်း သတင်း စာရှင်းလင်းပွဲတွင် ဒေါက်တာအေးငြိမ်းက ပြောကြား သည်။

"မုံရွာဆေးရုံကြီးမှာသံသယဖြစ်တဲ့လူနာ တစ်ဦးနဲ့ ပိုး တွေ့တဲ့ လူနာကGTCကျောင်းသူလေးတစ်ယောက်ရယ် တန့်ဆည်မြို့နယ်နဘက်ကြီး ဆေးရုံအလုပ်သမား တစ်ယောက်ရယ် နှစ်ယောက်ရှိတော့ အားလုံး သုံးယောက် ဆေးကုသနေရာ လက်ရှိမှာ အသက်အန္တရာယ်စိုးရိမ်ရတဲ့ အနေအထားမှာမရှိပါဘူး။ ကျန်းမာရေးကတော့ကောင်း နေပေမယ့်သူတို့ရဲ့ ရောဂါသက်သာပေမယ့်လည်း ဆရာ ဝန်ကြီးတွေဆုံးဖြတ်ချက်နဲ့စိတ်ချရပြီဆိုမှ ဆေးရုံက ပေး ဆင်းစေမှာဖြစ်ပါတယ်"ဟု ဒေါက်တာအေးငြိမ်းက ပြော သည်။

ထို့အပြင်ဒေါက်တာအေးငြိမ်းကစစ်ကိုင်းတိုင်းဒေသ ကြီးအတွင်း H1N1နှင့် ပတ်သက်၍ ဖြစ်ပေါ်နေမှုနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ မည်သို့ဆောင်ရွက်နေသည်ကို ဆက်လက်ရှင်းပြသည်။

"စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ ဩဂုတ်လအတွင်း H1N1 ပိုးတွေ့တဲ့ လူနာစိပ်လာပြီလို့ပြောရင်ရပါတယ်။ ပထမဦးဆုံး ဆားလင်းကြီးမြို့နယ် မြေစွန်းရွာကလူနာ တစ်ဦး မန္တလေးဆေးရုံသွားတက်တာ သေဆုံးသွားပြီး ဒုတိယကရွှေဘိုကနေ မန္တလေးဆေးရုံသွားတက်တဲ့ အမျိုး သမီးလူနာ တစ်ဦးကလည်း ပိုးတွေ့လို့ကုသနေပါတယ်။ ဆက်ပြီး တတိယမြောက်လူနာကတော့ တန့်ဆည်မြို့နယ် နဘက်ကြီး တိုက်နယ်ဘက်က ရွှေကြာတန်းရွာကအမျိုးသမီး တစ်ယောက် ဖျားနာလို့ဆိုပြီး မန္တလေးဆေးရုံသွားတက်တာ ပိုးတွေ့တယ်လို့အဖြေတွေကို ကုသနေပါတယ်။ စတုတ္ထက တော့ မုံရွာမြို့ သစ်ရပ်မှာနေတဲ့မုံရွာ GTCကျောင်းသူလေး ဟာ ဖျားနာလို့ဆိုပြီး မုံရွာဆေးရုံကြီးတက်ကုသတာ စစ်လိုက်တော့ ပိုးတွေ့တဲ့ လက္ခဏာရှိပါတယ်။ မနေ့က (ဩဂုတ်၁၃)က နဘက်ကြီးဆေးရုံကသူနာပြုဆရာမတစ် ဦးနဲ့ ဆေးရုံအလုပ်သမားအမျိုးသားတစ်ယောက်တို့ မုံရွာဆေးရုံကြီးကို ရောက်လာပါတယ်။ ဖျားလို့ဆိုပြီးလာ ပြတော့သူတို့ကိုလည်း သံသယလူနာအနေနဲ့စစ်ဆေးလိုက် တော့ မနေ့က အဖြေထွက်တာ ဆေးရုံအလုပ်သမားအ မျိုးသားရဲ့အဖြေက ပိုးတွေ့တယ်ဆိုတာ ရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးထဲမှာပိုးတွေ့တယ်ဆိုတာ ငါးဦး ရှိသွားပါပြီ။ ငါးယောက်မှာအမျိုးသမီး သုံးဦး အမျိုးသား နှစ်ဦးပါ။ မန္တလေးဆေးရုံမှာတန့်ဆည်ကအမျိုးသမီးလူနာ နဲ့ ရွှေဘိုက အမျိုးသမီးလူနာတို့ဖြစ်ပြီးလက်ရှိမှာစိုးရိမ်ရ တဲ့အခြေအနေမရှိဘူးလို့ သိရပါတယ်။"ဟု ဒေါက်တာ အေးငြိမ်းက အသိပေးပြောကြားသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



## ကရင်ပြည်နယ်အတွင်း ပရဆေးပင်အရင်းအမြစ်များအား ထိန်းသိမ်းနိုင်ရေးနှင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးသင်တန်းတတိယအကြိမ် ဖွင့်လှစ်

**ဘားအံ ဩဂုတ် ၁၄**

ကရင်ပြည်နယ်အတွင်း သစ်တောနှင့်ဆေးဖက်ဝင်အပင် အရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ စိုက်ပျိုး ထုတ်ကုန်အရည်အသွေး တိုးမြှင့်အောင် ပြုလုပ်နိုင်စေရန် နှင့်ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့် အရေးများ ဖော်ဆောင်ပေးနိုင်ရန်အတွက် ရည်ရွယ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် နီပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီက ကရင် ပြည်နယ် ပရဆေးပင်များဆိုင်ရာနည်းပညာသင်တန်း ကျောင်းခန်းမ၌ တတိယအကြိမ် ပရဆေးပင်ဆိုင်ရာနည်း ပညာသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေး၊ သတ္တု၊ သစ်တောနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးစောပြည်သာက အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ်ပရဆေးပင်များဆိုင်ရာ နည်းပညာသင်တန်း ကျောင်းမှအကြီးတန်းအကြံပေး ဒေါ်သီတာဆွေနှင့် မန်နေဂျာဦးမောင်မောင်ခင်တို့က သင်တန်းဖွင့်လှစ်ရခြင်း နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကရင်ပြည်နယ်၏ ပရဆေးပင်များဆိုင်ရာ နည်းပညာ သင်တန်းကျောင်းကို ဘားအံမြို့ စက်မှုဇုန်လျှိုပိတ်ဆည် အနီး ဧက ၄၀ အကျယ်ရှိသည့် မြေနေရာတွင် ၂၀၁၃ ခုနှစ်မှစ၍ ပြည်နယ်အစိုးရနှင့် နီပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ပရဆေးထုတ်ကုန်အရည်အသွေး ကောင်းမွန် အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကရင်ပြည်နယ်တွင် ပရဆေးမျိုးစိတ်ပေါင်း ၁၅၀ ကျော်ခန့်ရှိပြီး ဈေးကွက်တွင် တွက်ခြေကိုက်မည့်အပင်များဖြစ်သည့် ဂျပန်ချင်း၊ ရဲယို၊ ခွေးလေးယား၊ ဆေးခါးကြီး၊ နနွင်းတို့ကို အဓိကထားစိုက်ပျိုး ထုတ်လုပ်၍ Fame ဆေးဝါးကုမ္ပဏီသို့ တင်ပို့ရောင်းချ ကြောင်း၊ ပရဆေးပင်ဆိုင်ရာ နည်းပညာသင်တန်းကျောင်း မှ စိုက်ပျိုးထုတ်လုပ်မှုအပြင် ပြည်နယ်အတွင်း ဒေသခံ တောင်သူများအနေဖြင့် ပရဆေးပင်များအား စိုက်ပျိုး ဖြစ်ထွန်းပါက ဈေးကွက်ဝင်ဝယ်လိုအား ပြည့်မီမည်ဖြစ် သောကြောင့် ယခုလို သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ် ကြောင်း သိရသည်။

အဆိုပါသင်တန်းကို သုံးကြိမ်ခွဲသင်ကြားပို့ချပေးခြင်း ဖြစ်ပြီး ပရဆေးဖက်ဝင် သစ်တောသစ်ပင်များနှင့် နီးစပ်မှု ရှိသော စိုက်ပျိုးရေး၊ သစ်တော ဦးစီးဌာနတို့မှ ဝန်ထမ်းများ နှင့် ဒေသခံတောင်သူလယ်သမား သင်တန်းသား သင်တန်း သူများဖြစ်ပြီး ပထမအကြိမ်တွင် ဩဂုတ် ၇ ရက်မှ ၈ ရက် ထိ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်များမှ ၂၀၊ ဒုတိယ သင်တန်းတွင် ၁၀ ရက်မှ ၁၁ ရက်ထိ ကော့ကရိတ်နယ်၊ မြဝတီမြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များမှ ၃၀၊ ယခုတတိယအကြိမ်သင်တန်းတွင် ၁၄ ရက်မှ ၁၅ ရက်ထိ သံတောင်ကြီးနှင့် ဖာပွန်မြို့နယ်များမှ ၂၀ စုစုပေါင်း ၇၀ အား ဒေသအတွင်း ပြန်လည်ဆင့်ပွားပို့ချပေးနိုင်ရေး အတွက်စိုက်ပျိုးရေး၊ သစ်တော၊ ဘားအံတက္ကသိုလ် တွဲဖက် ပါမောက္ခနှင့် ပရဆေးပင်ဆိုင်ရာနည်းပညာသင်တန်း ကျောင်းမှ နည်းပညာရှင်များက ပို့ချပေးသွားမည်ဖြစ် ကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**



## ရုံးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် ကွန်ပျူတာသင်တန်းဖွင့်

**တောင်ကြီး ဩဂုတ် ၁၄**

ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ကွန်ပျူတာသင်တန်း ဖွင့်ပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပကြောင်းသိရသည်။

ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေး မှူး ဦးစိုးစိုးဇော်က ရှမ်းပြည်နယ်ရုံး တွင် တာဝန်ထမ်းဆောင်နေကြသည့် အကြီးတန်းစာရေးနှင့်အောက်အဆင့် အမှုထမ်းများအားလုံး ရုံးလုပ်ငန်းနှင့် ပတ်သက်၍ ကွန်ပျူတာဖြင့် အသုံးပြု ရသည့်အတွက် ကွန်ပျူတာကို ကျွမ်း ကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန်နှင့် ဌာန၏ ရုံးလုပ်ငန်းတာဝန်များကို လျင်မြန်အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ် ပြီး သင်တန်းဖွင့်လှစ်ရခြင်း ဖြစ် ကြောင်း၊ မိမိဌာန၏ ရည်မှန်းချက် ဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသ ဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင် ရွက်ရေးလုပ်ငန်းများအား အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် အမှုထမ်းများမှ ကွန်ပျူတာကို ကျွမ်း ကျင်စွာ အသုံးပြုနိုင်ပြီး တိကျသော စာရင်းဇယားများကို အချိန်နှင့် တစ်ပြေးညီ ပြည့်စုံစွာဖြင့် ပြုစုလုပ် ဆောင်ပေးနိုင်မှသာ မိမိ၏ အထက် အရာရှိများကို များစွာအထောက် အကူပြုနိုင်မည်ဖြစ်သည့်အတွက် သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် သင်တန်းမှပို့ချမည့်ဘာသာ ရပ်များကို ဂရုတစိုက်လေ့လာမှတ် သားကြရန်နှင့် သင်တန်းသူ သင်တန်း သားများအားလုံး သင်တန်းမှပို့ချမည့် သင်ခန်းစာများကို အရည်အချင်း စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ် သည့်အတွက် ပို့ချမှုများကို စိတ်ပါဝင် စားစွာ လေ့လာမှတ်သားကြရန် လို အပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အုပ်ချုပ် ရေးမှူးမှ သင်တန်းသား၊ သင်တန်း သူများအား လိုက်လံနှုတ်ဆက်ပြီး သင်တန်းကို ပထမအကြိမ်အဖြစ် ၂၂ ဦးတက်ရောက်ကာ ရုံးလုပ်ငန်းသုံး ကွန်ပျူတာ အခြေခံဘာသာရပ်များ သင်ကြားပို့ချမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ဩဂုတ် ၁၈ ရက် မှ စက်တင်ဘာ ၁၃ ရက်ထိဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## အဝေးပြေးလမ်းပေါ်တွင် ယာဉ်များ မောင်းနှင်မှုကိုအရှိန်တိုင်းကိရိယာဖြင့် စစ်ဆေး

**မြောင်းမြ ဩဂုတ် ၁၄**

အဝေးပြေးလမ်းပေါ်တွင် သတ်မှတ် အမြန်နှုန်းထက် ကျော်လွန် မောင်း နှင်မှုများကြောင့် ယာဉ်တိုက်မှုများ၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ် လျက်ရှိရာ အမှတ်(၈၁) မြောင်းမြ ခရိုင် ယာဉ်ထိန်းတပ်ဖွဲ့ ၊ စုမှူး ဒုရဲမှူး လှထွန်း ဦးဆောင်သော ယာဉ်ထိန်း တပ်ဖွဲ့ဝင်များ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မြောင်းမြ-ရန်ကုန် အဝေးပြေးလမ်းပေါ်တွင် ယာဉ်အရှိန် တိုင်းကိရိယာဖြင့် စစ်ဆေးဆောင် ရွက်ခဲ့ကြောင်း သိရသည်။

အမြန်လမ်းပေါ်မှာ မောင်းနှင် သွားလာကြတဲ့ယာဉ်တွေယာဉ်မတော် တဆမှု မဖြစ်ပေါ်စေရေးအတွက် အမြန်နှုန်းတိုင်း ကိရိယာဖြင့် စစ်ဆေး ခြင်း၊ အသိပညာပေးခြင်း၊ လက်ကမ်း စာစောင်ပေးဝေခြင်းတို့ ဆောင်ရွက် ခြင်းဖြစ်ကြောင်း မြောင်းမြမြို့ အမှတ် (၈၁)ယာဉ်ထိန်းတပ်ဖွဲ့၊ စုမှူး ဒု-ရဲမှူးလှထွန်းက ပြောကြားသည်။

မြောင်းမြမြို့အတွင်း ယာဉ်စည်း ကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်း စေရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့မှ မြို့တွင်း (၇)လမ်း လမ်းဆုံတွင် လက် အချက်ပြယာဉ်ထိန်းချထားဆောင် ရွက်ခြင်း၊ (၁၁)လမ်း ရှမ်းကုန်းပိုင်း လမ်းဆုံ၌ မီးပွိုင့်တပ်ဆင်ခြင်း၊ အဝေး ပြေးလမ်းဆုံတွင် ပညာပေးလက်ကမ်း စာစောင်ဖြန့်ဝေခြင်း၊ ဟောပြောခြင်း တို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

## မြောက်ဦးခရိုင်ရဲတပ်ဖွဲ့မှ ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်းဆင်း

**မြောက်ဦး ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ရဲတပ် ဖွဲ့ရုံးရှိ သင်တန်းခန်းမ၌ ဖမ်းဆီးနည်း (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၂/ ၂၀၁၇) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပ ခဲ့သည်။

မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှူးဒု-ရဲမှူး ကြီးကျော်သူက သင်တန်းပို့ချရသည့် ရည်ရွယ်ချက်မှာ တပ်ဖွဲ့ဝင်များအနေ ဖြင့် ဖမ်းဆီးနည်း ဘာသာရပ်များ၊ ပညာရပ်များကို တတ်မြောက်ပြီး မိမိတို့မြို့နယ်များတွင် တရားခံများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ နည်း စနစ်သုံး၍ ပြစ်မှုကျူးလွန်သည့် တရားခံများကို ဖမ်းဆီးနည်းသင် ခန်းစာတွင် ပါဝင်သော ပညာရပ်များ နှင့်အညီ မှန်မှန်ကန်ကန် ဖမ်းဆီး တတ်ရန် သင်ကြားပေးခြင်းဖြစ် ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁၁ ရက်ထိ ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး သင်တန်းသို့ မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ် လေးမြို့နယ်များမှ သင်တန်း အရာရှိ ငါးဦး၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၂၀ တို့အား လေ့ကျင့် သင် ကြားပို့ချပေးခဲ့သည်။ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ခရိုင်၊ မြို့နယ်ရဲတပ် ဖွဲ့ဝင်များနှင့် သင်တန်းသားများ စုစု ပေါင်း အင်အား ၄၅ ဦး တက်ရောက် ခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထူးခြားရှားပါးသည့် မြန်မာဘာသာအဘိဓာန်

တက္ကသိုလ်တင်ခ

၁၉၆၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဦးတင်လှပြုစုသည့် ‘ဘာသာနှင့်စာပေ’ စာအုပ်၏ မြန်မာအဘိဓာန် သမိုင်း အကျဉ်းအချို့ အကြောင်းအရာ စာမျက်နှာ ၃၂၅ တွင် ‘လွန်ခဲ့သော နှစ်ပေါင်း ၆၀ လောက်က မော်လမြိုင် မြို့သား မောင်လာဇရုဆိုသူတစ်ဦးသည် မြန်မာဘာသာ သည်ဟု လန်ဒန်ဗြိတိသျှပြတိုက်ရှိ စာအုပ်စာရင်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

စာပိုဒ်ကို ဖတ်ရှုမိရာက ကျွန်တော်သည် မြန်မာ ဘာသာအဘိဓာန်စာအုပ်ကို စတင်အခြေခံရှာဖွေခဲ့ပါ သည်။ ၁၉၇၂ ခုနှစ် ဒီဇင်ဘာလထုတ် အမှတ် ၁၅၀၊ ငွေတာရီမဂ္ဂဇင်းလာ မြင့်ဆွေ၏ ၁၉၀၂ ခုနှစ် မြန်မာ ပြည်ထုတ်စာအုပ်များ ဆောင်းပါးတွင်-

“မြန်မာဘာသာအဘိဓာန် အတွဲ-၁၊ ရေးသူမှာ မောင်လာဇရု(မော်လမြိုင်)ဖြစ်သည်။ စာမျက်နှာ-၁၁၈ မျက်နှာရှိ၍ ရန်ကုန်မြို့မှာ ရိုက်နှိပ်သည်”ဟု ဖော်ပြပါ ရှိရာ ဖတ်ရှုလိုစိတ် ယိုဖိတ်ခဲ့ရပါသည်။ ၁၉၇၃ ခုနှစ် ထုတ် လှသမိန်၏ အဘိဓာန်လုပ်ထုံးလုပ်နည်းစာအုပ် နိဒါန်း စာမျက်နှာ ၂၂-၂၃ တွင် ရှေးဦးတွေ့ရသော မြန်မာအဘိဓာန်မှာ မော်လမြိုင်မြို့မှ မောင်လာဇရု ဆို သူပြုစုသော အဘိဓာန်ငယ်တစ်စောင်ဖြစ်ပေသည်။ ယင်းအဘိဓာန်တွင် သရုပ်ပြအရေးအတွက်များနှင့် ပါဠိ စကားလုံးများကို ပဓာနထား၍ ဖွင့်လှစ်ထားပေသည်။ (ယင်းစာအုပ်ကိုရှာဖွေရရှိ၍ ၁၉၅၂ ခုနှစ်က ဘာသာပြန် စာပေအသင်း စာတည်း ဦးစိန်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့ ဖူးပေသည်)ဟူ၍ ထပ်မံဖတ်ရှုမိပြန်ရာ မြန်မာဘာသာ အဘိဓာန်စာအုပ်ကို ပိုမိုပြီး စိတ်ဝင်စားခဲ့ရပါသည်။

၁၉၇၄-၁၉၇၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာ စာဌာနသို့ မဟာဝိဇ္ဇာဘွဲ့လွန်သင်တန်းကို တာဝန်ဖြင့် တက်ရောက်သင်ကြားခွင့်ရခဲ့သောအခါ မြန်မာစာအုပ် စာတမ်းဟောင်းများကို စာအုပ်အဟောင်းဆိုင်များတွင် ရှာပုံတော်ဖွင့်ခဲ့ရပါသည်။ ထိုရှာပုံတော်ဖွင့်ရာမှ ရန်ကုန် မြို့ တာမွေအဝိုင်းကြီး ရွှေညောင်ပင်ကိုသန်းထွန်းစာအုပ် ဆိုင်မှ လုံးဝမမျှော်လင့်ခဲ့မိသော မြန်မာဘာသာ အဘိဓာန်စာအုပ်ကို ရှာဖွေရရှိခဲ့ပါသည်။ စာအုပ်မှာ အဖုံးမရှိတော့ပါ။ သို့ရာတွင် စာသားအားလုံး အပြည့် အစုံတွေ့ရှိရသဖြင့် ပိုမိုဝမ်းမြောက်အားတက်ခဲ့ရပါ သည်။ ဤသို့ စာအုပ်အရောင်းဆိုင်များမှ စာအုပ် အဟောင်းများကို မကြာခဏ တွေ့ရှိရတတ်ပါသည်။ လက်ဝယ်ရှိရပြီးဖြစ်သော မြန်မာဘာသာအဘိဓာန် အတွဲ-၁ အကြောင်း တစေ့တစောင်းကို လက်ဆင့်ကမ်း ရခြင်းဖြစ်ပါသည်။

မြန်မာဘာသာအသုံးအစွဲ၊ အခေါ်အဝေါ်များသည် ရှည်ကြာ၍ တိမ်မြုပ်သည့်အရာများလည်း ရှိသည်။ ရှည်လျား၍ စကားရွေ့သည့်အရာလည်း ရှိသည်။ ရှည် လည်း ရှည်လျား၍ မထင်မရှားသည့်အရာလည်းရှိ သည်။ မရှည်လျားသော်လည်း တိမ်မြုပ်သည့်အရာများ လည်းရှိသည်များကို မော်လမြိုင်မြို့ ရိုင်လမ်းနေ ကျွန်တော် မောင်လာဇရုသည် အထူးထူးသော ရှေး ပညာရှိတို့ စီရင်ရေးသားခဲ့သော စာပေကျမ်းဂန် အစောင်စောင်တို့ကို ဖွင့်ပြဖြေဆိုရှင်းလင်းအပ်သော အက္ခရာပုဒ် အဆုံးအဖြတ် အနက်အဓိပ္ပာယ် အမေးပုစ္ဆာ အဖြေဝိသဇ္ဇနာ ဝိဂြိုဟ် ဝစနတ္ထအထွေထွေတို့ကို သေချာ စွာ ကောက်နုတ်၍ မြန်မာဘာသာအဘိဓာန် ပထမတွဲ မည်သော ဤကျမ်းကို စီရင်ရေးသားရပါသည်ဟု ရှင်း လင်းရေးသားထားပါသည်။

မြန်မာဘာသာအဘိဓာန် ပထမတွဲမှတ်ရန်အချက် များ ခေါင်းစဉ်ဖြင့် ဤအဘိဓာန်ကို စီရင်ရေးသားရာ တွင် ပါဝင်သောကျမ်းများ အမည်စာရင်း အဘိဓာန်များ တို့၏ရင်းအစား ဂဏန်းတို့ကိုသာ ပြပါမည်ဟု ရှင်းပြပြီး အမှတ်စဉ် ကျမ်းကိုးအဖြစ် ‘ရွှေဘုံနိဒါန်း’ကို ဖော်ပြ ထားပါသည်။ အဘိဓာန်ကျမ်းပြုသူသည် ရွှေဘုံနိဒါန်း ကျမ်းကို အထူးနှစ်သက်လေ့လာထားဟန်တူပါသည်။ ကျမ်းကိုးအမှတ်စဉ်တွင် ထိပ်တန်းကနဦးသွင်းထားခြင်း ပဋ္ဌိညာဉ်စကားရပ်များကို မှီငြမ်းပြုစုရေးသားခြင်းစသည့် အချက်အလက်များကို ထောက်ထား၍ သိရှိနိုင်ပါသည်။ ကျမ်းကိုးစာရင်း-၁၁၇ ဟူ၍ ကျမ်းအရေအတွက်ပြထား သော်လည်း ကျမ်းမရှိအမှတ်စဉ် (၄၁) ကျမ်းအရေ အတွက်ကို နုတ်ပါက ကျမ်းပေါင်း ၇၆ ကျမ်းခန့်ဖြင့် အကိုးအကားအထောက်အထား အဓိပ္ပာယ်ဖွင့်ဆိုရေးပြ ထားပါသည်။ ကျမ်းကိုးစာရင်းတွင် မပြထားသော်လည်း ဘုမ္မိဘေဒ ပကာသနီကျမ်း၊ မဟာဝန်ဝတ္ထုမနီကုဏ္ဍ လဝတ္ထု၊ ဂိဟိနိနယပကာသနီကျမ်း၊ ရာဇဝင်ပကာသနီ ကျမ်း၊ ပါရမီဒီပနီကျမ်းစသည့် ကျမ်းများအပြင် ဟတ္ထိ ပါလပျို့၊ ရတနာပြောင်ဆင်တော်၊ မော်ကွန်းပါရမီတော် ခန်း ပျို့၊ ဘူရိတဇာတ်ပေါင်းခန်းပျို့၊ နေမိနိက္ခမခန်းပျို့၊ ငရဲခန်းပျို့၊ ဆုတောင်းခန်းပျို့စသည့် ပျို့လင်္ကာများကိုပါ ကိုးကားပြကြောင်း တွေ့ရှိရပါသည်။ ကျမ်းမရှိဟု ဖော်ပြထားသော်လည်း မိမိဗဟုသုတ အတွေ့အမြင် များဖြင့် ကိုးကားဖော်ပြရှင်းထားသောကြောင့် အထောက် အထားအယူအဆ ခိုင်လုံမှုရှိကြောင်း တွေ့ရှိရပါသည်။ ‘အမှားပြင်ချက်’ အနေဖြင့် နောက်ဆုံးစာရွက်တွင် “ဤသည့်အဘိဓာန်ကို တည်းဖြတ်၊ သုတ်သင်၊ စီမံ၊ ပုံနှိပ်လုပ်ဆောင်ရာ၌ သတိသမ္ပဇည၊ ပမာဒ တရား ကြောင့် အမှားအယွင်းရှိသည်ကို သိရှိတော်မူကြကုန်”

| အမှား | အမှန် | နံပါတ် | ကြောင်းရေ |
| --- | --- | --- | --- |
| ပစ္ဆည်း | ပစ္စည်း | ၈ | ၅ |
| ကမ္ပလ | ကမ္ဗလ | ၁၂ | ၂၂ |
| လှေခါး | လှေကား | ၅၀ | ၂၃၊၂၄၊၂၅၊၂၇ က |

ဟူ၍ စာလုံးအရေအတွက် သုံးလုံးသာ အမှားပြင်ဆင် ထားကြောင်း တွေ့ရပါသည်။ မြန်မာဘာသာ အဘိဓာန် ပြုစုသူသည် ရွှေဘုံနိဒါန်းကျမ်းကို အထူးပြုကိုးကား ထားကြောင်း ဖော်ပြခဲ့ပါသည်။ ရွှေဘုံနိဒါန်းကျမ်း စာမျက်နှာ ၈၅၊ ၈၆၊ ၈၇ တို့တွင် ပလင်အကြောင်း အကျယ်တဝင့်ဖွင့်ဆိုချက်ကို အကျဉ်းချုံးပြီး မြန်မာ ဘာသာ အဘိဓာန်စာမျက်နှာ ၆၈ တွင် “သီဟ၊ ဘမရာ၊ ဟန်သာ အစရှိသော ရာဇပလ္လင် ဆိုသည် နတ်တို့နေရာ ပလ္လင်ဖြစ်၍ ဒိဗ္ဗပလ္လင် ဆိုသည် မင်းတို့နေရာ ပလ္လင် ဟုဆိုသည်။ ပလ္လင်ခံခြင်းအနက်ကို ဟောသည်။ (၁) ဟု ရှင်းလင်းပြထားပါသည်။

‘(၁)’မှ ရွှေဘုံနိဒါန်းကျမ်းကိုးအကြောင်း အမှတ် စဉ်ဖြင့် ဖော်ပြထားခြင်းဖြစ်ပါသည်။

‘ထို့ပြင် မြန်မာဘာသာအဘိဓာန်သည် ဝေါဟာရလိ နတ္ထဒီပနီကျမ်းကိုလည်း အထူးပြုကိုးကားကြောင်းတွေ့ ရပါသည်။ မြန်မာသတ်ပုံသမိုင်းတွင် ပြဿနာဖြစ်ခဲ့ရ သည့် ‘ကျက်သရေ’ စာလုံးပေါင်းကို ၁၉၀၂ ခုနှစ်ထုတ် မြန်မာဘာသာအဘိဓာန်က ဝေါဟာရလိနတ္ထဒီပနီ (ဦးဆန်းထွန်း တည်းဖြတ်သည့်မူ) စာမျက်နှာ ၉၇ လာ အဆုံးအဖြတ်မှတ်ချက်ကို အောက်ပါအတိုင်း ကူးယူ ဖော်ပြထားပါသည်။ မြန်မာဘာသာအဘိဓာန် စာမျက် နှာ ၃၅ တွင်

“ကျက်သရေမှာ ရှေးပညာရှိတို့ ရေးထားခဲ့သည့် ကျောက်စာများမှ အပင့်နှင့်သာရှိသည်။ သက္ကရာဇ် ၁၀၉၀ ကျော် ကန်တော်မင်ကျောင်း မေတ္တာစာအဖြေမှာ ကြက်သရေခေါ်သည်ကား ကြက်၌တည်သောသာရကို ဆိုလိုသည်ဟု ရေးသားထားသည်ကို အဟုတ်အမှန်ထင် ၍ ကြက်သရေကို ရရစ်နှင့် ရေးမှတ်ကြသတည်း (၅၄)” ဟူ၍ အတိအကျဖွင့်ဆိုပြထားပါသည်။ မြန်မာဘာသာ အဘိဓာန်သည် ပါဠိစကားများကိုသာမက မြန်မာ ဝေါဟာရများလည်း ယင်းကျမ်း စာမျက်နှာ ၈၈ တွင်-

“မြတ်-မြတ်ဟူသော စကားသည် သာလွန်၍ စီးပွား ဖြစ်သည်ကိုလည်းခေါ်သည်။ ထူးကဲသည်ကိုလည်း မြတ် သည်ဟု ခေါ်သည်။ စင်ကြယ်ကောင်းမွန်သည်ကို မြတ်သည်ဟုခေါ်သည် (၁၂)” ဟုရှင်းဆိုထားပါသည်။ ‘(၁၂)’ မှာ စွယ်စုံကျော်ထင်ကျမ်း ဒုတိယတွဲကို ညွှန်းပါသည်။

အထူးမှတ်သားစရာအချို့ကိုလည်း ဖော်ပြလိုပါသည်။ ရှေးရိုးစဉ်ဆက်မှတ်သားခဲ့ကြသော ‘မုသားမပါ လင်္ကာမ ချော’ စကားပုံဆိုရိုးကို ဤသို့မှတ်သားဖွယ်ရှင်းပြထား သည်။ ၎င်းကျမ်းစာမျက်နှာ ၈၄၊ ၈၅ တွင်-

‘မုသားမပါ လင်္ကာမချောဆိုသည်မှာ မုတမဝါလင်္ကာ မချော ဆိုလိုသည်။ ရူပါရုံနှင့်စပ်လျဉ်းသော စကားမျိုး ကို ဒိဋ္ဌ၊ သဒ္ဒါရုံနှင့်စပ်လျဉ်းသောစကားမျိုးကိုသုတ၊ ဂန္ဓာရုံ၊ ရသာရုံနှင့်စပ်လျဉ်းသော စကားမျိုးကို ဝိညာတ၊ ဤဒိဋ္ဌ၊ သုတ၊ ဝိညာတစကားမျိုးနှင့် မုတပါမှ လင်္ကာ စကား ချောမောမည်ဟု ဆိုလိုသည်။ မုစားကို မုသားဟု ကလာဝ်သဒ္ဒါရေးလေသည်။ ၂၀ ဟူ၍ ဆိုရိုးအဓိပ္ပာယ် မမှန်ကန်ဘဲ အမှတ်လွဲမှားနေပုံကို စေ့စုံစွာ ရှင်းပြထား ပါသည်။ ၂၀ မှာ မင်္ဂလာသုတ်နှင့် သာသနဝိသော ခနီ ကျမ်းဟု ဆိုလိုပါသည်။

မြန်မာဘာသာအဘိဓာန်သည်ပါဠိနှင့် မြန်မာ ဝေါဟာရ ၂၉၈ လုံး၏ အဓိပ္ပာယ်သဘောသဘာဝကို ကျမ်းပေါင်း ၇၆ ကျမ်းခန့်ဖြင့် ကိုးကားထောက်ထားဖော် ပြရှင်းလင်းထားကြောင်း တွေ့ရပါသည်။ မြန်မာစာလုံး ပေါင်း သတ်ပုံကျမ်းနှင့် မြန်မာအဘိဓာန်အကျဉ်းချုပ်ကျမ်း တို့၏ ရှေ့ပြေးကျမ်းကောင်း ကျမ်းဟောင်းတစ်စောင် အဖြစ် ဖော်ထုတ်တင်ပြရခြင်းဖြစ်ပါသည်။

> မြန်မာဘာသာအဘိဓာန်သည် ပါဠိနှင့် မြန်မာဝေါဟာရ ၂၉၈ လုံး၏ အဓိပ္ပာယ်သဘောသဘာဝကို ကျမ်းပေါင်း ၇၆ ကျမ်းခန့်ဖြင့် ကိုးကားထောက်ထား ဖော်ပြရှင်းလင်း ထားကြောင်း တွေ့ရ . . .
>
> မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့် မြန်မာအဘိဓာန် အကျဉ်းချုပ်ကျမ်းတို့၏ ရှေ့ပြေးကျမ်းကောင်း ကျမ်းဟောင်း တစ်စောင်အဖြစ် ဖော်ထုတ်တင်ပြ . . . .

**ကျမ်းကိုး**

**၁။ ကုန်းဘောင်ခေတ် သုတစကားပြေကျမ်းများ လေ့လာချက်။ မောင်တင်ခ မဟာဝိဇ္ဇာဘွဲ့အတတ် တင်သွင်းသောကျမ်း။ ၁၉၇၈ လက်နှိပ်စက်မူ။**

**၂။ မြန်မာဘာသာအဘိဓာန်၊ မောင်လာဇရု၊ ၁၉၀၂။ အမေရိကန်နှစ်ခြင်း၊ သာသနာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။**

**၃။ ရွှေဘုံနိဒါန်း၊ ဇေယျသင်္ခယာ၊ လှသမိန်တည်းဖြတ်၊ ၁၉၆၀၊ ဟံသာဝတီ။**

**၄။ ဝေါဟာရလိနတ္ထဒီ၊ ဦးချိန်၊ ဦးဆန်းထွန်းတည်းဖြတ်၊ ၁၉၆၁ ဟံသာဝတီ။**

**၅။ ဘာသာနှင့်စာပေ၊ ကင်လှ၊ ၁၉၆၆၊ အောင်မြေ စာပေ၊ ရန်ကုန်မြို့။**

**၆။ အဘိဓာန်လုပ်ထုံးလုပ်နည်း၊ လှသမိန်၊ ၁၉၇၃၊ ရန်ကုန်မြို့။**

**၇။ ငွေတာရီမဂ္ဂဇင်း၊ ၁၉၇၂၊ ဒီဇင်ဘာလ၊ အမှတ် ၁၅၀။**



## ထရန်စဖော်မာနှစ်လုံးအသစ်တည်ဆောက်၊ ကောင်းကင်ဓာတ်အားလိုင်းသွယ်တန်း

**ဒဂုံမြို့သစ်(တောင်ပိုင်း) ဩဂုတ် ၁၄**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန် (၂)ရှိ မိဘပြည်သူလုပ်ငန်းရှင်များအတွက် အသုံးပြုရန်လိုအပ်နေသော အများသုံးထရန်စဖော်မာနှစ်လုံး အသစ်တည်ဆောက်ခြင်း၊ ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် ကောင်းကင်ဓာတ်အားလိုင်း (၁၁ ကေဗွီအေ)အရှည်ပေ ၄၀၀၀ ခန့်အသစ်သွယ်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းက စက်မှုဇုန် (၂) ပြည်ထောင်စုလမ်းမကြီးနှင့် စစ်တောင်းလမ်းထောင့်၌ ကျင်းပခဲ့ကြသည်။

“စက်မှုဇုန်(၂) မှာ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကထရန်စဖော်မာရှစ်လုံးရှိပြီး ယနေ့ဖွင့်လှစ်ပေးတာနဲ့ဆိုရင် ကိုးလုံးရှိပါပြီ။ ဒီလထဲမှာပဲ မြကန်သာလမ်းနှင့် မြကန်သာ (၁) လမ်းထောင့်မှာနောက်တစ်လုံးတည်ဆောက် ပေးသွားမှာဖြစ်ပါတယ်။ ပုဂ္ဂလိကထရန်စဖော်မာကလည်း ၂၆ လုံးရှိပြီး ထရန်စဖော်မာမတပ်ဆင်နိုင်တဲ့ မိဘပြည်သူတွေ လုပ်ငန်းအဆင်ပြေစေဖို့ရည်ရွယ်ပြီး အများသုံးတွေကိုပြည့်မီတဲ့ ဓာတ်အားရရှိအောင်ဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဇော်ဇော်လတ်က ရှင်းပြသည်။

အများသုံးထရန်စဖော်မာအသစ်ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင်(၁)ဦးထွန်းထွန်းဆွေ၊ အရှေ့ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာဦးစံငွေး၊ ခရိုင်အင်ဂျင်နီယာ ဦးသန်းထွန်းအေး၊ Myanmar Global Lighting Star Co.,Ltd မှ ဒါရိုက်တာဦးကျော်စွာအောင်နှင့် တာဝန်ရှိသူများ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးလှမြင့်၊ စက်မှုဇုန်(၂) ဥက္ကဋ္ဌဦးဝင်းနိုင်နှင့်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးကျော်အောင်တို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(၅၉၇)**

## အော်ရီဂျင်နယ် ဂန်းဝတား ၃ မှာ အဆိုတော်အပြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ သက်ဆုနဒီ



အော်ရီဂျင်နယ်ဂန်းစတား(၃)မှာအဆိုတော်ဇာတ်ရုပ်နေရာကနေပါဝင်သရုပ်ဆောင်ထားတဲ့ တေးသံရှင် သက်ဆုနဒီက ဒီဇာတ်ကားနဲ့ပတ်သက်ပြီး သူ့ရဲ့ အမှတ်တရ ရင်ခုန်သံတွေကို အခုလိုပြောပါတယ်။

ဒီကားမှာသက်ဆုကအဆိုတော်ပါပဲ။ ဒီဇာတ်ကားမှာ သက်ဆုတို့အနုပညာမောင်နှမတွေ အများကြီးပါပါတယ်။ တော်တော်လည်းပျော်ဖို့ကောင်းပါတယ်။ ဒီဇာတ်ကားက အနုပညာရှင်တွေ အလွန်များပြီး ဇာတ်အိမ်လည်း ပိုကြီးတယ်။ ရိုက်တာလည်းအချိန်က ပိုပြီးတော့ယူရတယ်။ အကုန်လုံးဆုံတဲ့အချိန်ကို စောင့်ရတယ်။ အဓိက တော့ သက်ဆုတို့ဆင်းန်တွေက တစ်ရက်ချင်းရိုက်ရတာဆိုတော့ ပိုပြီးပင်ပန်းတယ်။ မနက်ဆိုရင်ရှူတင်ကို ကိုးနာရီအရောက်သွားရတယ်။ ပြီးတော့ ညဉ့်နက်တဲ့အထိရိုက်ရတယ်။ ကိုယ့်အလှည့်မပါသေးလည်းအားလုံးက ရှူတင်မှာထိုင်စောင့်နေကြတာ။ အဆိုတော်အုပ်စုက အဆိုတော်အုပ်စုလိုက်၊ မော်ဒယ်ကလည်းမော်ဒယ် အုပ်စုလိုက် ဝိုင်းပြီးထိုင်စောင့်နေကြတာ၊ ဇာတ်ကားတစ်ကားလုံးကလည်း ပြေးရ၊ လွှားရတာတွေလည်း ပါတယ်။ ငြိမ်နေရတာတော်တော်ရှားတယ်။ ဒိုင်ယာလောခ့်ကလည်းသိပ်မပါတော့ပိုပြီး တော့ခက်တယ်။ ပြီးတော့ တစ်ချိန်လုံးငိုနေရတာ၊ ငိုရတာအခက်ခဲဆုံးပဲ။ ဘာဖြစ်လို့ လဲဆိုတော့ သက်ဆုက မျက်ကပ်မှန်တပ်တော့ပိုဆိုးတယ်။ စိတ်လည်းအလွန် ပင်ပန်းခဲ့ရတယ်။ အတော်လည်း အော်ရတယ်။ ပြေးရင်းလွှားရင်းနဲ့အကုန်လုံး ဒဏ်ရာ ဒဏ်ချက်တွေလည်းရကြတယ်။ သက်ဆုဆိုလည်းဒူးတွေပေါက်ပြဲကုန် တယ်။ ဒီဇာတ်ကား နဲ့ပတ်သက်ပြီး သက်ဆုအရမ်းရင်ခုန်ပါတယ်။ ပြီးတော့ရှေ့မှာ ရုံတင်ခဲ့တဲ့ ဂန်းစတား(၂)ကလည်း အလွန်ဟော့သွားတယ်။ အဲဒီကားမှာ သက်ဆုတို့ရဲ့ ဂန်းစတား (၃) ထွေလာလေးလည်း ထည့်ထားတော့ အဲဒါလေးကြည့်တာနဲ့တင် သက်ဆု ရင်တွေအလွန်ခုန်နေတယ်။ ဒီဇာတ်ကားက ဘဝမှာအမှတ်တရအဖြစ်ဆုံးပါပဲ။ ပရိသတ်က ဒီဇာတ်ကားက ကြည့်ပြီး သက်ဆုအလွန်ငိုတယ်လို့ မပြောရင် ကျေနပ်ပါပြီလို့ အော်ရီဂျင်နယ် ဂန်းစတား (၃)နဲ့ ပတ်သက်ပြီး သက်ဆုနဒီက ပြောပြခဲ့ပါ တယ်။ ဒီဇာတ်ကားမှာတော့ သရုပ်ဆောင်တွေအနေနဲ့ မြင့်မြတ်၊ ယုန်လေး၊ ထူးခြား၊ ဇေရဲ၊ နန်းခင်ဇေယျာ၊ ငုဝါ၊ နွေးနွေး ချစ်ဖွယ်၊ ဂျင်းနီ၊ သက်ဆုနဒီ၊ စိုးနန္ဒာကျော်နဲ့ ပိုးအိအိ ခန့်တို့အပြင်အခြားအနုပညာရှင်များစွာလည်းပါဝင် ထားကြတယ်လို့သိရပါတယ်။ သရုပ်ဆောင် သက်ဆုနဒီဟာ ဂီတလောကမှာ အချစ်လွန်ရောဂါ တေးစီးရီးနဲ့ အလွမ်းများဝေးပါစေ တေးစီးရီးတွေ ထွက်ရှိထားသူလည်းဖြစ်ပါတယ်။

arESqDpkn;onf

## တစ်ကိုယ်တော်စီးရီးမှာအသည်းကွဲသီချင်းတွေ ပိုများမယ်ဆိုတဲ့ နန်းမြတ်ဖြိုးသင်း



ဗီဒီယိုနဲ့ရုပ်ရှင်ဇာတ်ကားကြီးတွေ ဆက်တိုက်ဆိုသလို ရိုက်ကူးနေရတဲ့ သရုပ်ဆောင် နန်းမြတ်ဖြိုးသင်းက ဂီတလုပ်ရှားမှုအနေနဲ့လည်း တစ်ကိုယ်တော်စီးရီးအတွက် ပြင်ဆင် နေတယ်လို့ သိရတယ်။ ဒီစီးရီးနဲ့ပတ်သက်ပြီး နန်းမြတ်ဖြိုးသင်းက အခုလိုပြောပြ ခဲ့ပါတယ်။ "ဂီတဘက်ကိုလည်း နန်းမြတ်အချိန်ပေးပြီး သေချာလုပ်သွားမှာပါ။ နန်းမြတ်က အခုလောလောဆယ် ကားရိုက်များနေတယ်ဆိုတော့ ဂီတဘက်ကို မလှည့်ဖြစ်သလို ဖြစ်နေတာပါ။ လောလောဆယ် နန်းမြတ်စီးရီးအတွက် သီချင်းတွေ အကုန်လုံး ဝယ်ပြီးသွားပြီ။ အသံသွင်းဖို့ပဲ ကျန်တော့တယ်။ တစ်ကိုယ်တော်ပါပဲ။ အချစ်သီချင်းလေးတွေပါမယ်။ အဆွေးသီချင်းလေးတွေလည်းပါမယ်။ အသည်းကွဲ သီချင်းလေး တွေပိုများမယ်။ အသည်းကွဲသီချင်း တွေပါတယ်ဆိုပေမယ့်နန်းမြတ်က အသည်းကွဲတာကြီးကို ရွေးပြီးခံစားတတ်တဲ့သူထဲမှာမပါဘူး။ ဒီစီးရီးကို နန်းမြတ်ဒီနှစ် ထဲမှာ ထွက်ဖြစ်အောင် ကြိုးစားမှာပါ"လို့ နန်းမြတ်ဖြိုးသင်းက ပြောပြခဲ့ပါတယ်။

သရုပ်ဆောင် နန်းမြတ်ဖြိုးသင်းဟာဂီတဘက်က တစ်ဆင့်သရုပ်ဆောင် ဘက်ကိုဝင်ရောက်လာခဲ့သူဖြစ်ပြီး တေးသံရှင် နန်းသူဇာနဲ့အတူ နှစ်ယောက်တွဲပြီး Friend အမည်ရှိတဲ့ တေးစီးရီး ထွက်ရှိထား ကာ လတ်တလော အနုပညာ လှုပ်ရှားမှုအနေနဲ့လည်း ဖိုးသူတော် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ညီညီဇော်နိုင် ရိုက်ကူးတဲ့ နယူးဗားရှင်း ရုပ်ရှင်ကားကြီး မှာ သရုပ်ဆောင် ကျော်ရဲအောင်၊ မင်းဦး၊ မင်းမော် ကွန်း၊ ညီထွဋ်ခေါင်၊ ရွှေ သမီးတို့နဲ့ အတူပါဝင် သရုပ်ဆောင်ထား တယ်လို့ သိရ ပါတယ်။

## ထူးခြားသည့် ပုံစံတစ်မျိုးဖြင့် အသစ်ထွက်ရှိလာသည့် Oppo ၏ R11 Barcelona Edition




ကင်မရာပိုင်းတွင် အခြားစမတ်ဖုန်းများနှင့်မတူဘဲ ထူးခြားကောင်းမွန်သော Oppo သည် ၎င်း၏စမတ်ဖုန်းသစ် တစ်မျိုးကို ဇူလိုင်လက ဈေးကွက်အတွင်းပို့ဆောင်ပေးခဲ့ပြီးနောက် ယခုတစ်ဖန်အဆိုပါစမတ်ဖုန်းသစ်အား ထူးခြားသည့်ပုံစံတစ်မျိုးဖြင့် ထပ်မံမိတ်ဆက်လိုက်ပြီဖြစ်သည်။ ယခင်ကလည်း Oppo R 7 စီးရီးတွင် Barcelona Edition ကို ထုတ်လုပ်ရောင်းချမှုရှိခဲ့ပြီး ယခုကဲ့သို့ပင် အရေအတွက်အကန့်အသတ်နှင့်သာ ရောင်းချခဲ့သည်။

၁၈ ကာရက်ရှိသည့်ရွှေဖြင့် ဘာစီလိုနာဘောလုံးအသင်း၏တံဆိပ်အား ဖုန်း၏ကျောဘက်တွင်ထည့်သွင်းပေး ထားကာ ဖုန်းကိုယ်ထည်ပိုင်းကိုလည်း ၎င်းဘောလုံးအသင်း၏ အရောင်များဖြစ်သည့် အနီရောင်နှင့် အပြာရောင်ကို လှပစွာခြယ်မှုန်းထည့်သွင်းပေးထားသည်။ ကျောဘက်ကင်မရာ နှစ်လုံးမှာ 16MP+20MP ဖြစ်သောကြောင့် အမှတ်တရဓာတ်ပုံများ ရိုက်ကူးရာတွင် ကြည်လင်ပြတ်သားမှုနှင့် လှပစွာရုပ်ထွက်ပိုင်း ကောင်းမွန်မှုက အတိုင်းထက်အလွန်ဖြစ်သည်။

မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပြီး အလူမီနီယံသတ္တုစပ်ကိုယ်ထည်ဖြင့်တည်ဆောက် ထားကာ မူလပုံစံအတိုင်း ဖန်သား Glass ကိုထည့်သွင်းအသုံးပြုထားသည်။ ဖုန်း၏လုပ်ဆောင်မှုအတွက် Qualcomm Snapdragon 660 Chipset ထည့်သွင်းပေးထားပြီး Android စနစ် 7.1.1 ပါဝင်သည်။ ဖုန်းအတွင်း RAM 4GB ပါဝင်ပြီး သိုလှောင်သိမ်းဆည်းမှု 32GB နှင့် 64GB ပါဝင်ကာ ထပ်မံ၍ 256GB ပမာဏရှိသည့် Micro SD ကတ်ကို ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။ ဘက်ထရီစွမ်း အင်အတွက် 3000 mAh ဘက်ထရီကိုထည့်သွင်းပေးထားသောကြောင့် အသုံးပြုစွမ်းအင်အတွက် ကောင်းမွန်သည့်အထောက်အပံ့ရရှိမည် ဖြစ်သည်။ ဇူလိုင်လကစတင်၍ ဈေးကွက်အတွင်း ရောက်ရှိခဲ့ပြီဖြစ်သော R11 ကို အနက်ရောင်၊ ရွှေရောင်နှင့် နှင်းဆီရွှေရောင်များရှိခဲ့ရာမှ ယခု ဩဂုတ် ၁၈ ရက်မှစတင်ကာ R11 Barcelona Edition အပြင် အနီရောင်ကိုပါ ထည့်သွင်း ရောင်းချသွားမည်ဖြစ်သည်။

ALEX

## မြန်မာ့ရုပ်သေးပညာကိုဆက်ခံထားသည့် မန္တလေးမြို့မှ ဂုဏ်ယူဖွယ်ရာမျိုးဆက်သစ်များ

**မန္တလေး ဩဂုတ် ၁၄**

နိုင်ငံတကာတွင်မြန်မာအနုပညာစစ်စစ်ကိုချပြမည်ဆိုပါက မြန်မာ့ဆိုင်းဝိုင်း နှင့် မြန်မာ့ရုပ်သေးသည်ထိပ်ဆုံးမှပါဝင်နေပြီး စိတ်ဝင်စားမှုအများဆုံး ဖြစ်နေသည်။ မြန်မာနိုင်ငံရောက် နိုင်ငံတကာခရီးသွားဧည့်သည်များ မှာ ကော်ပီသံစဉ်ယူကာတီးခတ်သည့် အနောက်တိုင်းတေးဂီတထက် မြန်မာအနုပညာစစ်စစ်ကို တန်ဖိုးထားကြည့်ရှုလေ့ရှိသည်။ ထိုအထဲ တွင် မြန်မာ့ရိုးရာ ဆိုင်းဝိုင်းနှင့်တွဲဖက်ထားသည့် အမြင့်သဘင်ရုပ်သေး စင်ကို အထူးနှစ်သက်ကြသည်။ ရောနှောလာသော ဂီတသံစဉ်များ အကြား မြန်မာ့ရိုးရာအနုပညာများကို မျိုးဆက်သစ်တို့အမွေဆက်ခံ သည်ကိုမြင်သမျှ ဝမ်းမြောက်ဂုဏ်ယူကြစမြဲပင်ဖြစ်သည်။

မန္တလေးမြို့တွင် မြန်မာ့ရုပ်သေးကို စနစ်တကျ လေ့လာသင်ယူကာ မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းလျက်ရှိသည်။ အားလပ်သည့်အချိန်တိုင်းတွင် လေ့ကျင့်ကာ မြန်မာ့အနုပညာစစ်စစ်ကိုကမ္ဘာ့အလယ်ပြသနိုင်ရေး ကြိုးစား ပေးလျက်ရှိနေပေသည်။ ခက်ခဲလှသော ရုပ်သေးပညာကိုမျိုးဆက်သစ်တို့ ကြိုးစားသင်ယူကာ မြန်မာ့အနုပညာအမွေအနှစ်ကိုချစ်မြတ်နိုးစွာ ထိန်းသိမ်းမှု မှာ ဂုဏ်ယူစရာပင်ဖြစ်သည်။ ရုပ်သေးမှာက ကြိုးကလေးများဖြင့် အရုပ်ကလေး များကိုအသက်သွင်းရင်းကြည့်ရှုသူကိုဖမ်းစားနိုင်သည့်အနုပညာပင်ဖြစ်သည်။

အရုပ်ရဲ့အသက်ဘယ်လက်ဆိုသောစကားနှင့်အညီ လက်ကိုင်ဂျက်ကလေး များဖြင့် အရုပ်များကိုအသက်ဝင်စေတတ်ပေသည်။ တစ်ပင်ကြိုးနှင့် လမ်းစ လျှောက် ပုလဲပုတီးကိုကောက်သည့်ဟန်တို့ဖြင့် လေ့ကျင့်ကြရပေသည်။ ဘယ်ခြေလှမ်းက ခေါင်းမှညာကြည့်၊ ညာခြေလှမ်းပြန်ဘယ်ပြန်ကြည့်ထား ဆိုသော ခေါင်းအလှည့်လေးများမှသည် ခက်ခဲစွာလေ့ကျင့်ရသည့်ပညာရပ်ပင် ဖြစ်သည်။ အရုပ်ကလေးများကိုကကြိုးတို့ဖြင့်လမ်းလျှောက်ခြင်းကို ကျွမ်းကျင် လာသမျှ အကဘက်သို့စတင်လေ့ကျင့်ပေးကြရသည်။ စည်းဝါးနားလည်တတ် ကျွမ်းကာရှေ့တည့်တည့်ကခြင်း၊ လေးကွက်သိုင်းကခြင်းတို့ကိုဝါးအချ ခြေအကျ စနစ်ဖြင့် ခက်ခဲစွာလေ့ကျင့်ကြရသည်။

တစ်ပင်ကြိုးဖြင့်ကနိုင်သမျှ ဇော်ကနှင့်ဘီလူးကကို ကနိုင်သည်ဟုဆိုသည်။ ဇော်ကိုပိုင်နိုင်ခြင်းမှအခြေခံက ဝေ ၁၂ ကြိုးကို ကနိုင်အောင်လေ့ကျင့်ကြရသည်။ ထိုနောက်တွင်နက်နဲလှသည့်မင်းသားကြီးမင်းသမီးကြီးနှစ်ပင်ကြိုး သုံးပင်ကြိုး တို့ဖြင့် အရုပ်တို့က အသက်သွင်းကြရသည်။ ခက်ခဲနက်နဲသောမြန်မာ့အနုပညာ ရပ်ပင်ဖြစ်သည်။ ရှေးခေတ်မှသည် နန်းသုံးတော်ဝင်အဆင့်မြင့်သည့်အမြင့် သဘင်ပင်ဖြစ်သည်။ အပျိုတော်ခန်း၊ဟိမဝန္တာခန်းတွင်မြင်း၊ မျောက်၊ ဘီလူး၊ ဇော်က ကခြင်းများမှသည် ခန့်ထည်သောဝတ္ထုများဖြင့်ကြည့်ရှုသူကိုဖမ်းစား နိုင်သောအဆင့်မြင့်အနုပညာတစ်ခုအဖြစ်ရပ်တည်လျက်ရှိသည်။ လက်ရှိကာလ တွင် မြန်မာ့ရုပ်သေးကို မျိုးဆက်သစ်တို့ဆက်ခံထိန်းသိမ်းသင်ယူသည့် မျိုးဆက် သစ်လူငယ်ကလေးများ မန္တလေးမြို့တွင် ဂုဏ်ယူဖွယ်တွေ့မြင်နေရသည်မှာ မြန်မာ့အနုပညာအတွက် အားတက်ဂုဏ်ယူဖွယ်အဖြစ် တည်ရှိနေပေသည်။

**တိမ်တမန်**

## ကနီမြို့နယ်တွင်းမတောင်ဒေသတွင် GPSလက်တွေ့ကိုင်တွယ်အသုံးချမှုကွင်းဆင်းဆောင်ရွက်

**ကနီ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြား ရေးမှူးရုံးတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော GPS ကိုင်တွယ်အသုံးချခြင်း လက်တွေ့ဆောင်ရွက် မှုကို ကနီမြို့နယ် ကိုင်းရှည်ကြီးပြင် ကာကွယ်တော အနီး တွင်းမတောင်ဒေသတွင် ဩဂုတ် ၁၂ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ဟာ GPSကိုင်တွယ်အသုံးချတာGlopper Mapperနဲ့ Arc GIS Softwareတွေအသုံးပြုပြီး မြေပုံထုတ်တာတွေကိုဆင့်ပွားသင်တန်းအဖြစ် ပထမဆုံးအမှတ်စဉ်(၁)အဖြစ် တိုင်းဒေသကြီး သစ်တောညွှန်မှူးရုံးမှာ ဖွင့်လှစ်တာ ဖြစ်ပါတယ်။ GPSလက်တွေ့ကိုင်တွယ် အသုံးချတာတွေကို တွင်းမမှာ ကွင်းဆင်းဆောင်ရွက်တာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ဩဂုတ် ၇ ရက်က စတင် ဖွင့်လှစ်ပို့ချခဲ့သော GPSကိုင်တွယ်အသုံးချခြင်း Global Mapperနဲ့ Arc GIS Software များ အသုံးပြု၍ မြေပုံထုတ်လုပ်ခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ်(၁)သင်တန်းဆင်းပွဲကို ဩဂုတ် ၁၂ ရက် နေ့က ကျင်းပရာ ထူးချွန်သင်တန်းသားများကို ဆု ချီးမြှင့်ခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကျောင်းကျန်းမာရေး ရက်သတ္တပတ်အခမ်းအနားကျင်းပ

**ပဲခူး ဩဂုတ် ၁၄**
ပဲခူးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ကျောင်းကျန်းမာရေးရက်သတ္တပတ်အခမ်းအနားကျင်းပသည်။

ပဲခူးမြို့နယ်ပညာရေးမှူးဆရာမကြီးဒေါ်လွင်လွင်ဦးက ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် နိုင်ငံတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်ဆောက်ရာမှာလိုအပ်နေသည့် ခွန်အားပြည့်ဝပြီးကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်အောင်မြင်ရန်အတွက် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေးဆောင်ရွက်ခြင်းနှင့် ကုသရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ ကျောင်းကျန်းမာရေးပညာပေးရေး၊ ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးဆိုသည့်လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ထားရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ အဆိုပါလုပ်ငန်းများကို နေ့အလိုက်သတ်မှတ်ပြီး ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ်အထူးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာဆုပြည့်ခိုင်ကသွေးလွန်တုပ်ကွေးနှင့်A(H1N1)ရောဂါအကြောင်း အသိပညာပေးဟောပြောသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကျောင်းကျန်းမာရေးလှုပ်ရှားမှုအတွက် အလှူငွေပေးအပ်လှူဒါန်းပြီး ကျောင်းကျန်းမာရေးရက်သတ္တပတ်စာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတို့တွင်ဆုရရှိသူများအား မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူတို့ကဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

တက်ရောက်လာကြသော ဧည့်သည်တော်များက ကျောင်းကျန်းမာရေးဆိုင်ရာ ပန်းချီကားများနှင့် ပိုစတာများ၊ ကျောင်းကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်းနှင့် အာဟာရကျွေးမွေးနေခြင်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားသို့ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့မှတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများတက်ရောက်ကြကြောင်းသိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို ပညာရေးဌာန၊ ကျန်းမာရေးဌာနနှင့် အခြားတာဝန်ရှိသူများပါဝင်ကာ လိုက်လံစိစစ်အကဲဖြတ်ပြီး ကျောင်းကျန်းမာရေးစံပြဆုကျောင်းများကို ခရိုင်အလိုက် အထက်တန်းအဆင့် သုံးကျောင်း၊ အလယ်တန်းအဆင့် သုံးကျောင်း၊ မူလတန်းအဆင့် သုံးကျောင်းစုစုပေါင်း ကိုးကျောင်း၊ တစ်တိုင်းလုံးအတွက် ကျောင်းပေါင်း ၃၆ ကျောင်းကိုရွေးချယ်ကာ နှစ်စဉ်ပညာသင်နှစ်အလိုက်ဆုများပေးအပ်ချီးမြှင့်လျက်ရှိသည်။

**တင်စိုး(ပဲခူး)**

# သွေးလွန်တုပ်ကွေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

**ကြို့ပင်ကောက် ဩဂုတ် ၁၄**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သည် ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်းကို ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီခွဲက သဲကုန်းရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းရွှေဦးဆောင်သော အင်အား ၅၀ ဖြင့်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

သဲကုန်း(အမက) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က "ကျွန်မတို့ကျောင်းမှာ ဆရာဆရာမ ခြောက်ဦးရှိပါတယ်။ ကျောင်းရဲ့ခြံဝင်းက ပေ ၂၁၀ ပတ်လည်ကျယ်တယ်။ မိုးရာသီဆိုတော့ ချုံနွယ်တွေက အလွန်များလာတာ ကလေးတွေအတွက် သွေးလွန်တုပ်ကွေးအန္တရာယ် စိုးရိမ်ရတယ်။ အခုလိုလာရောက်ပြီး သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ပေးတဲ့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ကို အထူးကျေးဇူးတင်ပါတယ်"ဟုပြောကြားခဲ့သည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးသော မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ကို နံနက်ခင်းစားစရာ စမူဆာ၊ ဆီထမင်း၊ မုန့်လက်ကောက်ကွင်း၊ လက်ဖက်ရည်တို့ဖြင့် ဧည့်ခံခဲ့ကြောင်းသိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



# ရေတိုက်စားမှုကြောင့်ကျေးရွာချင်းဆက်လမ်းရှိ ဖားတူးအင်းတံတား ချဉ်းကပ်လမ်း မြေသားများပြိုကျ ယာဉ်သွားလာမှုပိတ်ထားရ

**ဘားအံ ဩဂုတ် ၁၄**
ကရင်ပြည်နယ် ဘားအံမြို့နယ် ဇာသပြင်အနောက်အုပ်စု ကော့နောင်ဖိုင်ရွာမှ ကတွန်းတာရွာသွားမြေနီကားလမ်းပေါ်ရှိ အကျယ် ၁၅ ပေ၊ အရှည်ပေ ၂၀၊ အမြင့် ၁၂ ပေရှိ(ဖားတူးအင်း)တံတား၏အရှေ့ဘက် ချဉ်းကပ်မြေသားအကျယ် ၇ ပေခန့်မှာရေတိုက်စားခြင်းကြောင့် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက ပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ ဘားအံမြို့နယ် ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရသိန်း၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဦးစီးမှူးဦးခင်မောင်ဝင်း၊ ဇာသပြင်နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လင်းနှင့်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှသွားရောက်ကြည့်ရှု၍ လတ်တလောသွားလာမှုပြတ်တောက်ခြင်းမရှိစေရေး ယာယီလူကူး သစ်သားဝါးတံတားငယ်ပြုလုပ်ပေးထားပြီး လူနှင့်ဆိုင်ကယ်များဖြတ်သန်းသွားလာနိုင်သဖြင့် ဩဂုတ် ၁၄ ရက်တွင် ယာဉ်ငယ်များပါ ဖြတ်သန်းသွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ/ ထွန်းထွန်းထွေး(ဘားအံ)**

# ကျောင်းကျန်းမာရေးနှင့် H1N1 ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ဇလွန် ဩဂုတ် ၁၄**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် တောင်ပို့တရာကျေးရွာ အ. ထ. က(ခွဲ)တောင်ပို့တရာကျောင်းတွင် ကျောင်းကျန်းမာရေးနှင့် H1N1 ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒေါင့်ကြီးကျေးရွာ ကျန်းမာရေးမှူး ဦးဇော်လွင်ဦး၊ သားဖွားဆရာမ ဒေါ်ချိုတူး၊ ဒေါ်အိအိသဲတို့က ကျောင်းသား ကျောင်းသူများအား H1N1 ကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိ ပညာပေးခြင်း၊ ရာသီတုပ်ကွေးရောဂါပိုးသည် လေထဲမှတစ်ဆင့် အသက်ရှူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်ပြီး တစ်ဦးမှ တစ်ဦးသို့ ကူးစက်နိုင်ခြင်း၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါ ခံစားနေရသူများ ပိုမိုကူးစက်နိုင်ခြင်းတို့ကို အသိပညာပေးပြောကြားပြီး ရာသီတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်ရန် နှာချေချောင်းဆိုးတိုင်း လက်ကိုင်ပဝါ၊ တစ်ရှူး၊ နှာခေါင်းစည်းတို့ကို အသုံးပြုရန်၊ ရောဂါပိုးသည် လက်တွင်ကပ်ငြိနေနိုင်သဖြင့် လက်ကိုဆပ်ပြာဖြင့်သေချာစွာဆေးကြောရန် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေးနှင့် H1N1 ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်ပုံသင်ပြခြင်း၊ စနစ်တကျသွားတိုက်နည်းနှင့် လက်ဆေးနည်းများ သင်ပြခြင်း၊ ကလေးများအဖျားရှိ/မရှိ Fever Survey ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး နှာခေါင်းစည်း ၅၅၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ **ငွေသန်း(ပြန်/ဆက်)**

# ဝါးခယ်မမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ကျေးရွာပေါင်း ၇၂ ရွာ အကောင်အထည်ဖော်ဆောင်ရွက်

**ဝါးခယ်မ ဩဂုတ် ၁၄**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ကြာဖြူကျေးရွာအုပ်စု ကျုံတုံးကျေးရွာသို့ တာဝန်ရှိသူများက လုပ်ငန်းများနှင့်ပတ်သက်၍ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက အဆိုပြုလုပ်ငန်းများအတိုင်း ဆောင်ရွက်ထားသည့် အခြေအနေများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**



# ယာဉ်အန္တရာယ်ကင်းရှင်းစေရေး လူစည်ကားရာနေရာများတွင် အချက်ပြမီး တပ်ဆင်

**ကျောင်းကုန်း ဩဂုတ် ၁၄**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လူစည်ကားရာ နေရာများတွင် အဝါရောင် အချက်ပြမီးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ဆိုလာစနစ်ဖြင့် အလင်းရောင်ပေးမည်ဖြစ်ကြောင်း၊ မြို့နယ်ထွေ/အုပ်ရုံးသို့ ၁၀ လုံး ရောက်ရှိနေပြီဖြစ်ကြောင်း ထွေ/အုပ်ရုံးမှ သိရသည်။

ကျောင်းကုန်းမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားမလည်ဘဲ ဆိုင်ကယ်မောင်းနှင်သူများကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီက လူစည်ကားရာဖြစ်သော အ. မ. က မြို့မစာသင်ကျောင်းအနီးတွင် ပထမဆုံး စတင်တပ်ဆင်ခဲ့ရာ မြို့မိမြို့ဖ ဦးတင်မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းတို့က အနီးကပ်ကြီးကြပ်လျက် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဒီးမော့ဆိုမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ဒီးမော့ဆို ဩဂုတ် ၁၄**
ဘေးအန္တရာယ် တစ်ခုခုဖြစ်ပွားပေါ်ပေါက်လာပါက ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီခွဲက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းက မီးဘေးအန္တရာယ်နှင့် ပတ်သက်၍ မီးလောင်မှု မဖြစ်စေရန် မည်သို့ဆောင်ရွက်ရမည်၊ မီးလောင်ခဲ့ပါက အမြန်ဆုံးငြိမ်းသတ်နိုင်ရန်၊ ဆုံးရှုံးမှုတန်ဖိုးနည်းရန် မည်သို့လုပ်ရမည် ဆိုသော မီးသတ်ပညာရှုထောင့်မှတစ်ဆင့် မီးဘေးလုံခြုံရေးဆိုင်ရာများကို ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် လိုက်နာကျင့်သုံးဖို့ အင်မတန်လိုအပ်ကြောင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် သင်တန်းမှ ပို့ချပေးမည့် လက်နက်မဲ့စစ်ရေးပြဘာသာရပ်၊ မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးပညာဘာသာရပ်များကို သေချာသင်ယူမှတ်သားပြီး မိမိရပ်ကွက်/ကျေးရွာ၊ မိမိမြို့နယ်မှ တစ်ဆင့် မိမိပြည်နယ်၊ မိမိနိုင်ငံတော်အဆင့်ထိ တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ တာဝန်ယူဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများ ပေးအပ်သည်။

ဖွင့်ပွဲသို့ ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးမြင့်ဇော်၊ ခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ ဦး တက်ရောက်ပြီး သင်တန်းကို ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၈ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တစ်ဝမ်းတစ်ခါးအတွက် နေစရာနှင့် ငွေအသပြာကို ဖွေရှာကြရသူများ

နေသန်

လူတိုင်း လူတိုင်းတွင် ဘဝနေထိုင်မှုအတွက် မျှော်လင့်ချက် ရည်မှန်းချက်တစ်ခုမဟုတ်တစ်ခုရှိကြသည်သာ။ အနည်းဆုံးအားဖြင့် တည်ငြိမ်သောနေထိုင်ရာနှင့် အသက်မွေးမှုအတွက် လုံလောက်သော အလုပ်အကိုင်ကိုတော့ မျှော်မှန်းကြပေမည်။

မြို့ပြ၏ကျပ်တည်းကျဉ်းမြောင်းသော လူနေမှုဘဝမှ လွင့်စဉ်ထွက်လာသူများနှင့် အလားအလာရှိသော မြေမှန်သမျှ လက်ဦးမှုရယူ ပိုင်ဆိုင်မှုပြုသူ စီးပွားရေးသမားများ ကျေးလက်ဒေသအထိ ပျံ့နှံ့ရောက်ရှိလာသောအခါ ကျေးလက်အခြေခံလူတန်းစားထဲမှ အခြေမခိုင်သူတို့မှာ ပို၍ဝေးရာသို့ ပြောင်းရွှေ့ရင်းနေရလျက်ရှိချေသည်။ ထိုထိုသောသူများအနက် အချို့သည် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရှမ်းတောင်တန်းများအနီးတွင် နေထိုင်ရင်း စားဝတ်နေရေးကိစ္စများအတွက်လုံးပမ်းနေကြသည်။

ရှေ့တွင်ဂေါ်ပြား နောက်တွင်သံထယ်သွားကြီးများ တပ်ဆင်ထားသောကူဘိုတာ ထွန်စက်ကြီး၏ မြည်ဟည်းရုန်းဆွဲသံနောက်တွင် မြေစိုင်ခဲများကွဲအက်ကြွတက်လာသည်။ နှစ်ကြော့ပြန်လွန်းထိုးမောင်းနှင်ပြီးနောက် အခြားတစ်ဖက်သို့ ပြောင်းရွှေ့မောင်းနှင်ချိန်တွင် မြေစာပုံများရှိရာသို့ သူတို့အဖွဲ့ ဆင်းလာကြသည်။ ဖျင်ကြမ်းအင်္ကျီလက်ရှည်ဝတ်၍ ပုဆိုးဟောင်းတစ်ထည်ကို ဦးခေါင်းမှစ၍ ခန္ဓာကိုယ် အထက်ပိုင်းလုံအောင် မျက်လုံးသာဖော်၍ စည်းနှောင်ထားကြသည်။

ကားတာယာအဟောင်းကို လှီးဖြတ် ပြုလုပ်ထားသော မြေသယ်တောင်းများ၊ ပေါက်ချွန်း၊ ဂေါ်ပြား၊ ပေါက်ပြားများကိုယ်စီကိုင်ဆောင်လျက် တပေါင်းနွေ နေရောင် ပြင်းပြင်းအောက်တွင် တံလျှပ်တရိပ်ရိပ်ထနေသော မြေစိုင်ခဲများကို လူအားဖြင့် သူတို့သယ်ယူကြမည်။ အမျိုးသားသုံးဦး၊ အမျိုးသမီးခုနစ်ဦးဖြင့် ဖွဲ့စည်းထားသော သူတို့လူစုသည် ရေကန်တူး၊ တမံဖို့၊ မြောင်းတူး၊ ကျောက်ကားတင်၊ ကျောက်စီစသည်ဖြင့် အလုပ်ကြမ်းပေါင်းစုံကို နေရာအနှံ့ လှည့်လည်လုပ်ကိုင်ကြရသည်။ ယောကျ်ားလေးငါးထောင်ကျပ်၊ မိန်းကလေး လေးထောင်ကျပ် တစ်နေ့အတွက် လုပ်ခရကြသည်။ အလုပ်ရှာပေးသူ အလုပ်သမားခေါင်းက တစ်ယောက်စာ ဖြတ်ယူသည်။ သူတို့လို အလုပ်သမားဆိုင်း သုံးလေးဆိုင်းကို ကိုင်ထားသော အလုပ်သမားခေါင်းက ညနေအလုပ်သိမ်းချိန် ငွေလာရှင်းလိမ့်မည်ဖြစ်သည်။




> **ကားတာယာအဟောင်းကို လှီးဖြတ် ပြုလုပ်ထားသော မြေသယ်တောင်းများ၊ ပေါက်ချွန်း၊ ဂေါ်ပြား၊ ပေါက်ပြားများကိုယ်စီကိုင်ဆောင်လျက် တပေါင်းနွေ နေရောင် ပြင်းပြင်း အောက်တွင် တံလျှပ်တရိပ်ရိပ်ထနေသော မြေစိုင်ခဲများကို လူအားဖြင့် သူတို့သယ်ယူကြ . . .**

လယ်ယာစိုက်ပျိုးခြင်းနှင့် တောင်စဉ်တောတန်း တစ်လျှောက်ကို အမှီပြု၍ အသက်မွေးခဲ့သော သူတို့သည် ပညာကို မည်မည်ရရမသင်ဖြစ်ခဲ့သလို မိသားစုတွင် စားမည့် ပါးစပ်များ တိုးပွားလာချိန်မှ အမှီပြုရာတောတောင်များ ခြောက်ခန်းသွားသောအခါ အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးမြေများ ပွန်းစားသွားသောအခါ ရွေးချယ်ခြင်း မဟုတ်ဘဲ ဤအလုပ်ကို လုပ်မိကြသည်။ ကျောက်မိုင်းများ၊ မြေယာပြုပြင်ရေးလုပ်ငန်းများရှိရာနှင့် မနီးမဝေး ရွာအစပ် မြေကွက်လပ်တွင် မြေပိုင်ရှင်ထံ တဲတစ်လုံး တစ်လတစ်သောင်းကျပ်ပေး၍ သူတို့လူစု တဲကလေးများထိုး၍ နေထိုင်လာသည်မှာ ဆယ်စုနှစ်တိုင်တော့မည်ဖြစ်သည်။

ထမင်းစားနားပြီး မွန်းလွဲပိုင်းလုပ်ငန်းပြန်စကြသည်။ မြေစိုင်ခဲများကို ပေါက်ချွန်းဖြင့်ခွဲသည်။ ကျောက်တုံးများကို ကလော်ထုတ်ဖယ်ရှားရသည်။ ဝေးဝေးကိုတော့ သွားမပစ်ရတော့။ "ပေါက်ပြားခုတ်သံ၊ မြေသယ်သံ တဒုတ်ဒုတ်သာကြားရတော့သည်။ တောင်စွယ်တွင် နေကွယ်ပြီ။ အလုပ်သမားခေါင်း ဆိုင်ကယ်သံ တဖုတ်ဖုတ်နှင့် ရောက်လာပါသည်။ တစ်နေ့ စာလုပ်ခရှင်းပေးပြီး ယနေ့အဖို့တော့ပြီးပြီဖြစ်သည်။

လမ်းကြုံတင်ခေါ်လေ့ရှိသော ကျောက်သယ်ကားကြီးက ကွန်ကရစ်လမ်းမကြီး၏နံဘေးသူတို့ ရွာကလေးကို မြင်ရသောနေရာမှာ သူတို့ကိုချပေးသည်။ ဆယ်ပေပတ်လည် ဆယ့်ငါးပေပတ်လည်အရွယ်အစားရှိ တဲအိမ်စုလေးကို ဒီနေရာကမြင်ရသည်။

သူတို့ထဲက သူတစ်ယောက်ကတော့ တစ်နေကုန်ပူထားသော ကွန်ကရစ်လမ်းမပေါ်မှာ ထိုင်ချရင်း မလှမ်းမကမ်းမှလာနေသော မော်တော်ဆိုင်ကယ်နှင့် ဖြူစိမ်းဝတ်ကျောင်းသားလေးတစ်စုကို ငေးကြည့်ရင်း နယ်မြို့ငယ်လေးတစ်ခုမှာရှိနေတဲ့ အမေ့အိမ်မှာထားခဲ့ရတဲ့ ကိုးတန်းကျောင်းသား သူ၏သား တော်မောင်ကို သတိရနေသည်။ ။



## မန္တလေးတိုင်းဒေသကြီး
## ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ
## ဓမ္မသဟာယ သာသနစင်တာ
## Institute of Dhamma Education
## (IDE-MDL)
## ၂၀၁၇ ခုနှစ်၊ ဓမ္မသင်တန်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယ သာသနစင်တာ (မဟာသုဗောဓာရုံကျောင်းတိုက်)၌ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ ကိုယ်တိုင် ၂၀၁၇–ခုနှစ်၊ ဝါတွင်းကာလ ဓမ္မသင်တန်း၌ **ဝိသုဒ္ဓိမဂ်** ဘာသာရပ်ကို ဖော်ပြပါအချိန်ဇယားအတိုင်း ပို့ချပါမည်။

(က) ၂၀၁၇–ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့မှ (၂၆)ရက်နေ့အထိ၊ (၂၁)ရက်။
(ခ) နေ့စဉ် နံနက် (၈)နာရီမှ (၁၀)နာရီအထိ

### ကြိုတင်သိရှိထားရန် အချက်များ

(က) ပြင်ဦးလွင်ဒေသ၌ နေထိုင်သူများ၊ မိမိတို့အစီအစဉ်ဖြင့် နေထိုင်သင်တန်းတက်သူများ၊ အဆောင်နေခွင့်လျှောက်ထားရန် မလိုပါ။ သင်တန်းတက်သည့်နေ့၌သာ ဓမ္မသဟာယရုံးခန်း ၌ အမည်စာရင်း ပေးသွင်းရပါမည်။
(ခ) ဓမ္မသဟာယ သာသနစင်တာ၌ နေထိုင်၍ သင်တန်းတက်လိုသော ပုဂ္ဂိုလ်များသည် အဆောင်နေခွင့်လျှောက်လွှာတင်ရပါမည်။ လျှောက်လွှာအစောင်(၁၀၀)အထိသာ လက်ခံပါမည်။
(ဂ) လျှောက်လွှာကို ပြင်ဦးလွင်၊ ဓမ္မသဟာယရုံးခန်းမှဖြစ်စေ၊ ဓမ္မဗျူဟာလူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၊ အမှတ်(၆)၊ ကြားတောရလမ်း(မြေပဒေသာနှင့်ဗဟန်းဈေးကြား)၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မှ ဖြစ်စေ ရယူနိုင်ပါသည်။
(ဃ) လျှောက်လွှာကို ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ(၁)စောင်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် တကွ စနစ်တကျ ပြည့်စုံစွာ ဖြည့်သွင်းပြီး ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ(၂၄)ရက်နေ့ နောက်ဆုံး ထား၍ လျှောက်လွှာထုတ်ယူသောနေရာ၌သာ တင်သွင်းရပါမည်။
(င) အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများကို ရွေးချယ်မည်မဟုတ်ပါ။
(စ) သင်တန်းစီစဉ်ကြီးကြပ်ရေးအဖွဲ့က စိစစ်ရွေးချယ်ခံရသော အဆောင်နေခွင့်ရသူစာရင်းကို ဖုန်းဆက်၍ အကြောင်းကြားမည်ဖြစ်ပါသည်။ အဆောင်နေခွင့်ရရှိပြီးသော သင်တန်းသား များသည် သင်တန်းကာလအတွင်း (၈)ပါးသီလကျင့်သုံး၍ အဆောင်စည်းကမ်းအတိုင်း နေထိုင်ရပါမည်။

**သင်တန်းစီစဉ်ကြီးကြပ်ရေးအဖွဲ့**
**ဓမ္မသဟာယ သာသနစင်တာ**



Yangon University of Distance Education
YUDE
KMD Institute

## ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း ဖွင့်လှစ်သည့် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း၍ အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

- Diploma in Business Information System
- Diploma in Network Communication
- Diploma in Web Development

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။
၂။ သင်တန်းကာလ(၉)လဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သော ဒီပလိုမာ အောင်လက်မှတ် ရရှိပါမည်။
၃။ Diploma in Network Communication သင်တန်းအတွက် Microsoft မှစစ်ဆေးသော 70-410 စာမေးပွဲဖြေဆိုနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။
၄။ လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ထားပါသည်။
၅။ ကျောင်းသား / သူဟောင်းများ၊ အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများ အတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်နေရာ ။ ။ အဆောင်(၈)၊ သထုံလမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊**
**သင်တန်းဖွင့်လှစ်မည့်နေ့ရက်။ ။ စက်တင်ဘာလ (၃၀)ရက်၊ ၂၀၁၇ ခုနှစ်။**

☎ ဆက်သွယ်ရန်ဖုန်း
၀၉-၂၆၂၆၀၀၃၀၁ ၊ ၀၁-၅၀၁၂၄၃၊ ၂၉၁၉၂၅၊ ၃၉၁၂၈၆၊ ၃၉၁၂၈၇
၅၀၂၂၁၁၊ ၅၀၂၂၃၃၊ ၅၄၁၃၂၈၊ ၃၈၄၂၆၈၊ ၅၄၆၆၀၀၊ ၂၂၀၅၅၅

သင်တန်းကြေးများ၊ Computer နှင့် Mobile ပစ္စည်းများကို အရစ်ကျစနစ်ဖြင့်ပေးသွင်းနိုင်ပါသည်။





သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး







**မင်္ဂလာပါ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
**Box** ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
**09-450042704**
**09-250095116**
**09-420096296**

**လှိုင်မြို့နယ်ရှိတိုက်ခန်းသစ်ရောင်းရန်ရှိသည်**

လှိုင်မြို့နယ် (အင်းယားကန်အနီး) ဓမ္မာရုံလမ်းတွင် ကားပါကင်နှင့် ဓာတ်လှေကားပါ ၈ ထပ်ခွဲ အဆင့်မြင့်တည်ဆောက်ထားသော အဆောက်အအုံတွင် စိတ်ကြိုက်အခန်းဖွဲ့စည်းနေထိုင်ရန် Hall Type ပုံစံဖြင့် (950 sqft) အကျယ်အဝန်းရှိသည့် (၅)လွှာ တိုက်ခန်းအား ဘဏ်နှင့် (၁၀)နှစ် အရစ်ကျငွေပေးချေနိုင် (သို့) ကုမ္ပဏီနှင့်တိုက်ရိုက်ငွေပေးချေနိုင်ပါသည်။

**(Including Veranda, Kitchen Room)**
**(Pile Foundation, Video Intercom, Satellite System).**
**ဆက်သွယ်ရန် ဖုန်း-၀၉-၈၃၀၂၀၀၀၊ ၀၉-၈၃၀၂၈၈၈၊ ၀၉-၈၃၀၃၈၈၈**

**ဒေါက်တာဇော်ဦး**
PhD (Chem) DFT (YU)
ဟားဗတ်နည်းပြစာအုပ်
Ph: 09 252 210 320
ထွက်ပြီ

**ဖခင်အမည်မှန်**
မော်လမြိုင်မြို့၊ အထက(၁၂)၊ နဝမတန်းမှ မစုနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦးကြီး [၁၀/မလမ(နိုင်)၁၅၇၉၄၇] ဖြစ်ပါကြောင်း။
**ဦးမြင့်ဦးကြီး**

ဝန်ထမ်းအလိုရှိသည်
Marketing
09973094828, 09966695556
အမှတ်(195/B)
107

**ထိုင်းနိုင်ငံ၊ ဝေ့ဇ္ဇာနီဆေးရုံကြီး၏ အထူးအစီအစဉ်**

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ ဝေ့ဇ္ဇာနီဆေးရုံကြီးမှ နှလုံးနှင့်သွေးကြောဆိုင်ရာ အထူးကုဆရာဝန်ကြီး DR.SUPHASIT SATHITRAKOOL နှင့် **အခမဲ့** တိုင်ပင်ဆွေးနွေးနိုင်ရန် အထူးအစီအစဉ်ရှိပါသည်။ နှလုံးရောဂါအမျိုးမျိုး၊ သွေးကြောရောဂါအမျိုးမျိုးအတွက် လာရောက်တိုင်ပင်ဆွေးနွေးရန် စာရင်းပေးသွင်းနိုင်ပါသည်။

**မန္တလေးမြို့** -၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် (စနေနေ့)
**ရန်ကုန်မြို့** -၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် (တနင်္ဂနွေနေ့)
**ZAW MAUNG MEDICAL SERVICES**
**(ရုံးချိန်အတွင်းစုံစမ်းရန်)**
**Ph:09-254254330, 09-799645804**






# ငပုတောမြို့နယ်အသင်း(ရန်ကုန်)

## ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ ဖိတ်ကြားလွှာ

ငပုတောမြို့နယ်အသင်း(ရန်ကုန်) ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ငပုတောမြို့နယ်အတွင်းမှ ရန်ကုန်မြို့တွင် ကျောင်းထိုင်သီတင်းသုံး ဝါကပ်တော်မူသော ဆရာတော်ကြီး(၁၆)ပါးတို့အား ဝါဆိုသင်္ကန်း လှူဒါန်းပူဇော်မည် ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြည်ညို ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဥက္ကဋ္ဌ သူရဦးမောင်နီ၊ ဒု-ဥက္ကဋ္ဌ(၁) ဦးစိုးကြည် -၀၉ ၈၆၂၈၁၆၁၊ ဒု-ဥက္ကဋ္ဌ(၂) ဦးအေးတင်-၀၉ ၂၅၁၁၆၀၄၉၁၊ အတွင်းရေးမှူး ဦးစိုးမြင့်အောင်-၀၉ ၈၅၅၄၁၇၅၊ ဘဏ္ဍာရေးမှူး ဒေါ်ဝင်းကြည်-၀၉ ၇၃၂၀၈၀၈၆။

ကျင်းပမည့်နေ့ရက် - ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁၃)ရက်၊ ၂၀-၈-၂၀၁၇ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက်(၉:၀၀)နာရီ
ကျင်းပမည့်နေရာ - အမှတ်(၂၁/၄၃-စီ) ၊ ကြားတောရလမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဇရာဝတီတိုင်းဒေသကြီးမှော်ဘီ)

အမှုဆောင်အဖွဲ့



Since 1996
Home
think of House, think of Home

မိသားစု ကျန်းမာရေးအတွက် အထူးသင့်လျော်ဆုံး

**Healthy Floor**
ကျန်းမာရေးကြမ်းခင်း

မိုးရာသီ အထူး **Promotion**
**BUY 1 GET 1 FREE**



လက်ဆောင်
ကြမ်းခင်း ၁ ကျင်း → Wall Covering
ကြမ်းခင်း ၂ ကျင်း → Decorated Mirror
ကြမ်းခင်း ၄ ကျင်း → Side Table
* Selected items only

➤ အမှတ် F.( 2~8 ) ပ–ထပ်၊အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်။
➤ အမှတ် ( E-11A ) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊သဃ်န်းကျွန်း၊ရန်ကုန်မြို့။
HOTLINE: 09-79 700 70 70
09-79 700 70 80
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (ပုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၀)ခုတွင် ဝယ်ယူနိုင်ပါသည်



GM Golden Memo Travel & Tours

# ရွှေအမှတ်တရ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

နိဗ္ဗာန်တံခါးပွင့်စေဖို့ ဗုဒ္ဓပွင့်ရာ ဂယာမြေသို့ ရွှေအမှတ်တရနဲ့ သွားကြစို့ . . .

(၇) ညအိပ်(၈)ရက် ခရီးစဉ် - USD 650 + ၂သိန်း ➤ သံဝေဇနီယလေးဌာန ၊ အဝိဇဟိတသုံးဌာန။
(၇) ညအိပ်(၈)ရက် ခရီးစဉ် - USD 850 + ၂သိန်း ➤ သံဝေဇနီယလေးဌာန ၊ အဝိဇဟိတသုံးဌာန။ (All Day Hotel Package)
(၁၄) ညအိပ်(၁၅)ရက် ခရီးစဉ်- USD 780 + ၂သိန်း ➤ သံဝေဇနီယလေးဌာန ၊ အဝိဇဟိတလေးဌာန၊ အာဂရာ၊နယူးဒေလီ၊ Shopping။(Hotel-3days)

ခရီးစဉ်အားလုံး အတွက်စရိတ်ငြိမ်း

ရွှေအမှတ်တရ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့သည် အောက်တိုဘာလဆန်းပိုင်းမှစတင်ပြီးခရီးစဉ်များကို Tour အတွေ့အကြုံရှိ ဒါရိုက်တာအဖွဲ့ဝင်မှ မိသားစုဝင်ပမာနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်ပေးနေပါသည်၊ လူဦးရေကန့်သတ်ထားသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ရန် သတင်းကောင်းပါးအပ်ပါသည်၊

ခရီးလှည့်လည်ရေး လိုင်စင်အမှတ် - ပြည်တွင်း - ခ-၃၂၃၃ / ပြည်ပ - ပခ - ၀၁၀၀

အသေးစိတ်သိရှိလိုပါက- အမှတ်(၂၆)၊ဂန္ဓမာ(၅)လမ်း၊သာယာကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎ : 01-295336, 09-5142759, 09-782777721, 09-782777723, 09-782777726
Email : goldenmemo2016@gmail.com, g.gaya@gmail.com



# ဂန္ဓဝင်ရွှေပုဂံအပြည်ပြည်ဆိုင်ရာဗုဒ္ဓဂါယာဘုရားဖူးအေဂျင်စီ

လိုင်စင်အမှတ် (ပခ-၀၀၂၁)

- သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ) နှင့် တာ့ချ်မဟာ၊ နယူးဒေလီတွင် ဟိုတယ် (၂) ညတာတည်းခိုခွင့် (Monastery Package) (စရိတ်ငြိမ်းအပြီးအစီး) — (၁၄ညအိပ်/၁၅ရက်) ခရီးစဉ် (၁၃သိန်း) ကျပ်တိတိ
  ထွက်ခွာမည့်နေ့ရက်များ– အောက်တိုဘာ ၃၊၂၄၊ နိုဝင်ဘာ ၁၃၊၂၈၊ ဒီဇင်ဘာ ၁၈၊ ဇန်နဝါရီ ၁၆၊ ဖေဖော်ဝါရီ ၆၊၂၇၊ မတ်လ ၂၀၊ ဧပြီ ၅၊၉။
- သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ) (Hotel Package) (စရိတ်ငြိမ်းအပြီးအစီး) — (၇ညအိပ်/၈ရက်) ခရီးစဉ် (USD - 980)
  ထွက်ခွာမည့်နေ့ရက်များ– အောက်တိုဘာ ၆၊၂၇၊ နိုဝင်ဘာ ၂၁၊၂၈၊ ဒီဇင်ဘာ ၂၅၊ ဇန်နဝါရီ ၁၆၊ ဖေဖော်ဝါရီ ၁၃၊၂၇၊ မတ်လ ၁၂၊ ဧပြီ ၁၃။

(Ygn Office) : No. 67, Baho Road, Sanchaung. Ph: 01- 519292, 519293, 519360, 500191, 510491
(MDY Office): 38 Road, Bet,78x79 Street, Mandalay. Ph: 09 - 31693339, 09-73013856
Hot Line: 09 - 790901466



SGS Certificate TH09/3125

# ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

နဂါးအမှတ်တံဆိပ်
ကိုင်းရှင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက်သောက်သုံးနိုင်ပါသည်။

SGS UKAS Certificate TH06/3966.01

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ရန်ကုန်မြို့မှထုတ်လုပ်သည်၊




ကြော်ငြာ

## ဦးအောင်ရွှေ
**အသက် (၁၀၁) နှစ်**
**သံအမတ်ကြီး(အငြိမ်းစား)**
**ဗိုလ်မှူးချုပ်ဟောင်း (BC-3505)**
**စည်သူ၊ သရေစည်သူ**
**မော်ကွန်းဝင်(ပထမဆင့်)**
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-ဥက္ကဋ္ဌ(ဟောင်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ် (၂၀/က)နေ (ဦးဘိုးကွန်း-ဒေါ်သိန်းတင်)တို့၏သား၊ (ဒေါ်တင်တင်ရွှေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သန်းရွှေ-ရှန်ဟိန်း(အင်္ဂလန်)၊ ဦးသန်းဖေရွှေ (အင်္ဂလန်)၊ မစ္စတာနော်မန်-ဒေါ်ယုဇနရွှေ(အမေရိကန်)၊ ဒေါ်မဥ္ဇူရွှေ(အမေရိကန်)၊ မစ္စတာဖီလစ်-ဒေါ်စပါယ်ရွှေ(ပြင်သစ်)၊ ဦးအောင်မြင့်ရွှေ (Unitean Marine Yangon Co.,Ltd)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၃-၈-၂၀၁၇ (တနင်္ဂနွေနေ့) ည ၉း၃၆ နာရီတွင် ဝိတိုရိယအထွေထွေရောဂါကုဆေးရုံကြီး၌ ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်ရွှေ (၁၀၁)နှစ်**
**သံအမတ်ကြီး(အငြိမ်းစား)**
**ဗိုလ်မှူးချုပ်ဟောင်း(BC-3505)**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ(ဟောင်း) ဦးအောင်ရွှေသည် ၁၃-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်ရွှေ (၁၀၁)နှစ်**
**သံအမတ်ကြီး(အငြိမ်းစား)**
**ဗိုလ်မှူးချုပ်ဟောင်း(BC-3505)**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ(ဟောင်း) ဦးအောင်ရွှေသည် ၁၃-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့)တွင်ဘဝ တစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ရန်ကုန်တိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်ရွှေ (၁၀၁)နှစ်**
**သံအမတ်ကြီး(အငြိမ်းစား)**
**ဗိုလ်မှူးချုပ်ဟောင်း(BC-3505)**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ(ဟောင်း) ဦးအောင်ရွှေသည် ၁၃-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ဘဝ တစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ**
**ရန်ကုန်တိုင်းဒေသကြီး**
**လွှတ်တော်ကိုယ်စားလှယ်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်ရွှေ**
**အသက် (၁၀၁)နှစ်**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ထူထောင်ခဲ့သည့် ခေါင်းဆောင်များတွင် ပါဝင်ခဲ့သူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အခက်အခဲဆုံး၊ အကျပ်တည်းဆုံး မိုးသက်မုန်တိုင်းများအတွင်း ပါတီအလံတော်၊ ပါတီဆိုင်းဘုတ်နှင့် ပါတီဌာနချုပ်ရုံးပျက်စီးပျောက်ကွယ်မသွားရန် နှစ်ပေါင်း ၂၀ ကျော်ကြာ ကြံ့ကြံ့ခံဦးဆောင်ရပ်တည်ခဲ့သူ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (ယခင်)ဥက္ကဋ္ဌကြီး ဦးအောင်ရွှေ အသက်(၁၀၁)နှစ်သည် ၁၃-၈-၂၀၁၇ ရက်နေ့ ည ၉း၃၆ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှမြင့်**
**ဥက္ကဋ္ဌ**
**မြန်မာ-တရုတ်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး**
**အထောက်အကူပြုအသင်း**

## တစ်လပြည့်ဆွမ်းကျွေးတရားတော်နာဖိတ်ကြားလွှာ

ကွယ်လွန်သူ ကိုသိန်းမင်းအောင်(ခ)ကိုလတ် B.A(I.R) 5TH BATCH (1991-1994) GREEN VILIA(စိမ်းရိပ်)အား ရည်စူး၍ ကျန်ရစ်သူမိသားစုနှင့် သူငယ်ချင်းများမှ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းကပ်တရားတော်နာမည်ဖြစ်ပါ၍ ၁၅-၈-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် အရုဏ်ဆွမ်းကို အမှတ် (၂၄-ခ)၊ ရတနာလမ်းသွယ်၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်၌လည်းကောင်း၊ နေ့ဆွမ်းကို နံနက် ၁၀ နာရီတွင် (၁၀၆၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ GREEN VILIA)၌ လည်းကောင်း တရားနာကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**
**နှင့်**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်ရွှေ**
**အသက် (၁၀၁) နှစ်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ(ဟောင်း)**
**သံအမတ်ကြီး(အငြိမ်းစား)**
**ဗိုလ်မှူးချုပ်(ဟောင်း) (BC-3505)**
**စည်သူ၊ သရေစည်သူ၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)**
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**
**၁၉၉၀ ပြည့်နှစ်၊ မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)**
**လွှတ်တော်ကိုယ်စားလှယ်**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ(ဟောင်း) ဦးအောင်ရွှေ အသက် (၁၀၁)နှစ်သည် ၁၃-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ည ၉း၃၆ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်အနိစ္စရောက်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် မိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
**ကြည်း-၁၂၈၄၂၊ ဗိုလ်မှူးချုပ် မြင့်မောင်(ငြိမ်း)**
**အသက် (၇၂) နှစ်**

[ဒုတိယဗိုလ်မှူးကြီးခင်လှ(ငြိမ်း)-ဒေါ်အေးကြည်]တို့၏သားကြီး၊ (ဦးထွန်းလှကျော်-ဒေါ်သစ်)တို့၏သားသမက်၊ အမှတ်(၈၂)၊ ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်တင်မာဝေ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်သူဝေမောင်၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ခင်မြင့် ကြည်(အထပြ-ငြိမ်း၊ အထက-၂ ဒဂုံ)၊ ဦးခင်မောင်စိုး(ပုလိပ်စက္ကူစက်ရုံမှူး)-ဒေါ်တင့်တင့်ဌေး(အထပြ-ငြိမ်း)၊ ဦးသန်းထွန်းဦး-(ဒေါ်မြင့်မြင့်သန်း)၊ ဒေါက်တာဝင်းမြင့်အောင်-ဒေါ်ဝင်းဝင်းထွေး၊ (ဗိုလ်ကြီးစိုးစိုးလှိုင်-ဒေါ်မိမိစန်း)၊ ဦးမျိုးသန်းဌေး(လ/ထကြီးကြပ်ရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး)၊ ဒုတိယဗိုလ်မှူးကြီးမင်းဇော်လှိုင်-ဒေါ်စန္ဒာထွေး(လ/ထညွှန်မှူး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန)တို့၏အစ်ကိုကြီးသည် ၁၄-၈-၂၀၁၇ (တနင်္လာနေ့) နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်၌တရားတော်နာရေစက်ချပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
**ဒေါ်ခင်စိန် (၉၈)နှစ်**
**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ်(၉၅/၉၆) (A-2)၊ ခဝဲခြံနေ (ဗိုလ်ကြီးမြမောင်)၏ဇနီး ဒေါ်ခင်စိန်သည် ၁၃-၈-၂၀၁၇ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသား/အသင်းသူများ လိုက်ပါပို့ဆောင်ပေးပါရန်။

အမှုဆောင်အဖွဲ့

### ဒေါ်သန်းရီ (၇၃)နှစ်
**(အငြိမ်းစားကျောင်းဆရာမ)**
**အထကပျဉ်းမကန်**
**အထက(၅) ကမာရွတ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၃၄)၊ မြေညီထပ်နေ (ဦးကြိုင်-ဒေါ်မြစိန်)တို့၏ သမီးကြီး၊ (ဦးသန်းဝင်း-ဒေါ်ကြည်)၏ သမီးချွေးမ၊ [ဦးတင်ကြည်(ခ) ဦးအေးကို]၏ဇနီး၊ ဦးစိုးဝင်းနိုင်-ဒေါ်အေးမြတ်မွန် (အထက-၅၊ အလုံ)၏ ကျေးဇူးရှင်မွေးသမိခင်၊ (ဦးစောသကလို)-ဒေါ်ခင်သန်းကြူ ဒေါ်ခင်စန်းတင့်(သမဦးစီးဌာန-ငြိမ်း)တို့၏အစ်မကြီး၊ မနှင်းဝတ်ရည်(စနိုး)၊ မချိုဝတ်ရည် (ချိုသဲ)တို့၏ကြီးကြီးသည် ၁၃-၈-၂၀၁၇ ရက် ည ၇း၁၅ နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**မောင်အောင်ဇင်အောင်(ခ)**
**တုတု (၁၈)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် (၂၁၇)၊ အခန်း (၉)၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ (၁၂)လုံးတန်းနေ ဦးသန့်ဇင်-ဒေါ်နီလာထွန်းတို့၏ ချစ်လှစွာသောသားငယ်၊ ကိုဇင်အောင်ရှိန်း၏ညီ မောင်အောင်ဇင်အောင်သည် ၁၄-၈-၂၀၁၇ (တနင်္လာနေ့) နံနက် ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်မီမီထွေး
**အသက်(၄၀)**

ကော့ကရိတ်မြို့၊ (၅)ရပ်ကွက်၊ အမှတ် (၁၇၁)၊ ဦးထူးလမ်းနေ (ဦးမြင့်သိန်း-ဒေါ်တင်ရွှေ)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရန်ပြေရပ်ကွက်၊ ဦးဖိုးကျားလမ်း၊ အမှတ် (၆/၁၅၀)နေ (ဦးရွှေသိန်း-ဒေါ်သန်းနွယ်) တို့၏ သမီးချွေးမ၊ ဟာဂျီမ ဒေါ်မြင့်မြင့်ခိုင် (ဂရိတ်ဝမ်းဟိုတယ်၊ မြဝတီမြို့)၊ ဒေါ်နီနီခိုင်တို့၏ညီမ၊ ဦးမိုးဇော်ထွန်း (ဗိုလ်ကြီး-ငြိမ်း)၏ဇနီး၊ မစိုးသီဂီထွန်း၊ မပြည့်မှူးခင်တို့၏မိခင်သည် ၁၃-၈-၂၀၁၇ရက် ညနေ ၅း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၇ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သာကေတမြို့နယ်၊ ဦးဖိုးကျားလမ်း နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ကိုလှမျိုးဇော် (၃၁)နှစ်

ကလေးဝမြို့နေ (ဦးသိန်းဖေ-ဒေါ်ခင်ပု)တို့၏မြေး၊ ဦးခင်အောင်ဇော်-(ဒေါ်အေးအေးနု)၏ တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့နေ ဦးညီညီ-ဒေါ်နုနုစိန်တို့၏ သားသမက်၊ မစန္ဒာညီညီ၏ ချစ်လှစွာသောခင်ပွန်း၊ မအိန္ဒြေချမ်းမြေ့၊ မသဒ္ဒါချမ်းမြေ့တို့၏ ချစ်လှစွာသောဖခင်၊ ကလေးဝမြို့နေ မောင်မျိုးထိုက်အောင်-မဇာလီသိန်းတို့၏ မောင်၊ မောင်ခွန်းဆက်သာ၊ မောင်ဖောင်းဖောင်းတို့၏ ဦးလေး၊ ရန်ကုန်မြို့၊ အမှတ်(၆၀)၊ ဩဘာလမ်း၊ ကျောက်မြောင်းနေ (ဦးထွန်းရှိန်-ဒေါ်စိန်မြခိုင်)တို့၏မြေး၊ ဒေါ်တင်တင်မြင့်၊ ဦးညွန့်တင်-ဒေါ်ခင်ခင်တင့်၊ ဒေါ်ခင်သန့်ဇင်၊ ဒေါ်ခင်မြတ်မွန်တို့၏တူ၊ ဦးကိုကိုညွန့်-ဒေါ်အေးအေးသန့်၊ ဦးညွန့်စိန်-ဒေါ်ခင်သီတာညွန့် (Y.E.C)၊ ဦးအောင်အောင်ညွန့်-ဒေါ်မြင့်မြင့်သိန်း၊ (ဦးဇော်လွင်ထွန်း)-ဒုရဲမှူး စောသီတာညွန့် (သတင်းတပ်ဖွဲ့)၊ ဦးတင်အောင်မျိုး-ဒေါ်ဥမ္မာအောင်တို့၏ ညီ/မောင်သည် ၁၃-၈-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၈- ၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

### မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
**ဦးရွှေမှိုင်း**
**အသက် (၉၄)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၁)ရပ်ကွက်၊ တောင်ကြီးပန်းခြံ၊ အမှတ်(၃၄/က)နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဦးရွှေမှိုင်းသည် ၁၄-၈-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန် နိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဦးယုံ၌
**အသက် (၉၄)နှစ်**
**(မြိတ်)**

မြိတ်မြို့၊ အထက်ရေပုန်းရပ်၊ ငွေအိမ်စည်လမ်းသွယ်နေ ဒေါ်ကြူဝါ၏ ခင်ပွန်း၊ ဒေါ်စောလိုက်၊ ဦးကြည်ဟို-ဒေါ်ပု၊ ဦးဝင်းညွန့်-ဒေါ်ရှုကြူ ဦးဝင်းထွေး-ဒေါ်ချိုချိုဝေ၊ သားသုံးယောက်၊ သမီးခုနစ်ယောက်တို့၏ဖခင်၊ မြေး ၂၀ ယောက်၊ မြစ်ကိုးယောက်တို့၏အဘိုးသည် ၁၄-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၇ ရက်တွင် ကလွင် ဂျိဟင်သုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
**ဒေါ်ခင်ဥ(ခ)Mrs.Sit Aung**
**အသက် (၈၉)နှစ်**
**St.Philomena's Convent**
**ဆရာမဟောင်း**

(ဦးစောသာထူး-ဒေါ်စီစီလျာ)တို့၏ သမီးကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င/၄၇၈)နေ [Rev:Plawah(ခ)ဦးစစ်အောင်]၏ဇနီး၊ ဒေါက်တာ စောဒေါ်လ်တန်ဇင်၊ ဒေါ်နီနီအောင်(ခ)Florence၊ စောအောင်မျိုးထွဋ်၊ နော်အယ်လင်ထူးတို့၏မိခင်၊ စသိန်းဇော်ထွေး၊ နော်နီလာဇင်၊ စောစိုးနိုင်ဇင်၊ နော်အဲလစ်ထူး၊ စောထွန်းနိုင်ဇင်၊ နော်မိုးသူဇာလှတို့၏ အဘွား၊ မြစ်ရှစ်ယောက်တို့၏ဖီးဖီးကြီးသည် ၁၄-၈-၂၀၁၇ရက် နံနက် ၇း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၈-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမ၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (မြောက်ဥက္ကလာ၊ နွယ်နီ-၁၃ လမ်းနေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
**ဦးကျော်ဝင်း**
**လက်ထောက်မန်နေဂျာ၊**
**မြေအသုံးချရေး**
**အသင်းဝင်နံပါတ် (၀၈၄၈)**
**အသက် (၇၆)နှစ်**

အနောက်ကြို့ကုန်း၊ ဘုရင့်နောင်လမ်း၊ ဝန်ထမ်းအိမ်ရာနေ ဦးကျော်ဝင်းသည် ၇-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၇ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

### ဦးနေလင်းထွန်း(ခ)မောင်ပါ
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂) ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၆၀၃/B) နေ(ဦးကျော်ညွန့်)-ဒေါ်မေမေကြူတို့၏ သားငယ်၊ (ဦးတင်ရွှေ)-ဒေါ်ငွေစု တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးသူရိန်-ဒေါ်စန္ဒြာအောင်၊ (ဦးအောင်စိုးလင်း)-ဒေါ်အေးအေးမော်တို့၏မောင်၊ မောင်သိန်းထူးလင်း(C.B ဘဏ်၊ ကမာရွတ်)-မအောင်ဇင်မာမြတ်၊ မောင်ဝင်းထွဋ်လင်း(DHL)၊ မနှင်းအေးလွင်(အထက-၂၊ ကမာရွတ်)တို့၏ ချစ်လှစွာသောဖခင်၊ မောင်လင်းမြတ်အောင်၏အဘိုး၊ မောင်ရန်နောင်မျိုး၊ မောင်မင်းနောင်မျိုး၊ မောင်ပိုင်နောင်မျိုးတို့၏ ဦးလေးသည် ၁၃-၈-၂၀၁၇ (တနင်္ဂနွေနေ့) ည ၈း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၇ (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဘဒ္ဒန္တ အာသဘ**
**မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ**
**သာသနာပြု နယ်လှည့်မွေကထိက**
**သိက္ခာတော် (၅၇) ဝါ၊ သက်တော် (၇၇) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီကျောင်းတိုက်၊ အဘယသုခ ဥက္ကံကျောင်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ(၃၀၀)၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအာသဘ မထေရ်မြတ်သည် (၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ရက်) ၁၂-၈-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၆-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အဘယသုခဥက္ကံကျောင်း၌ ဈာပနအခမ်းအနားကျင်းပပြီး ရေဝေးသုသာန်၌ အဂ္ဂိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အဘယသုခဥက္ကံကျောင်းမှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ဈာပနကျင်းပရေးကော်မတီ

## ဦးကျော်လွင် အသက်(၉၀)
**ဗြိတိသျှသံရုံး**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(500-A)နေ (ဦးကျင်စိန်-ဒေါ်ဖွားကျင်)၊ (ဦးညွှန့်-ဒေါ်အေးစိန်)တို့၏ သားသမက်၊(ဒေါ်လှကြည်-ဦးဘစိန်)တို့၏မောင်၊(ဒေါ်တင်ကြည်-ဦးကျော်သိန်း) တို့၏အစ်ကို၊ ဒေါ်ချိုချိုလွင်-ဦးထွန်းရွှေ၊ ဒေါ်ဝေဝေလွင်၊ ဒေါ်မို့မို့လွင်၊ ဦးကျော်မိုးခိုင်-ဒေါ်ကြူကြူသင်း၊ ဦးကျော်မိုးအောင်-ဒေါ်ခင်မျိုးသူ၊ ဒေါ်စန္ဒာလွင်-ဦးမိုးကျော်သူ၊ ဦးကျော်စိုးမိုး-ဒေါ်နန်းမေသူမိုးတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ တူမနှစ်ယောက်တို့၏ ဦးလေး/ဘကြီးသည် ၁၄-၈-၂၀၁၇ ရက် မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
**ဒေါ်အေးသိန်း(ပုသိမ်) အသက် (၈၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ်(၇၃)၊ လေးလွှာ(ဘီ)နေ (ဦးမောင်ညွှန့်-ဒေါ်ကျင်ငွေ)တို့၏သမီး၊ (ဦးကျော်)၏ဇနီး၊ (ဦးဇော်လင်း)၊ (ဦးအောင်ဝင်း)၊ (ဦးသိန်းဟန်-ဒေါ်ဝင်းမြင့်)၊ ဦးကြည်လွင်-ဒေါ်စန်းစန်းဝင်း၊ ဦးလှမျိုးထက်-ဒေါ်လှလှထွေးတို့၏မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်အေးသိန်းသည် ၁၄-၈-၂၀၁၇ (တနင်္လာနေ့) နံနက် ၂း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းမြင့်(ဇီးကုန်း) (၇၉)နှစ်
**ဆောက်/လျှပ် (ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နေ (ဦးဖိုးမှိန်-ဒေါ်ခင်ရွှေ)၊ (ဦးမောင်သင့်-ဒေါ်လှ)တို့၏ သမီး၊ အမှတ်(၃၃)၊ ဌာနာလမ်း၊ မြေညီထပ်(A)၊ အလုံမြို့နယ်နေ (ဦးညွှန့်လှိုင်-ဇီးကုန်း)၏ ဇနီး၊ ဒေါ်ကေသီလှိုင်-ဦးအောင်လင်း၊ ဒေါ်ဥမ္မာလှိုင်-ဦးအောင်ဇေယျ၊ဒေါ်မဉ္ဇူလှိုင်-ဦးမိုးသီဟ၊ Dr.မိုးဖြူလှိုင်(ညွှန်မှူး၊အဏုမြူစွမ်းအင်ဌာန)၊ ဒေါ်လှမျိုးလှိုင်-ဦးချိုကြီးတို့၏ ချစ်လှစွာသောမိခင်၊ မောင်ဟန်ဇော်ဦး၊ မောင်လွင်မိုးထက်၊ မောင်သန်းထိုက်ဇော်၊ မရည်မွန်ဇေယျ၊ မမိုးသီရိ၊ မဟေမာန်ချို၊ မနွေးပြည့်စုံထက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၄-၈-၂၀၁၇ (တနင်္လာနေ့) နံနက် ၉း၄၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းမြင့်(ဇီးကုန်း) (၇၉)နှစ်

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ လယ်ဦးစုလမ်းနေ (ဦးဖိုးမှိန်-ဒေါ်ခင်ရွှေ) တို့၏ သမီး၊ (ဦးအုန်းမောင်)-ဒေါ်ခင်ထွန်း၊ (ဦးလှရွှေ)-ဒေါ်ပုမ၊ (ဦးကျော်သိန်း-ဒေါ်အေးမိ)၊ (ဦးသိန်းအောင်-ဒေါ်ခင်စိန်)တို့၏ညီမ၊ (ဦးစံအောင်)-ဒေါ်တင်တင်မြင့်၊ ဦးသိန်း-ဒေါ်အုန်းမြင့်(မနီ)၊ ဦးတင့်လွင်-ဒေါ်ရီရီဌေး၊ ဦးထွန်းလွင်-(ဒေါ်အေးမြင့်စန်း)၊ (ဦးသန်းလွင်)၊ ဒေါ်ခင်ဝင်းကြည်(ချစ်ချစ်)တို့၏ အစ်မ ဒေါ်သန်းမြင့် (အမှတ်-၃၃/အေ၊ မြေညီ၊ ဌာနာလမ်း၊ အလုံမြို့နယ်)သည် ၁၄-၈-၂၀၁၇ ရက် နံနက် ၉း၄၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးသိန်းလှိုင် (၇၂) နှစ်**
**ကုန်သွယ်ရေး/စားဖျော်(ငြိမ်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃/ရန်ပြေ)ရပ်ကွက်၊ ရန်ပြေ(၁၈) လမ်းနေ (ဦးထွန်းတင်-ဒေါ်သန်းမြ)တို့၏သား၊ (ဒေါ်တင်တင်ဝင်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးယဉ်ဦး(CSS Co., Ltd)-ဒေါ်မြမြဆန်း(စက်/လယ်-ငြိမ်း)၊ ဦးတင်ထွန်း-ဒေါ်စုစုမော်၊ ဦးသက်ခိုင်မင်း(Uniteam Marine)-ဒေါ်စန်းစန်းမြင့် (စ. စ. စ-ငြိမ်း)၊ ဦးဝင်းနိုင်(Dong Jin)-ဒေါ်သန္တာစိုး၊ ဦးထွန်းနိုင်သူ (Superitemdent Yeum Maam Enterprise Co., Ltd)-ဒေါ်မိုးသီတာကျော်၊ ဒု-ဗိုလ်မှူးကြီး မင်းမင်းထွန်း-ဒေါက်တာဝင့်သူသူခင်(နေပြည်တော်-ဆေးရုံ)တို့၏မွေးသဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၁၂-၈-၂၀၁၇ရက် နံနက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၇ ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစောပြည့်အောင်
**(BONSON Fair Way Maritime Services Co., Ltd)**
**အသက် (၄၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၀)ရပ်ကွက်၊ စိန်ချယ်ရီလမ်း၊ အမှတ် (၄၃၈)နေ (ဦးအောင်မြင့်လှ)-ဒေါ်မြရီတို့၏ ချစ်လှစွာသောသား၊ ဦးနိုင်ဝင်းမြင့်-ဒေါ်ချိုမီအောင်၊ ဒေါ်ညိုမီအောင်တို့၏ ချစ်လှစွာသောမောင်လေး၊ ဒေါ်ဇင်မာဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မပြည့်ဖူးသဇင်၊ မသွန်းနေခြည်စံတို့၏ ဖခင်သည် ၁၃-၈-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# မြန်မာအသင်း စင်ကာပူအသင်းကို ဂိုးပြတ်အနိုင်ရယူ

**ဆီလန်ဂေါ သြဂုတ် ၁၄**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က)ပထမနေ့အဖြစ် မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယနေ့ ညနေပိုင်းက မလေးရှားနိုင်ငံ ဆီလန်ဂေါမြို့ ဆီလာယန်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာ အသင်းက နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။

**မြန်မာ - နှစ်ဂိုး**
**စင်ကာပူ - ဂိုးမရှိ**

မြန်မာ ယူ - ၂၂ အသင်းသည် စင်ကာပူကို အဖွင့်ပွဲတွင် အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေပိုကောင်းသွားခဲ့သည်။ မြန်မာအသင်းသည် တိုက်စစ်မှူး အောင်သူ၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲသိပ်မလုပ်ခဲ့ဘဲ စည်သူအောင်၊ အောင်သူ၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ အောင်ကောင်းမာန်၊ လှိုင်းဘိုဘို၊ ဟိန်းသီဟဇော်၊ သီဟထက်အောင်၊ ထိုက်ထိုက်အောင်၊ နန်းဝေမင်း၊ ဆန်းဆက်နိုင်(ဂိုး)တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်တွင် အချိတ်အဆက်လွဲချော်နေ၍ ထင်တိုင်း

**စာမျက်နှာ ၁၄ ကော်လံ ၄ သို့ ✳**



မြန်မာ-စင်ကာပူပွဲစဉ်တွင် လာရောက်အားပေးကြသည့် မလေးရှားနိုင်ငံမှ မြန်မာပရိသတ်များအား တွေ့ရစဉ်။







## ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် သြဂုတ် ၁၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် လေးပေခွဲခန့်နှင့် ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ခန္တီးမြို့တွင် တစ်ပေခန့်နှင့် နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သဖြင့် ရွှေကူမြို့နယ်၊ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**



## ရန်ကုန်မြို့တော်ခန်းမရှေ့၌ LED ပရိုဂျက်တာများဖြင့် မြန်မာနှင့် စင်ကာပူ ဘောလုံးပွဲစဉ်အား ပြသ

### မြန်မာဘောလုံးချစ်ပရိသတ်များ တစ်ခဲနက်အားပေး

**ရန်ကုန် သြဂုတ် ၁၄**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် ယနေ့ မွန်းလွဲ ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သော မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့၏ ဘောလုံးပွဲစဉ်အား မြန်မာဘောလုံးချစ်ပရိသတ်များ ဘောလုံးကွင်းထဲတွင် ကြည့်ရှုရသကဲ့သို့ အားပေးနိုင်ရန် မြို့တော်ခန်းမရှေ့၌ LED ပရိုဂျက်တာများဖြင့် ပြသခဲ့သည်။

ယင်းပြသရာသို့ မြန်မာဘောလုံးချစ်ပရိသတ်အများအပြား လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး "ကျွန်တော်တို့ သူငယ်ချင်းတွေ ဒီပွဲကို ကြည့်ချင်လွန်းလို့ မနက်တည်းက ဒီမှာလာစောင့်နေတာပါ။ ဘာပဲဖြစ်ဖြစ် ဒီလို ဆီးဂိမ်းပွဲဆိုရင်တော့ အားပေးဖြစ်တယ်။ ကိုယ့်နိုင်ငံကိုပဲ နိုင်စေချင်တယ်။ စင်ကာပူဆီးဂိမ်းတုန်းကလည်း

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✳**




# အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်နှင့် အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အခွန်အယူခံခုံအဖွဲ့ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ခုံအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော အခွန်အယူခံခုံအဖွဲ့ကို ဆိုသည်။

(ခ) **ဥက္ကဋ္ဌ** ဆိုသည်မှာ အခွန်အယူခံခုံအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဂ) **အဖွဲ့ဝင်** ဆိုသည်မှာ ခုံအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဃ) **အတွင်းရေးမှူး** ဆိုသည်မှာ အခွန်အယူခံခုံအဖွဲ့ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(င) **တွဲဖက်အတွင်းရေးမှူး** ဆိုသည်မှာ အခွန်အယူခံခုံအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး၊ အယူခံဌာနခွဲကိုဆိုသည်။

(စ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ အခွန်အယူခံခုံအဖွဲ့ရုံးကအခွန်အယူခံဆိုင်ရာ အမှုတွဲများကို မှတ်ပုံတင်ရန် သတ်မှတ်တာဝန်ပေးထားသော အရာထမ်းကို ဆိုသည်။

(ဆ) **အမှု** ဆိုသည်မှာ ဤဥပဒေအရ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုတို့ကို ဆိုသည်။

(ဇ) **အယူခံမှု** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနက ချမှတ်သည့် ပထမအယူခံအမိန့်ကို မကျေနပ်၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ချမှတ်သည့် အခွန်အကောက်ဆိုင်ရာ အမိန့်ကိုမကျေနပ်၍လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသော အဖွဲ့အစည်းတစ်ခုခုက ချမှတ်သည့် အခွန်အကောက်ဆိုင်ရာ အမိန့်တစ်ခုခုအပေါ် မကျေနပ်၍လည်းကောင်း ခုံအဖွဲ့ထံ အယူခံသည့်အမှုကို ဆိုသည်။

(ဈ) **ပြင်ဆင်မှု** ဆိုသည်မှာ ခုံအဖွဲ့က ချမှတ်သည့်အမိန့်တွင် အမှုအကြောင်းအချက်နှင့်ပတ်သက်၍ နစ်နာသူမှ ဥပဒေနှင့်အညီ ပြန်လည်စိစစ်ပြင်ဆင်ပေးရန် တင်ပြသည့်အမှုကို ဆိုသည်။

(ည) **ပြန်လည်သုံးသပ်မှု** ဆိုသည်မှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူ တစ်ဦးဦးသည် ခုံအဖွဲ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးပါရန် ခုံအဖွဲ့သို့ပင် ပြန်လည်လျှောက်ထားသည့်အမှုကို ဆိုသည်။

(ဋ) **လွှဲအပ်မှု** ဆိုသည်မှာ ခုံအဖွဲ့၏အမိန့်မှ ဥပဒေကြောင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းရမည့် အချက်တစ်ခုခုပေါ်ပေါက်လျှင် တရားလို သို့မဟုတ် တရားပြိုင်တို့က အဆုံးအဖြတ်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန် တင်သွင်းလာပါက ခုံအဖွဲ့ကကြားနာစိစစ်လျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပေး သင့်/မသင့် ဆုံးဖြတ်သည့်အမှုကို ဆိုသည်။

(ဌ) **အမှုတင်သွင်းသူ** ဆိုသည်မှာ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ လွှဲအပ်မှုတို့နှင့် စပ်လျဉ်း၍ ခုံအဖွဲ့သို့ တင်သွင်းလျှောက်ထားသူကို ဆိုသည်။

(ဍ) **သတ်မှတ်ပုံစံ** ဆိုသည်မှာ ခုံအဖွဲ့က ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေအရဖြစ်စေ၊ အမိန့်ညွှန်ကြားချက်အရဖြစ်စေ အမှုများတင်သွင်းလျှောက်ထားရန်အတွက် သတ်မှတ်သည့်ပုံစံကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်က ဥပဒေနှင့်အညီ အခွန်စည်းကြပ်ကောက်ခံရာတွင် စွမ်းဆောင်ရည်မြင့်မားသော အခွန်စီမံခန့်ခွဲမှုဖြစ်စေရန်နှင့် အခွန်ထမ်းများ၏ ယုံကြည်ကိုးစားမှုကို ရရှိရန်၊

(ခ) နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရာ၌ တန်းတူညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးရရှိရန်၊

(ဂ) နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရာ၌ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရန်။

**အခန်း(၃)**

**ခုံအဖွဲ့ ဖွဲ့စည်းခြင်း**

၄။ အစိုးရအဖွဲ့သည် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၃)ဦးမှ (၇) ဦးထိ ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းရမည်။

၅။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံး၏ ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၆။ ခုံအဖွဲ့ အဖွဲ့ဝင်များအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန သို့မဟုတ် ဥပဒေ၊ အခွန်အကောက်၊ စာရင်းကိုင်၊ စာရင်းစစ်တို့နှင့်သက်ဆိုင်သည့် နယ်ပယ်များတွင် အနည်းဆုံး ညွှန်ကြားရေးမှူးအဆင့်အောက်မနိမ့်သည့် ရာထူးတွင် တာဝန်ထမ်းဆောင်နေသူ သို့မဟုတ် တာဝန်ထမ်းဆောင်ခဲ့သူများကို အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ရမည်။

၇။ (က) အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် စတင်တာဝန်ထမ်းဆောင်သည့်နေ့ရက်မှ (၅)နှစ်ဖြစ်သည်၊

(ခ) အဖွဲ့ဝင်များသည် ရာထူးသက်တမ်းကုန်ဆုံးသည့်အခါ အစိုးရအဖွဲ့က အဖွဲ့ဝင်အသစ်ဖွဲ့စည်းတာဝန်ပေးအပ်ပြီးသည့်အချိန်ထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်၊

(ဂ) အဖွဲ့ဝင်များသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရ၊

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့် အဖွဲ့ဝင်ရာထူးနေရာလစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက အစားထိုးခန့်ထားသည့်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် မူလရာထူး၏ ကျန်ရှိသည့်သက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်ရမည်၊

(င) အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလကို ရာထူးသက်တမ်းတစ်ခုခုအဖြစ် မသတ်မှတ်ရ။

၈။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ခုံအဖွဲ့ဝင်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းမပြုရ-

(က) တည်ဆဲဥပဒေတစ်ခုခုအရ စိတ်ပေါ့သွပ်သူဟု သတ်မှတ်ခံရခြင်း၊

(ခ) တရားရုံး တစ်ရုံးရုံး၏ အမိန့်အရ ပြစ်ဒဏ်ကျခံခဲ့ရသူဖြစ်ခြင်း၊

(ဂ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရသူဖြစ်ခြင်း။

၉။ ခုံအဖွဲ့အဖွဲ့ဝင်များသည် အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဖွဲ့အစည်းတွင် အကျိုးအမြတ်သို့မဟုတ် ဝင်ငွေခွဲဝေရယူရန် လုပ်ကိုင်ခြင်းမပြုရ သို့မဟုတ် တစ်စုံတစ်ဦး၏ ဝန်ထမ်းမဖြစ်စေရ။

၁၀။ အဖွဲ့ဝင်တစ်ဦးဦးသည် မိမိ၏ဆန္ဒအလျောက် နုတ်ထွက်ခွင့်အား အစိုးရအဖွဲ့သို့တင်သွင်းပါက ခုံအဖွဲ့အဖွဲ့ဝင်အဖြစ်မှ ရပ်စဲစေရမည်။

၁၁။ ခုံအဖွဲ့အဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၁၂။ ခုံအဖွဲ့တွင် ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို အခွန်အယူခံခုံအဖွဲ့ရုံးဘဏ္ဍာငွေမှ ကျခံရမည်။

၁၃။ အစိုးရအဖွဲ့သည် ခုံအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ဝင်တစ်ဦးဦးက တာဝန်ထမ်းဆောင်ရာတွင် ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ခုံအဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အခြေအနေတစ်ရပ်ရပ်ရှိလျှင်ဖြစ်စေ၊ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ကျေနပ်မှုမရှိလျှင်ဖြစ်စေ ယင်းခုံအဖွဲ့၏ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးတို့ကို တာဝန်မှရပ်စဲနိုင်သည်။ ခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အသစ်တို့ကို အစိုးရအဖွဲ့က ထပ်မံခန့်အပ်တာဝန်ပေးရမည်။

**အခန်း(၄)**

**ခုံအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၄။ ခုံအဖွဲ့သည် ခုံအဖွဲ့သို့ တင်သွင်းလာသောအယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုများကို ဥပဒေနှင့်အညီ ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရမည်။

၁၅။ လွှဲအပ်မှုများအတွက် ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့်အချက် ရှိ/မရှိ ကြားနာစိစစ်လျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပေး သင့်/မသင့် ဆုံးဖြတ်ရမည်။

၁၆။ ခုံအဖွဲ့သည်-

(က) အခွန်အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ လွှဲအပ်မှုတို့နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို တောင်းခံနိုင်သည်။ ယင်းသို့တောင်းခံပါက အဆိုပါစာရွက်စာတမ်းများကို လက်ဝယ်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် ဌာနအဖွဲ့အစည်းများက တင်ပြရမည်၊

(ခ) အမှုနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်များကို သက်သေအဖြစ် လာရောက်အစစ်ဆေးခံရန် ဆင့်ဆိုနိုင်သည်။ ဆင့်ဆိုသည့်အခါ လာရောက်ရန် ပျက်ကွက်ပါက တစ်ဖက်သတ်ဆုံးဖြတ်နိုင်သည်၊

(ဂ) ခုံအဖွဲ့သို့သက်သေခံပစ္စည်းအဖြစ်တင်ပြရန် ခက်ခဲသောအမှုနှင့် သက်ဆိုင်သည့်ပစ္စည်းများကို လိုအပ်ပါက ကွင်းဆင်းကြည့်ရှုနိုင်သည်။ အဆိုပါပစ္စည်းများနှင့်စပ်လျဉ်း၍ စာရင်းဇယားများနှင့် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများ၏ တင်ပြချက်အစီရင်ခံစာကိုလည်း သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ လက်ခံဆောင်ရွက်နိုင်သည်။

၁၇။ (က) ခုံအဖွဲ့သည် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက်များအပေါ် ဥပဒေ၊ အမှုအကြောင်းခြင်းရာပြဿနာများနှင့်အညီ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းပြုနိုင်သည်၊

(ခ) ခုံအဖွဲ့မှ ကြားနာစစ်ဆေးဆုံးဖြတ်သော အမှုများတွင် အမှုအကြောင်းခြင်းရာ ပြဿနာနှင့်စပ်လျဉ်း၍ ခုံအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်သည်။

၁၈။ ခုံအဖွဲ့အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် မှတ်ပုံတင်အရာရှိတို့၏ တာဝန်ဝတ္တရားများအား နည်းဥပဒေဖြင့် သတ်မှတ်ရမည်။

**အခန်း(၅)**

**ကိုယ်စားလှယ်လွှဲအပ်ခြင်း**

၁၉။ (က) ခုံအဖွဲ့သို့ အမှုတင်သွင်းသူသည် မိမိ၏အမှုကိစ္စများကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိမှခန့်အပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ အကျိုးဆောင်ရှေ့နေဖြင့်သော်လည်းကောင်း၊ သတ်မှတ်ပုံစံဖြင့် တင်သွင်းလျှောက်ထားနိုင်သည်၊

(ခ) ကိုယ်တိုင်မဟုတ်ဘဲ ကိုယ်စားလှယ်ဖြင့် လျှောက်ထားပါက သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲအပ်သည့် ကိုယ်စားလှယ်လွှဲစာ ပါရှိရမည်၊

(ဂ) ခုံအဖွဲ့ရှေ့မှောက်တွင် အကောက်ခွန်ဦးစီးဌာန သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာနကိုယ်စား လိုက်ပါဆောင်ရွက်ရန်အတွက် ပြန်တမ်းဝင်အရာရှိအဆင့်အောက်မနိမ့်သော ပုဂ္ဂိုလ်အား တာဝန်ပေးရမည်။

**အခန်း(၆)**

**ကြားနာခြင်း၊ အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ရုပ်သိမ်းခြင်း**

၂၀။ အမှုများကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များစုံညီစွာ ကြားနာစစ်ဆေးဆုံးဖြတ်ရမည်။ ယင်းသို့ဆုံးဖြတ်ရာတွင် တာဝန်တစ်ရပ်ရပ်အရဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ အဖွဲ့ဝင်စုံညီစွာ တက်ရောက်နိုင်ခြင်း မရှိပါက ဥက္ကဋ္ဌအပါအဝင် အနည်းဆုံးအဖွဲ့ဝင် (၃) ဦးဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်ရမည်။

၂၁။ ခုံအဖွဲ့ရှေ့မှောက်၌ လျှောက်ထားမှုအပေါ် ကြားနာသည့်အခါ-

(က) ကြားနာမည့်နေ့ရက်ကို ကြိုတင်၍ကြေညာရမည်၊

(ခ) ကြားနာမည့်ကိစ္စကို ဥက္ကဋ္ဌကဖြစ်စေ၊ ဥက္ကဋ္ဌမှတာဝန်ပေးအပ်သည့် အဖွဲ့ဝင်တစ်ဦးကဖြစ်စေ အကျဉ်းချုပ်ဖတ်ကြားရမည်၊

(ဂ) ခုံအဖွဲ့သည် အမှုနှင့်စပ်လျဉ်း၍ အများပြည်သူရှေ့မှောက်၌ ကြားနာ၍သော်လည်းကောင်း၊ စာဖြင့်တင်ပြစေ၍သော်လည်းကောင်း လျှောက်ထားချက်ကို လက်ခံနိုင်သည်၊

(ဃ) အမှုနှင့်စပ်လျဉ်း၍ ခုံအဖွဲ့၏ နေ့စဉ်ဆောင်ရွက်ချက်များကို အတွင်းရေးမှူး သို့မဟုတ် တွဲဖက်အတွင်းရေးမှူးမှ မှတ်တမ်းတင်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးထားရှိရမည်၊

(င) တရားမကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေနှင့် အခြားဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်ပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်းသုံးစွဲနိုင်သည်၊

(စ) ဘာသာစကားနှင့်စပ်လျဉ်း၍ အခက်အခဲရှိပါက ခုံအဖွဲ့၏ သဘောတူညီချက်ဖြင့် တရားလို သို့မဟုတ် တရားပြိုင်က စကားပြန် ခေါ်ယူနိုင်သည်။ စကားပြန်သည် ခုံအဖွဲ့ရှေ့မှောက်၌ ကတိသစ္စာပြုရမည်၊

(ဆ) ခုံအဖွဲ့မှလိုအပ်သည်ဟုယူဆပါက သက်သေခံချက် သို့မဟုတ် စာတမ်းအမှတ်အသား သက်သေခံချက်များကို ထပ်မံတောင်းယူနိုင်သည်၊

(ဇ) ခုံအဖွဲ့မှ လိုအပ်သည်ဟုယူဆသူ မည်သူကိုမဆို သက်သေအဖြစ် စစ်မေးရန် ဆင့်ဆိုနိုင်သည်၊

(ဈ) တည်ဆဲဥပဒေအရ တားမြစ်ထားသည်မှအပ အများပြည်သူရှေ့မှောက်တွင် ကြားနာရမည်။

၂၂။ ခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို အမှုကြားနာစစ်ဆေးသော ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏ ဆန္ဒမဲအများစုဖြင့် ဆုံးဖြတ်ရမည်။

၂၃။ ဆုံးဖြတ်ချက် ချမှတ်မည့်နေ့ကို ကြိုတင်ကြေညာရမည်။

၂၄။ ခုံအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အတည်ပြုလက်မှတ်ရေးထိုးထားသော အပြီးသတ်ဆုံးဖြတ်ချက်ကို အများပြည်သူရှေ့မှောက်တွင် ထုတ်ပြန်ကြေညာရမည်။

၂၅။ အမှုနှင့်စပ်လျဉ်း၍ တင်ပြလျှောက်ထားရာတွင် အကြောင်းကိစ္စတစ်ခုခုကြောင့် တရားလို သို့မဟုတ် တရားပြိုင်က အမှုရုံးချိန်းရက် ရွှေ့ဆိုင်းပေးရန် ခုံအဖွဲ့ထံတင်ပြလာလျှင် ခုံအဖွဲ့မှ လုံလောက်သောအကြောင်းရှိသည်ဟုမှတ်ယူပါက ရွှေ့ဆိုင်းခွင့်ပြုနိုင်သည်။

၂၆။ အမှုတင်သွင်းသူက မိမိဆန္ဒအလျောက် အမှုရုပ်သိမ်းလိုကြောင်း ခုံအဖွဲ့ထံတင်ပြလာလျှင် အကြောင်းအချက်ခိုင်လုံမှုရှိပါက ရုပ်သိမ်းခွင့်ပြုနိုင်သည်။

၂၇။ ရုပ်သိမ်းခွင့်ပြုပြီးသောအမှုအား ပြန်လည်ဖွင့်လှစ်ပေးရန် ထပ်မံလျှောက်ထားခွင့်မရှိစေရ။

၂၈။ ခုံအဖွဲ့မှချမှတ်ခဲ့သည့် စီရင်ချက်အမိန့်အား တရားလို သို့မဟုတ် တရားပြိုင်မှ မိတ္တူကူးယူရန်လျှောက်ထားလာပါက ခုံအဖွဲ့ ဥက္ကဋ္ဌသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ထုတ်ပြန်ထားသည့်အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေနှင့်အညီ ခွင့်ပြုနိုင်သည်။

**အခန်း(၇)**

**အထွေထွေ**

၂၉။ ခုံအဖွဲ့၏ရုံးစိုက်ရာဒေသသည် နေပြည်တော်ဖြစ်သည်။ လိုအပ်ပါက အခြားသင့်လျော်သည့်နေရာများတွင်လည်း ရုံးထိုင်စစ်ဆေးနိုင်သည်။

၃၀။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး၏ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍

**စာမျက်နှာ င သို့ »»**

# မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်နှင့် အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ခရီးသွားလာရေးလုပ်ငန်း** ဆိုသည်မှာ ခရီးသွားလာခြင်းနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပေးသောလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းနှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းတို့ ပါဝင်သည်။

(ခ) **ခရီးသည်** ဆိုသည်မှာ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် မိမိတို့အမြဲတမ်းနေထိုင်ရာဒေသမှ ပြင်ပရှိ ခရီးစဉ်ဒေသတစ်ခုခုသို့ ခရီးသွားသူကိုဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံအတွင်း သွားလာသောခရီးသည်များ၊ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြားသားခရီးသည်များနှင့် ပြည်ပသို့ သွားရောက်သော မြန်မာနိုင်ငံသားခရီးသည်များလည်း ပါဝင်ပါသည်။

(ဂ) **ခရီးသည်တည်းခိုနေထိုင်ရန်နေရာ** ဆိုသည်မှာ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ အိပ်ရာနှင့်နံနက်စာစာ စီစဉ်ပေးသည့်နေရာ၊ တည်းခိုရိပ်သာ၊ စခန်းချတည်းခိုသည့်နေရာနှင့် စီးပွားရေးအလို့ငှာ အခကြေးငွေဖြင့် ငှားရမ်းနေထိုင်ခွင့်ပေးသည့် အဆောက်အအုံ သို့မဟုတ် စခန်းချနေရာကို ဆိုသည်။

(ဃ) **ခရီးစဉ်** ဆိုသည်မှာ ခရီးစတင်ထွက်ခွာသည့် နေရာဒေသတစ်ခုမှ အခြားနေရာဒေသတစ်ခုသို့ ခရီးသွားလာရေးအတွက် စနစ်တကျရေးဆွဲထားသည့် အစီအစဉ်ကို ဆိုသည်။

(င) **ခရီးစဉ်ဒေသ** ဆိုသည်မှာ ခရီးသည်များ သွားလာလည်ပတ်လေ့လာနိုင်ပြီး ဆွဲဆောင်မှုရှိသော နေရာဒေသကို ဆိုသည်။

(စ) **ခရီးလှည့်လည်ရေးလုပ်ငန်း** ဆိုသည်မှာ ခရီးသည်များ တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် အဆင်ပြေချောမွေ့စွာ ပို့ဆောင်ခြင်း၊ တည်းခိုရန်နေရာစီစဉ်ပေးခြင်းနှင့် ဧည့်လမ်းညွှန် စီစဉ်ပေးခြင်းများကို ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကိုဆိုသည်။

(ဆ) **ဟိုတယ်လုပ်ငန်း** ဆိုသည်မှာ ခရီးသည်များ တည်းခိုရန် သတ်မှတ်ထားသော အခန်းအရေအတွက်နှင့် အဆင့်အတန်းတို့ရှိပြီး အစားအစာ၊ အဖျော်ယမကာနှင့် အခြားဝန်ဆောင်မှုများ စီစဉ်လုပ်ကိုင်ပေးသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် မိုတယ်လုပ်ငန်းနှင့် ဧည့်ဂေဟာလုပ်ငန်းတို့ ပါဝင်သည်။

(ဇ) **တည်းခိုရိပ်သာလုပ်ငန်း** ဆိုသည်မှာ နိုင်ငံခြားခရီးသည်များအတွက်ဖြစ်စေ၊ ပြည်တွင်းခရီးသည်များနှင့် နိုင်ငံခြားခရီးသည်များ နှစ်မျိုးလုံးအတွက်ဖြစ်စေ တည်းခိုရေးကို စီစဉ်ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဈ) **ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့လာရောက်ခြင်းဖြစ်စေ၊ မြန်မာနိုင်ငံသားများ ပြည်ပသို့ သွားရောက်ခြင်းဖြစ်စေ သွားလာသည့်ခရီးသည်များအတွက် မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်၊ ရထား သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် သွားလာနိုင်သော ယာဉ်တစ်မျိုးမျိုးကိုအသုံးပြု၍ တစ်နေရာမှတစ်နေရာသို့ စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းကို ဆိုသည်။

(ည) **ဧည့်လမ်းညွှန်လုပ်ငန်း** ဆိုသည်မှာ ခရီးသည်များအား ဆွဲဆောင်နိုင်သော ခရီးစဉ်ဒေသများကို လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် ခရီးစဉ်တစ်လျှောက် အဆင်ပြေ ချောမွေ့စေရေးအတွက် စီးပွားရေးအလို့ငှာ စီစဉ်ဆောင်ရွက်ပေးသော လုပ်ငန်းကို ဆိုသည်။

(ဋ) **ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာအခြားဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ခရီးသွားလာရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဌ) **လိုင်စင်** ဆိုသည်မှာ ခရီးသွားလာရေးလုပ်ငန်းတွင် ပါဝင်သည့် လုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်နိုင်ရန်အတွက် ဤဥပဒေအရ ထုတ်ပေးသောလိုင်စင်ကိုဆိုသည်။ ယင်းစကားရပ်တွင် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ဟိုတယ်လုပ်ငန်းလိုင်စင်၊ တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များ ပါဝင်သည်။

(ဍ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ဝန်ကြီး** ဆိုသည်မှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ထပ်မံဖွဲ့စည်းမည့် ဦးစီးဌာနများလည်း ပါဝင်သည်။

(တ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ခရီးသွားလာရေးလုပ်ငန်းများကို စစ်ဆေးနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ထ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(ဒ) **ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ဓ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ကို ဆိုသည်။

(န) **ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ပ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်သည့် ဝန်ကြီးဌာနများကို ဆိုသည်။

(ဖ) **ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေအရ ခရီးသွားလာရေးလုပ်ငန်းဝန်ဆောင်မှုကို လိုင်စင်ဖြင့်ဆောင်ရွက်သော ပုဂ္ဂလိကခရီးသွားလုပ်ငန်းကဏ္ဍကို ကိုယ်စားပြုသည့် ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ခရီးသွားလာရေးလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာအခြေခံဥပဒေသများအတိုင်း လိုက်နာဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာဓလေ့ထုံးစံများကို လေးစားလိုက်နာသော တာဝန်သိခရီးသွားလာရေးလုပ်ငန်းတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံကို ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရေးအတွက် ထိရောက်သော ပြည်တွင်းပြည်ပဈေးကွက်မြှင့်တင်မှုများဆောင်ရွက်ခြင်းဖြင့် အထောက်အကူဖြစ်စေရန်၊

(ဂ) ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်သူနှင့် ခရီးသည်တို့၏ အခွင့်အရေးကို ကာကွယ်ပေးရန်နှင့် ယင်းတို့၏ တာဝန်ဝတ္တရားများကို သိရှိလိုက်နာစေရန်၊

(ဃ) ခရီးသွားလာရေးလုပ်ငန်းဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် ပြည့်စုံခိုင်မာမှုကို အာမခံနိုင်ရန်၊

(င) ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန်၊

(စ) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊

(ဆ) သဘာဝအခြေခံခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန်၊

**အခန်း (၃)**

**အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အမျိုးသားခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ခရီးသွားလာရေးလုပ်ငန်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ | အဖွဲ့ဝင်များ |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင်များ |
| (၄) | ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၅) | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး | အတွင်းရေးမှူး |
| (၆) | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူတစ်ဦး သို့မဟုတ် အမြဲတမ်းအတွင်းဝန် | တွဲဖက်အတွင်းရေးမှူး(၁) |
| (၇) | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး(၂) |

(ခ) လိုအပ်လျှင် အမျိုးသားခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကိစ္စရပ်များကို ဝန်ကြီးဌာနများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှုအားနည်းသောဒေသများတွင် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ လိုအပ်သော အတိုင်းအတာများနှင့် အစီအစဉ်များ လုပ်ကိုင်ဆောင်ရွက်ပြီး ခရီးသွားလုပ်ငန်းဖြင့် ထိုဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုမြှင့်တင်စေရေးအတွက် လိုအပ်သော လမ်းညွှန်မှုများပြုလုပ်ခြင်း၊

(ဂ) ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့နှင့် လက်အောက်ခံအဖွဲ့အစည်းများက ဆုံးဖြတ်နိုင်ခြင်း မရှိသောကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဃ) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ပင်မစီမံကိန်းများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံကိန်းများရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ရေး လမ်းညွှန်ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အသိပညာများနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ရာတွင် ပြည်ပအဖွဲ့အစည်းများမှ နည်းပညာအကူအညီနှင့် အခြားသောအကူအညီရရှိစေရေးတို့ကို ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒများချမှတ်ခြင်း။

**အခန်း (၄)**

**ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ဖွဲ့စည်းခြင်း**

၆။ ဗဟိုကော်မတီသည်-

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ကောင်စီမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၄) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

စာမျက်နှာ စ သို့ ❋

»» စာမျက်နှာ ဃ မှ

တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ။

၃၁။ ဥက္ကဋ္ဌသည် ခုံအဖွဲ့ကြားနာစဉ်အတွင်း လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

၃၂။ အမှုနှင့်စပ်လျဉ်း၍ သက်သေပြရန်တာဝန်သည် သက်ဆိုင်ရာအခွန်အကောက်ဥပဒေများတွင် ပြဋ္ဌာန်းထားပါက ယင်းပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ပြဋ္ဌာန်းထားခြင်းမရှိပါက သက်သေခံဥပဒေပါပြဋ္ဌာန်းချက်အရလည်းကောင်း သက်သေထင်ရှားတင်ပြရမည့်ပုဂ္ဂိုလ် သို့မဟုတ် ဌာနအဖွဲ့အစည်းတို့အပေါ် ကျရောက်သည်။

၃၃။ ခုံအဖွဲ့၏ ရုံးကိစ္စများကို အခွန်အယူခံခုံအဖွဲ့ရုံးက တာဝန်ယူဆောင်ရွက်ပေးရမည်။

၃၄။ ဤဥပဒေမပြဋ္ဌာန်းမီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ အမိန့်ကြော်ငြာစာအမှတ် (၆/၁၉၈၉)အရ ဖွဲ့စည်းသည့် အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကို လည်းကောင်း၊ ယင်းအမိန့်ကြော်ငြာစာအမှတ်(၆/၁၉၈၉)အား ပြင်ဆင်ထုတ်ပြန်၍ ဖွဲ့စည်းသည့်အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကို လည်းကောင်း ဤဥပဒေအရ ဖွဲ့စည်းသည့် အခွန်အယူခံခုံအဖွဲ့မှ ဆက်ခံဆောင်ရွက်ရမည်။

၃၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခုံအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လည်းကောင်း ထုတ်ပြန်နိုင်သည်။

---

❋ စာမျက်နှာ ၄ မှ

(ခ) လိုအပ်လျှင် ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) လိုအပ်လျှင် ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီကချမှတ်သည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံတစ်ခုခု ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့အတွက် ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်းကို ခွင့်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့၊ ပြည်ထောင်စုနယ်မြေခရီးသွားလာရေး လုပ်ငန်းအာဏာပိုင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဃ) မြန်မာနိုင်ငံ၏ ရေမြေသဘာဝအလှအပများ၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးအတွက် ခရီးသွားလုပ်ငန်းနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေမည့်လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၏ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၅)
## ခရီးသွားလာရေးလုပ်ငန်း အမျိုးအစားသတ်မှတ်ခြင်း၊ လိုင်စင်ကြေးများ သတ်မှတ်ခြင်းနှင့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ဝန်ကြီးဌာနသည် -

(က) ခရီးသွားလာရေးလုပ်ငန်း အမျိုးအစားများနှင့် လုပ်ငန်းလိုအပ်ချက်များကို သတ်မှတ်ရမည်။

(ခ) လိုင်စင်ကြေးများ၊ လိုင်စင်အသစ်လဲလှယ်ကြေးများ၊ လိုင်စင်ဒဏ်ကြေးများနှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်ကြေးများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

(ဂ) ခရီးသွားလာရေးလုပ်ငန်းများကို အဆင့်အတန်းသတ်မှတ်ပေးခြင်း၊ အရည်အသွေးကောင်းမွန်သူများကို ချီးမြှင့်ခြင်းနှင့် သတ်မှတ်အရည်အချင်း မပြည့်မီသူများအား ပညာပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဃ) ခရီးသွားလာရေးလုပ်ငန်းများ သတ်မှတ်ထားသည့် အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိ စစ်ဆေးနိုင်ရန် စစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(င) အများပြည်သူသွားလာလည်ပတ်နိုင်သော ခရီးစဉ်များ သတ်မှတ်ရမည်။

## အခန်း (၆)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီကချမှတ်သည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာမူဝါဒများ၊ ဝန်ကြီးဌာန၏လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်း စနစ်တကျတိုးတက်လာစေရန် ပြည်တွင်း၊ ပြည်ပတွင် လေ့ကျင့်ပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊

(ဂ) ခရီးသွားလာရေးလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ဟိုတယ်များက နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပေးနိုင်စေရေးအတွက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဆ) ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်ချက်များကို ဝန်ကြီးဌာနသို့ သုံးသပ်တင်ပြခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊

(ဈ) ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနပြုလုပ်ခြင်း၊ လေ့လာခြင်း၊ စာတမ်းပြုစုခြင်း။

## အခန်း (၇)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်း

၁၀။ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာနမှ သင့်လျော်သော ပုဂ္ဂိုလ်များ — အဖွဲ့ဝင်များ

(၃) ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၄) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရုံးခွဲတာဝန်ခံ — အတွင်းရေးမှူး

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို အဖွဲ့ဝင်များအနက်မှ ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) လိုအပ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေး လုပ်ငန်း အာဏာပိုင်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၈)
## ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်း

၁၁။ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သည်-

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(၁) နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာ အစိုးရဌာနမှ သင့်လျော်သော ပုဂ္ဂိုလ်များ — အဖွဲ့ဝင်များ

(၃) ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၄) ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(ခ) ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုအဖွဲ့ဝင်များအနက်မှ ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) လိုအပ်လျှင် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ကိုလိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၉)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များ

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့နှင့် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီမှချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) လိုင်စင်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် လိုင်စင်စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ လိုင်စင်လွှဲပြောင်းခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) လိုင်စင်ကိုကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် လိုင်စင်ပျက်ပြယ်ခြင်း၊

(င) ခရီးစဉ်ဒေသအသီးသီးတို့တွင် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းနှင့်အရည်အသွေးမြင့်မားတိုးတက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုမည့်လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုနယ်မြေရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) ခရီးသည်များအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ ၎င်းတို့၏လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်အနှောင့်အယှက်မဖြစ်ရေး၊ စိတ်ကျေနပ်မှုရရှိရေးတို့ကို နှစ်ဖက်သဟဇာတဖြစ်စေရေးအတွက် ဒေသဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေအရ ကောက်ခံရရှိသော လိုင်စင်ကြေးများ၊ လိုင်စင်အသစ်လဲလှယ်ကြေးများ၊ လိုင်စင်ဒဏ်ကြေးများနှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခြားသာမန်ရငွေများကို ဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရုံးခွဲများမှ ကောက်ခံစေ၍ ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းစေခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်၍ တိုးတက်မှုကို ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ တင်ပြခြင်း၊

(ဈ) ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ခြင်း၊

(ည) ခရီးသည်များအတွက် ၎င်းတို့သွားရောက်လေ့ရှိသော ခရီးစဉ်ဒေသများအလိုက် လုံခြုံရေး၊ ရောဂါဖြစ်ပွားမှု၊ သဘာဝဘေးအန္တရာယ်အစရှိသည့် ကိစ္စရပ်များဆိုင်ရာ အသိပေးနှိုးဆော်ချက်များကို ထုတ်ပြန်ခြင်း။

## အခန်း (၁၀)
## ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

၁၃။ ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်နေသူများသည် ခရီးသွားလာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက်-

(က) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ရမည်။

(ခ) နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဝန်ဆောင်မှုအရည်အသွေး၊ အရည်အချင်းပြည့်မီစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) သုတေသနပြုလုပ်လေ့လာခြင်း၊ စာတမ်းများပြုစုခြင်းတို့ကို ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာတက္ကသိုလ်များ၊ ခရီးသွားလာရေးလုပ်ငန်းတွင် လက်တွေ့ပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၁၁)
## ဘဏ္ဍာငွေကြေး ရယူသုံးစွဲမှု

၁၄။ ဝန်ကြီးဌာနသည် ခရီးသွားလာရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် -

(က) ဗဟိုကော်မတီမှ သဘောတူသည့် စီမံကိန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ နိုင်ငံတော်ဘတ်ဂျက်တွင် တောင်းခံသုံးစွဲရမည်။

(ခ) ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာ အကူအညီများရယူ၍ ဆောင်ရွက်ရမည်။

## အခန်း (၁၂)
## ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်သူများ၏ အခွင့်အရေးနှင့် တာဝန်များ

၁၅။ ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်သူများသည်-

(က) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ လိုင်စင်များကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

(ခ) ခရီးသွားလာရေးလုပ်ငန်း ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ဝန်ကြီးဌာန၊ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ တင်ပြခွင့်ရှိသည်။

၁၆။ ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်သူများ၏ လုပ်ငန်းတာဝန်များမှာ-

(က) တာဝန်သိ၍ ရေရှည်တည်တံ့စေသောနည်းလမ်းဖြင့် လုပ်ကိုင်ရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

(ဂ) ခရီးသည်များ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(ဃ) ခရီးသည်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို ထိန်းသိမ်းကာကွယ်ရမည်။

(င) တည်ဆဲဥပဒေများနှင့်အညီပေးဆောင်ရန် တာဝန်ရှိသော အခွန်အခများကို သက်ဆိုင်ရာဌာနများသို့ ပေးသွင်းရမည်။

(စ) လိုင်စင်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၁၃)
## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း

၁၇။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်မည့်သူသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခြားနည်းလမ်းဖြင့် ဖော်ပြထားခြင်းမရှိလျှင် လုပ်ငန်းစတင်အကောင်အထည်မဖော်မီ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံတစ်ခုခု ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့ ပြုလုပ်လိုပါက ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။

၁၈။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်မည့်သူသည် ယခင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ အဆောက်အအုံဆောက်လုပ်ခြင်း ကြိုတင်ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါက ထပ်မံလျှောက်ထားရန်မလိုအပ်တော့ဘဲ လုပ်ငန်းလိုင်စင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့သို့ ဆက်လက်လျှောက်ထားရမည်။

၁၉။ ပုဒ်မ ၁၇ ပါ ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့က ခွင့်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၁၄)
## လိုင်စင်

၂၀။ အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားတစ်ခုခြင်းစီအတွက် ခရီးသွားလာရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့သို့ လျှောက်ထားရမည်-

(က) ခရီးလှည့်လည်ရေးလုပ်ငန်း၊

(ခ) ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း၊

(ဂ) ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊

(ဃ) ဧည့်လမ်းညွှန်လုပ်ငန်း၊

(င) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်း။

စာမျက်နှာ ဆ သို့ ❖

❖ **စာမျက်နှာ ၈ မှ**

၂၁။ သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သည်လိုင်စင်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီးနောက်-

(က) ညီညွတ်ပါက သတ်မှတ်ထားသော လိုင်စင်ကြေးကို လက်ခံရရှိလျှင် လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။

(ခ) မညီညွတ်ပါက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

၂၂။ လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ သက်တမ်းတိုးမြှင့်လိုသူသည်-

(က) သတ်မှတ်ချက်များနှင့်အညီသက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သည် လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ထားသောအခကြေးငွေကို ပေးဆောင်စေပြီး လုပ်ငန်းလိုင်စင်ကို သက်တမ်းတိုး ဆောင်ရွက်ပေးရမည်။

၂၃။ လိုင်စင်သက်တမ်းသည် သုံးနှစ် ဖြစ်သည်။

၂၄။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက လိုင်စင်ရရှိပြီးဖြစ်သည့် ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်နေသူများသည် ရရှိထားသောလိုင်စင်ပါသက်တမ်းကုန်ဆုံးသည်အထိ ဆက်လက်လုပ်ဆောင်နိုင်သည်။ လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုလျှင်လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့မဟုတ် ပြည်ထောင်စု နယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ လျှောက်ထားရမည်။

၂၅။ ခရီးသွားလာရေးလုပ်ငန်း လိုင်စင်တစ်ရပ်ရပ်ရရှိထားသူသည် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်မှအပ အခြားခရီးသွားလာရေးလုပ်ငန်း လိုင်စင်တစ်ရပ်ရပ်ကို အခြားသူတစ်ဦးတစ်ယောက်ထံ လွှဲပြောင်း လိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီလျှောက်ထားရမည်။

၂၆။ ပုဒ်မ ၂၅ အရ လိုင်စင်လွှဲပြောင်းရန် လျှောက်ထားချက်ကို လက်ခံရရှိသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စု နယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သည် လိုင်စင်လွှဲပြောင်းလက်ခံနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ပြီး လွှဲပြောင်းလက်ခံနိုင်မည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံလွှဲပြောင်းခွင့်ပြုခြင်း သို့မဟုတ် လွှဲပြောင်းခွင့်ပြုရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၇။ လိုင်စင်ရရှိသူသည် ကာလအကန့်အသတ်ဖြင့်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းခံရသောလိုင်စင်ကိုသက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ ပြန်လည်အပ်နှံရမည်။

**အခန်း (၁၅)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း**

၂၈။ လိုင်စင်ရရှိသူသည် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ပုဒ်မ ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွား လာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့က ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ဃ) နာမည်ပျက်စာရင်းတင်သွင်းခြင်း။

၂၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်းခရီး သွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့ အယူခံဝင်ရောက်နိုင်သည်။

၃၀။ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သည် ပုဒ်မ ၂၉ အရ အယူခံဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့က ချမှတ်သည့် အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

၃၁။ ပုဒ်မ ၃၀ အရ ချမှတ်သော ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင် အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း (၁၆)**

**တားမြစ်ချက်များ**

၃၂။ မည်သူမျှ-

(က) လိုင်စင်မရှိဘဲ ဧည့်လမ်းညွှန်လုပ်ငန်းမပြုလုပ်ရ။

(ခ) ဧည့်လမ်းညွှန်လုပ်ငန်းကို လွှဲပြောင်းခြင်းနှင့် လက်ခံခြင်း မပြုရ။

(ဂ) လိုင်စင်မရှိဘဲခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှု လုပ်ငန်းများ မပြုလုပ်ရ။

၃၃။ မည်သူမျှ ဤဥပဒေအရ ခွင့်ပြုချက်မရှိဘဲ-

(က) ဟိုတယ်လုပ်ငန်းလိုင်စင်ကိုလွှဲပြောင်းခြင်း၊လက်ခံခြင်း မပြုရ။

(ခ) တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခြင်း၊လက်ခံခြင်း မပြုရ။

(ဂ) ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာအခြားဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာလိုင်စင်များကို လွှဲပြောင်းခြင်း၊လက်ခံခြင်း မပြုရ။

၃၄။ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။

**အခန်း (၁၇)**

**ပြစ်ဒဏ်များ**

၃၅။ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ဆယ် ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဆယ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ)ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ဂ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၈)**

**အထွေထွေ**

၄၁။ ဗဟိုကော်မတီ၊ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့တို့၌ အဖွဲ့ဝင်ဖြစ်သောနိုင်ငံ့ဝန်ထမ်းမဟုတ်သူများကို ဤဥပဒေပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ်အတွင်း ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။ယင်းအဖွဲ့ဝင်တို့၏ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် အတိုင်း ခံစားခွင့် ရှိသည်။

၄၂။ ပုဒ်မ ၃၅၊ ၃၆၊၃၈၊၃၉ နှင့် ၄၀တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုဗဟိုကော်မတီ၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာန၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သို့မဟုတ် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့တို့သည် အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

၄၄။ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၁၄/၉၃)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်

**သီပေါ ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် စည်ပင်သာယာရေးဌာနနှင့် မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့်အခြားသော ရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ခြင်အန္တရာယ် နှိမ်နင်းရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာ၌ ဩဂုတ် ၁၃ ရက်တွင် မြို့နယ်စည်ပင်သာယာရေးဈေးကြီး၊ ဝက်ဝံပျံကျဈေးနှင့် လူအများအပန်းဖြေရာ စမ်းမာလာဥယျာဉ်တို့တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးနှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်ဆေးရုံအုပ် ဆရာဝန်ကြီး ဒေါက်တာလှထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်၊ နယ်စည်းမခြားပရဟိတအသင်း၊ အကျိုးဆောင်လူငယ်များနှင့် လူမှုရေးအသင်းအဖွဲ့များ စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ကြသည်။

အလားတူခြင်နှိမ်နင်းရေးလုပ်ငန်းများကို အခြေခံပညာကျောင်းများသို့လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ မူခင်းကျဆင်းရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြော

**နေပြည်တော် ဩဂုတ် ၁၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအခြေခံပညာအထက်တန်းကျောင်း၌ မှုခင်းကျဆင်းရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ ရွှေဂွန်းနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့တို့က ရာသီတုပ်ကွေးရောဂါ (H1N1) အကြောင်းနှင့် မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့နှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း၊ ဟောပြောပွဲကို ကျောင်းသားကျောင်းသူ ၃၀၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**



# မေးခွန်းသုံးသွယ် ကျင့်သုံးဖွယ် နည်းလမ်းကောင်း

## ဟံသာဝတီ- ဦးအုန်းကြိုင်

**ကီဒိသော ဟံ ကတံကိံမေ၊ ကတံ နုယုတ္တတံသိယာ။**

**ကြွစ္စေတံ သမ္မ သိတ္တာန၊ ယုတ္တာ ယုတ္တံ ကရေဇဟေ။**

"ပဋ္ဌိသာန် ဂါထာ"

၁။ **အဟံ**- ငါသည်၊ **ကီဒိသော**- အဘယ်သဘောရှိသူဖြစ်သနည်း။

[ငါ ဘယ်လိုလူစားလဲ]

၂။ **မေ**- ငါသည်၊ **ကိံ**- အဘယ်အမှုကို၊ ကတံ- ပြုခဲ့သနည်း။

[ငါ ဘာလုပ်ခဲ့မိသလဲ]

၃။ **ကတံ**- ငါပြုခဲ့သောအမှုသည်၊ **ယုတ္တကံ**- သင့်သည် မှန်သည်၊ **သိနုယာ**- ဖြစ်ပါသလော။

[ငါ လုပ်တာ မှန်ရဲ့လား]

**ကြွတိ**- ဤသို့၊ **တေံ**- ဤမေးခွန်းသုံးချက်ကို၊ **သမ္မသိတ္တာန**- ဝေဖန်ဆင်ခြင်ကာ အဖြေရှာ၍၊

**ယုတ္တံ**- သင့်သည်မှန်သည်ကို၊ **ကရေ**- ဆက်လက်လုပ်ဆောင်ရာ၏။ **အယုတ္တံ**- မသင့်မမှန်သည်ကို၊

**ဇဟေ**- ပယ်စွန့်ရာ၏။

**ပညာရှိသူတော်ကောင်းသည် ကိုယ့်ဘဝအမှန်အဖြေထုတ်ရန် ပထမမေးခွန်း**

ပညာရှိသူတော်ကောင်းသည် "ငါဘယ်လိုလူစားလဲ"ဟု ကိုယ့်ကိုယ်ကိုယ် အမြဲမေးခွန်းထုတ်ရမည်။ ငါဗုဒ္ဓဘာသာပဲ။ ငါရဟန်းပဲ။ ငါဘုရားဒါယကာ၊ ကျောင်းဒါယကာပဲ။ ငါအုပ်ချုပ်သူအကြီးအကဲပဲ။ ငါဝန်ကြီးပဲ။ ငါစစ်ဗိုလ်ကြီးပဲ။ ငါတရားသူကြီးပဲ။ ငါဆရာဝန်ကြီးပဲ။ ငါရဲအရာရှိကြီးပဲ။ ငါကုန်သည်ကြီးပဲ စသည် စသည်ဖြင့် အဖြေထုတ်ရမည်။

ဤကမ္ဘာလောက၌ ကိုယ့်ဘဝကိုယ်မမေ့သင့်ကြပါ။ ကိုယ့်ဘဝကို မေ့သောသူသည် အမှားပြုတတ်ကြသည်ချည်း ဖြစ်သည်။ ကိုယ်နှင့်မလျော်သော အမှုကိစ္စမျိုးလုပ်မိတတ်ကြသည်။ ဤသို့လျှင် ပထမမေးခွန်းဖြင့် ကိုယ့်ဘဝကို အမှန်အဖြေထုတ်ပါလေ။

**ကိုယ့်ကိုယ်ကိုယ်အသိဆုံး ကိုယ့်အမှုကိုဖော်ထုတ်ကြည့်ပါ**

"ငါဘာလုပ်ခဲ့မိသလဲ"၊ "ငါဘာတွေလုပ်နေမိတာလဲ"ဟု မိမိကိုယ်မိမိ မေးခွန်းထုတ်၍ အဖြေရှာရ၏။ ဗုဒ္ဓဘာသာဖြစ်လျက် မလျော်သောအလုပ်ကို လုပ်မိတတ်ကြသည်။ ရဟန်းဖြစ်လျက် ရဟန်းအလုပ်မှတစ်ပါး ရဟန်းနှင့်မဆိုင်သော တခြားတစ်ပါးသောအလုပ် လုပ်မိတတ်ကြသည်။ ဘုရားဒါယကာ၊ ကျောင်းဒါယကာဖြစ်လျက် မဆီမဆိုင်သောအမှုကိစ္စများ ပြုလုပ်မိတတ်ကြသည်။ အုပ်ချုပ်သူအကြီးအကဲဖြစ်ပါလျက် အကြီးအကဲ၏ အမူအကျင့်မဟုတ်သော အမှားအယွင်းများ ပြုလုပ်မိတတ်ကြသည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးဖြစ်ပါလျက် ဝန်ကြီးနှင့်မအပ်စပ်သော ပြောမှား ဆိုမှား ပြုမှားမိတတ်ကြသည်။ စစ်ဗိုလ်ကြီးဖြစ်ပါလျက်လည်း မလျော်သောကိစ္စပြုမှားမိတတ်ကြသည်။ တရားသူကြီးဖြစ်ပါလျက် မတရားသူကြီးဖြစ်နေတတ်ကြသည်။ ဆရာဝန်ကြီးဖြစ်ပါလျက် ကရုဏာတရားမသိသူဖြစ်နေတတ်ကြသည်။ ရဲအရာရှိကြီးဖြစ်ပါလျက် ကျင့်ဝတ်တရားပျက်နေတတ်ကြသည်။ ကုန်သည်ကြီးဖြစ်ပါလျက်လည်း ဝိသမလောဘ မိစ္ဆာဇီဝဖြစ်နေတတ်ကြသည်။ ဤသို့လျှင် မိမိပြုလုပ်ခဲ့မိသော၊ မိမိပြုလုပ်နေသောအမှုကိစ္စများကို မိမိကိုယ်တိုင် ဝေဖန်ဆင်ခြင်ကာ အဖြေမှန်ပေါ်အောင် ထုတ်ရမည်။

ဤကမ္ဘာလောကရှိ လူသားတိုင်း ကိုယ်လုပ်သည့်အလုပ် ကိုယ်တိုင်အသိဆုံး ဖြစ်သည်။ ကိုယ့်အမှုကိစ္စကို ဖော်ကြည့်ပါ။ ကိုယ့်လုပ်ရပ်ကိုယ်တိုင် အမှန်ဖြေပါ။ စိတ်ထားမှန်၊ စိတ်ကောင်းရှိ ကျင့်ဝတ်တည့်မတ်သူဖြစ်ပါက အဖြေမှန် အဖြေ ကောင်းထွက်မည်။ သို့မဟုတ်ပါက အဖြေဆိုးထွက်ပေလိမ့်မည်။

**မိမိဘဝမှန်လုပ်ရပ်မှန်အဖြေထုတ်ပြီးနောက် အမှားအမှန် ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ပါ**

အထက်ဖော်ပြပါမေးခွန်းနှစ်ရပ်ဖြင့် မိမိကိုယ်ကိုမိမိ စစ်တမ်းထုတ်ပြီးသည့်နောက် မိမိ၏ ဘဝအမှန်၊ မိမိ၏ လုပ်ဆောင်ချက်အမှန်ကို အဖြေမှန်ထုတ်၍ ဤတတိယမေးခွန်းဖြစ်သော "ငါလုပ်တာမှန်ရဲ့လား"ဟူ၍ မေးခွန်းထုတ်ကာ မိမိ၏လုပ်ရပ်မှန်ကို မိမိဘာသာမိမိ မှားမှန်ခွဲခြားဝေဖန်ဆုံးဖြတ်ရပါမည်။ ကိုယ့်အမှား ကိုယ့်အမှန်ကို ကိုယ်ကိုယ်တိုင်သာလျှင် ဝေဖန်ခွဲခြားဆုံးဖြတ်နိုင်ပါသည်။ တစ်ပါးသူတို့ကား မိမိ၏အတွင်းစိတ်သဘောကို မသိနိုင်ကြပါ။ အများထွက်ဆိုချက်၊ ပြုမူချက်၊ ဘေးပန်းပြောဆိုကြသောအချက်ကို ထောက်၍ အမှား အမှန်အဖြေထုတ်ကြသည်။ ဤသည်ကား တိကျသော အဖြေမှန်မထွက်နိုင်ပါ။ စင်စစ်ကား ကိုယ့်လုပ်ရပ်ကို ကိုယ်သာလျှင် အသိဆုံး ဖြစ်၍ ကိုယ်ကိုယ်တိုင်ကသာ အတိအကျ အမှားအမှန်ကို ဆုံးဖြတ်နိုင်ပါသည်။

**ဆုတ်ရဲရမည်၊ ဖြတ်ရဲရမည်**

ဤဖော်ပြပါမေးခွန်းသုံးသွယ်ကို အဖြေမှန်သုံးချက်ထုတ်၍ မိမိ၏ လုပ်ဆောင်ချက်၊ ပြုမူချက်၊ ပြောဆိုချက်သည် အမှန်ဖြစ်က နောက်မဆုတ်ဘဲ ရှေ့သို့တိုးကာ ဆက်လက်လုပ်ဆောင်ပါ။ သို့တည်းမဟုတ် မှားပြီဆိုပါက နောက်သို့ ရဲရဲပြန်ဆုတ်ပါ။ ပြုပြင်ပါ။ ရှေ့ဆက်မတိုးပါနှင့်။ နောက်သို့ဆုတ်ပြီး ထိုအမှားကို ပြတ်ပြတ်သားသား ပယ်စွန့်ပစ်ပါလေ။

ဗုဒ္ဓဝင်၊ မဟာဝင်၊ သမိုင်းတွင်ကား၊ မေးခွန်းသုံးသွယ်အဖြေသုံးချက် ထုတ်၍ မိမိလုပ်ဆောင်ချက်သည် အမှန်ဖြစ်က နောက်သို့မဆုတ်၊ ရှေ့သို့သာ လျှင် ဆက်လက်လုပ်ဆောင်သော သာဓကကား ဝေဿန္တရာမင်းကြီးပေတည်း။

**မင်းဝေဿန်၏ ရှေ့သို့ချီတက်လုပ်ဆောင်ချက်ကား ဗုဒ္ဓဝင်၊ မဟာဝင်တွင် သမိုင်းတင်ခဲ့သည်**

ဝေဿန္တရာမင်းသည် တိုင်းပြည်က အားကိုးအားထားရသော နာဂပစ္စယ ဆင်ဖြူတော်ကို ကလိင်္ဂတိုင်းမှ အလှူခံပုဏ္ဏားတို့အား ပေးလှူလိုက်ခြင်းကြောင့် သိဝိတိုင်းသူပြည်သားတို့က အလွန်စိတ်ဆိုးကြလေသည်။ ထို့ကြောင့် ဝေဿန္တရာမင်းကို တိုင်းပြည်မှနှင်ထုတ်ပေးရန် ဆန္ဒပြတောင်းဆိုကြသည်။ ခမည်းတော်သိဝိမင်းကြီးသည် တိုင်းပြည်၏သဘောဆန္ဒကို မလွန်ဆန်သာသဖြင့် သားတော်ဝေဿန္တရာကို တိုင်းပြည်မှထွက်ရန် အမိန့်တော်ချမှတ်လေ၏။ တာဝန်ကျအမတ်နှင့် ရဲမက်တို့လည်းငိုယိုကာ အမိန့်တော်ကို ဖတ်ကြားပြန်ဆို လေသောအခါ၊ ဘုရားအလောင်းတော် ဝေဿန္တရာမင်းသည် ဤသို့လျှင် အမေးသုံးချက်၊ အဖြေသုံးချက် ထုတ်လေ၏။

**(၁) ငါဘယ်လိုလူလဲ**

ငါသည် အလှူရဲသော မင်းဝေဿန်ပဲဟု မိမိ၏ဘဝအမှန်ကို ဝေဖန်ဆင်ခြင်၍ ဖြေဆို၏။

**(၂) ငါဘာလုပ်မိခဲ့သလဲ**

ငါသည် တိုင်းပြည်ကအားကိုးအားထားသော ပစ္စယဆင်ဖြူတော်ကို ငါ့ပိုင် ငါ့ဥစ္စာထင်၍ လှူဒါန်းခဲ့လေပြီဟု မိမိလုပ်ဆောင်ချက်ကို စိတ်ဖြင့် အဖြေထုတ်လေသည်။

**(၃) ငါလုပ်တာ မှန်ကန်ပါရဲ့လား**

ငါလုပ်ဆောင်သော အလှူဒါနလုပ်ငန်းတို့သည် သဗ္ဗညုတဉာဏ်တော် ဗုဒ္ဓဆုတော်ကြီးကို ပြည့်စေနိုင်သော မှန်ကန်သော ပါရမီလုပ်ငန်းကြီးဖြစ်ပေသည် တကားဟု အဖြေမှန်ကို တွေ့ရှိလေ၏။

ထို့ကြောင့် ထိုမှန်ကန်သော ပါရမီဒါနလုပ်ငန်းကို ငါသည် ငါ၏အသက် ကိုပင် စွန့်ရသော်လည်း နောက်မဆုတ် ရှေ့သို့သာဆက်၍ လုပ်ဆောင်အံ့ဟု ရဲရဲဝံ့ဝံ့ဆုံးဖြတ်၍ ဤသို့လျှင် ကြုံးဝါးတော်မူလေသည်။

**ကာမံမံ သိဝယော သဗ္ဗေ၊ ပဗ္ဗာဇေန္တု ဟနန္တုဝါ။**

**နေဝ ဒါနာ ဝိရမိဿံ၊ ကာမံ ဆိန္ဒန္တု သတ္တဓာ။**

**သဗ္ဗေ**- အလုံးစုံသော၊ **သိဝယော**- သိဝတိုင်းသူပြည်သား လူအများ တို့သည်၊ **မံ**- ငါ့ကို၊ **ကာမံ**- စင်စစ်၊ **ပဗ္ဗာဇေန္တုဝါ**- တိုင်းပြည်က နှင်ထုတ်လို လျှင်လည်း နှင်ထုတ်ကြပါစေ။ **ဟနန္တုဝါ**- အသေသတ်လိုလျှင်လည်း သတ်ကြပါစေ။ **သတ္တဓာ**- ခုနစ်ပိုင်း၊ **ဆိန္ဒန္တုဝါ**- ဖြတ်လိုလျှင်လည်း ဖြတ်ကြပါစေ။ **ဧဝံတထာပိ**- ဤသို့လျှင် သတ်ချင်သလိုသတ်၊ ဖြတ်ချင်သလိုဖြတ်။ နှင်ထုတ်ချင်သလို နှင်ထုတ်ကြပါသော်လည်း၊ **အဟံ**-ငါသည်၊ **ဒါနာ**- အလှူပေးလှူခြင်းမှ **နဝိရမိဿံ**- နောက်ဆုတ်ရှောင်ကြဉ်လိမ့်မည်မဟုတ်။ **ဒါနံဒဿာ မိယေဝ**- နောက်သို့မဆုတ် ဒါနအလုပ်ကို ရှေ့တိုး၍သာ ဆက်လက်လုပ်မည်၊ လှူဒါန်းနေမည်သာတည်း။

**ဝေဿန္တရာမင်းမှန်ကန်သောအလုပ်**

**အသက်စွန့်ဆက်လက်လုပ်ဆောင်ပုံ**

ဤသည်ကား ဝေဿန္တရာမင်း အမေးသုံးချက်၊ အဖြေသုံးချက်ထုတ်၍ မှန်ကန်သော မိမိ၏အလုပ်ကို နောက်မဆုတ်ဘဲ အသက်စွန့်၍ ဆက်လက် လုပ်ဆောင်ပုံ ဖြစ်စဉ်ထုပ္ပတ်အကြောင်းရပ်များပင်တည်း။

**မိမိ၏ လုပ်ဆောင်ချက်အမှန်ကို အဖြေမှန်ထုတ်၍ ဤတတိယမေးခွန်းဖြစ်သော "ငါလုပ်တာ မှန်ရဲ့လား"ဟူ၍ မေးခွန်းထုတ်ကာ မိမိ၏လုပ်ရပ်မှန်ကို မိမိဘာသာမိမိ မှားမှန်ခွဲခြားဝေဖန် ဆုံးဖြတ်ရပါမည်။ ကိုယ့်အမှား ကိုယ့်အမှန်ကို ကိုယ်ကိုယ်တိုင်သာလျှင် ဝေဖန်ခွဲခြားဆုံးဖြတ်နိုင်ပါသည်။ တစ်ပါးသူတို့ကား မိမိ၏အတွင်းစိတ်သဘောကို မသိနိုင်ကြပါ။ အများထွက်ဆိုချက်၊ ပြုမူချက်၊ ဘေးပန်းပြောဆိုကြသောအချက်ကိုထောက်၍ အမှားအမှန်အဖြေထုတ်ကြသည်။ ဤသည်ကား တိကျသော အဖြေမှန်မထွက်နိုင်ပါ။ စင်စစ်ကား ကိုယ့်လုပ်ရပ်ကို ကိုယ်သာလျှင် အသိဆုံးဖြစ်၍ ကိုယ်ကိုယ်တိုင်ကသာ အတိအကျ အမှားအမှန်ကို ဆုံးဖြတ်နိုင်ပါသည်။**

**မေးခွန်းသုံးချက်၊ အဖြေသုံးချက်ထုတ်၍ နောက်ဆုတ်သော သူတော်ကောင်း သိဝိမင်း**

ပညာရှိသူတော်ကောင်းကြီးများ မိမိကိုယ်မိမိမေးခွန်းသုံးချက်ထုတ်၍ အမှားတွေ့သော် နောက်သို့ဆုတ်သော သူတော်ကောင်းကား ဘုရားအလောင်းတော် သိဝိမင်းကြီးတည်း။

ဥမ္မာဒန္တီကို တွေ့မြင်ပြီးနောက် စွဲလမ်းတမ်းတ အိပ်မပျော်စားမဝင် ဖြစ်နေလေ၏။ အဘိပါရကစစ်သူကြီး၏ မိဖုရားဖြစ်သည်ကို သိရသော်လည်း စွဲလမ်းမြဲ တမ်းတမ်းစွဲဖြစ်နေလေ၏။

၁။ ငါသည် တိုင်းသူပြည်သားအပေါင်းအားထားကိုးစားရာ ဘုရင် ဟူသော ဘဝကိုမေ့လေပြီ။

၂။ ငါသည် သူတစ်ပါး ဇနီးမယားအပေါ် စွဲလမ်းမှုကြီးပြုမိလေပြီ။

၃။ ထိုပြုမူချက်ကို အမှားအမှန်မသုံးသပ် မဆုံးဖြတ်နိုင်လောက်အောင် ဖြစ်မိလေပြီ။

အကယ်၍ သိဝိမင်းကြီးသည် "ငါ၏ စွဲလမ်းချက်သည် ပုထုဇဉ်လူသား အဖို့ အမှားဟုမဆိုသာ။ ငါသည် သက်ဦးဆံပိုင်ဘဝရှင်မင်းကြီးဖြစ်သည့် အားလျော်စွာ မည်သူ့ကိုမဆို သေစေရှင်စေပြုနိုင်သော အရှင်ဖြစ်၏။ သို့ပါ သော်လည်း လင်ရှိဇနီးမယား ဥမ္မာဒန္တီကို အဓမ္မသိမ်းပိုက်လုပ်ဆောင်မည် ဆိုပါက ငါ့အဖို့ အမှားကြီးမှားချိမ့်မည်သာဖြစ်သည်။"

အဘိပါရကစစ်သူကြီးကလည်း အမျိုးမျိုးတင်လျှောက်၍ မိမိ၏ ဇနီး မယား ဥမ္မာဒန္တီကို မင်းကြီးအားဆက်သသည်ရှိသော် မင်းကြီးလည်း သတိ တရားရသည်ထက် အရှက်ရတော်မူလေ၏။

(၁) ငါသည် အဘိပါရကစစ်သူကြီးကိုယ်တိုင် တရားဝင်ဆက်သခြင်းကို လက်ခံခဲ့ပြီး ဥမ္မာဒန္တီကို သိမ်းပိုက်ပါက ဥမ္မာဒန္တီသည် ငါ၏တရားဝင် မိဖုရားဟု မည်သူကမျှ ယုံကြည်ကြမည်မဟုတ်။ မတရားသိမ်းပိုက် သော လင်ရှိမယား မိဖုရားဟုသာ ဆိုကြချေမည်။

(၂) တိုင်းသူပြည်သားတို့ကလည်း ငါမယားလုမင်းဟု ကဲ့ရဲ့ကြလိမ့်မည်။

(၃) ငါသည် အနစ်နာခံသည့် ခေါင်းဆောင်ကောင်း၊ မင်းကောင်း မင်းမြတ်မဖြစ်။ အခွင့်ထူးခံ ခေါင်းဆောင်ညံ့၊ မင်းဆိုးမင်းယုတ်သာ ဖြစ်လိမ့်မည်။

(၄) စစ်သူကြီးသည် ငါ၏အမှုတော်ကို ကျေပွန်စွာ ထမ်းရွက်သဖြင့် ငါ၏ အဆွေခင်ပွန်းကောင်းဖြစ်သည်။ ယင်းသို့ဖြစ်ပါလျက် ငါသည် သူ၏ ကျေးဇူးကိုမျှမထောက်၊ ကျေးဇူးကန်းသော သူယုတ်မာသာ ဖြစ်ပေတော့မည်။

(၅) မိမိ၏ ကျေးကျွန်စစ်သူကြီး၏မယားကို သိမ်းပိုက်သူမင်းမိုက်အဖြစ် ရာဇဝင်တွင်ရစ်ပေတော့မည်။ ဤသို့လျှင် သိဝိမင်းကြီးသည် မီးခိုး မဆုံး မိုးမဆုံး ဆင်ခြင်သုံးသပ်တော်မူသည်။

(၁) **ငါဘယ်လိုလူစားလဲ။**

ငါသည် တိုင်းသူပြည်သားအားထားရာ မင်းဖြစ်သည်။

(၂) **ငါဘာလုပ်မိနေသလဲ။**

ငါသူတစ်ပါးမယားကို တပ်မက်လိုချင် နေသည်။

(၃) **ငါ၏ တပ်မက်လိုချင်မှုသည် မှန်ကန်ပါရဲ့လား။**

မမှန်ပါတကား။ အမှားကြီးမှားနေသည်တကား။

ဤသို့ မေးခွန်းသုံးချက်၊ အဖြေသုံးချက်ထုတ်၍မိမိ၏အမှားကိုပြင်ပြီး သိဝိမင်းသည် ဥမ္မာဒန္တီကို မိမိအား ပိုင်ရှင်လင်က ဆက်သသည်ကို ပစ်ပယ် တော်မူ၍ တည်တံ့ဖြောင့်မတ်မှန်ကန်စွာ မင်းတို့ကျင့်ဆောင်ရာသော မင်းကျင့် တရားအတိုင်း ကျင့်သုံးတော်မူလေ၏။

**သိဝိမင်း၏ မှတ်သားဖွယ် ဆင်ခြင်သုံးသပ်စကားရပ်များ**

(၁) ရှေ့ဆောင်နွားလား၊ အကောက်သွားသော်
နောက်နွားတစ်သိုက်၊ အကောက်လိုက်၏။

(၂) ရှေ့ဆောင်နွားလား၊ အဖြောင့်သွားသော်
နောက်နွားတစ်သိုက် အဖြောင့်လိုက်၏။

(၃) မင်းတို့တရား ပျက်ကွက်ငြားမူ
အများနောက်ဆက် တရားပျက်၏။

(၄) မင်းတို့တရား တည့်မတ်ငြားမူ
အများအသင့် တရားကျင့်၏။

**မှားသော်နောက်ဆုတ် မှန်သော်ဆက်လုပ်**

**ပညာရှိစံထုံး ကျင့်သုံးနိုင်ကြပါစေ**

ဤကား မိမိကိုယ်မိမိ မေးခွန်းသုံးချက်၊ အဖြေသုံးချက်ထုတ် သုံးသပ် ဆင်ခြင်၍ အမှားကို စွန့်ပယ်ကြပုံတည်း။

ဤစာရှုသူအပေါင်း သူတော်ကောင်းတို့ ဤဥပဒေသနည်းလမ်းအတိုင်း မိမိကိုယ်မိမိ မေးခွန်းထုတ်၍ အဖြေမှန်ရှာကာ "မှားသော်နောက်ဆုတ်၊ မှန်သော်ဆက်လုပ်"ဟူသော ပညာရှိတို့၏ စံထုံးများကို ကျင့်သုံးဆောက် တည်နိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါသည်။

**"ကိုယ်ကျင့်သိက္ခာကောင်းမှ အရာရာအောင်မြင်နိုင်မည်"**

စာကိုး

၁။ ပါဠိပိဋကတ်၊ ဇာတကဝတ္ထု၊ ဇာတကအဋ္ဌကထာ။

၂။ ငါးရာ့ငါးဆယ်ဝတ္ထု၊ ညောင်ကန်ဆရာတော်ကြီး။

၃။ မဟာသုတဒီပနီကျမ်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ အရှေ့လယ်တီကျောင်း၊ မုံရွာမြို့။